# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သံသရာ**

ကြောင့်ကြစိုးရိမ်မှုရှိသောသူမှာ အိပ်မရသဖြင့် ညတာရှည်လျား၊ ခရီးပန်းသူမှာ တစ်ယူဇနာမျှသော ခရီးသည် ရှည်လျား၊ သူတော်ကောင်းတရားကို မသိသော လူမိုက်အဖို့ သံသရာရှည်လျား၊ သံသရာမှ လွတ်မြောက်ကြောင်း လမ်းစကို မတွေ့ရသဖြင့် သံသရာထဲတွင် တဝဲလည်လည်ကျင်လည်၏။ သူတော်ကောင်းတရားသိသော ပညာရှိတို့အဖို့မှာကား သံသရာသည် တိုတောင်း၏။ **ဗာလဝဂ် (ဓမ္မပဒ-၆၀)**


၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ ၂၉ ရက်၊ စနေနေ့ အတွဲ (၅၈)၊ အမှတ်(၀၉၀)


# ဒုတိယသမ္မတ ဦးမြင့်ဆွေ (၁၉)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား




ဒုတိယသမ္မတ ဦးမြင့်ဆွေ (၁၉)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

(၁၉)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန - ၂ ( MICC-II )၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဦးအုန်းဝင်း၊ ဦးခင်မောင်ချို၊ ဒေါက်တာမြင့်ထွေး၊ ဒေါက်တာဝင်းမြတ်အေးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးလှကျော်နှင့် ဒေါက်တာဒေါ်မြလေးစိန်၊ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာစံရွှေဝင်း၊ အမျိုးသားလွှတ်တော်


*စာမျက်နှာ ၃ ကော်လံ ၁* ❄


**ထာဝရငြိမ်းချမ်းသာယာဝပြောသော ဒီမိုကရေစီဖက်ဒရယ်နိုင်ငံတော်သစ်ကြီးဆီသို့ . . .**

လွတ်လပ်ရေးနေ့ ကြိုဆိုဂုဏ်ပြုဆောင်းပါး စာ » ၆

**ဒီလိုပွဲမျိုး ခဏခဏလုပ်ပေးရင် ကလေးတွေအတွက် စာဖတ်ရှိန် မြင့်လာမယ်၊ နိုင်ငံ့ခေါင်းဆောင်လေးတွေဖြစ်လာတဲ့အခါ ဆုံးဖြတ်တတ်တာ၊ ဆင်ခြင်တတ်တာတွေ နားလည်လာမယ်**

တွေ့ဆုံမေးမြန်း စာ » ၈

**အသံထက် အဆ ၂၀ ပိုမြန်သည့် ဒုံးကျည်များ ဖြန့်ကြက်ချထားရန် အသင့်ရှိကြောင်း ရုရှားသမ္မတပြောကြား**

နိုင်ငံတကာသတင်း စာ » ၁၄




မြန်မာ့အလင်း

# နိုင်ငံရေးစားပွဲဝိုင်းများနှင့် လွတ်လပ်ရေး

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးရခါနီး နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲ နောက်ဆုံးအချိန်များဟာ တော်လှန်ရေးတိုက်ပွဲဝင် ရဲဘော်ရဲဘက်များအကြား ဆုံးဖြတ်စရာများ၊ အငြင်းပွားစရာများအစုံစုံဖြင့် ရွေးချယ်စရာ လမ်းဆုံလမ်းခွများနှင့် ကြုံကြရသည်။

လွန်ခဲ့သော အနှစ် ခုနစ်ဆယ်ကျော်ကာလ။

ဝင်ရိုးတန်းနိုင်ငံများဖြစ်သော ဂျာမနီ၊ အီတလီနှင့် ဂျပန်တို့ကို မဟာမိတ်တို့က နိုင်ခဲ့သည့် ကမ္ဘာ့အခြေအနေတွင်းကာလ။ မြန်မာနိုင်ငံမှာလည်း မဟာမိတ်တို့နှင့် ပူးပေါင်းကာ ဂျပန်တို့ကို တိုက်ထုတ်ခဲ့သည့် ဖက်ဆစ်တော်လှန်ရေးကို နိုင်ခဲ့ပြီ။

ဗြိတိသျှနယ်ချဲ့တို့နှင့် လွတ်လပ်ရေးကိစ္စက ရေရေရာရာ မဖြစ်သေး။ သို့သော်လည်း လက်တွေ့အားဖြင့်မူ ကမ္ဘာ့နိုင်ငံရေး ရေစီးကြောင်းက ကိုလိုနီနိုင်ငံများကို လွတ်လပ်ရေးပေးမှ ရတော့မည်ဆိုသည်ကို ဗြိတိသျှတို့က နားလည်ပြီးဖြစ်နေပြီ။ အင်္ဂလိပ်ပါလီမန်ထဲတွင် ၎င်းတို့၏ လက်အောက်ခံ ကိုလိုနီနိုင်ငံများကို မည်သို့လွတ်လပ်ရေးပေးရမည်ဆိုသည်ကို ဆွေးနွေးနေရပြီ။ လွတ်လပ်ရေး မပေးချင်ကြသည့် နိုင်ငံရေးခေါင်းဆောင်များရှိသော်လည်း လွတ်လပ်ရေးပေးမှဖြစ်တော့မည်ဆိုတာကို နားလည်သော နိုင်ငံရေးခေါင်းဆောင်များက အသာစီးရနေသည့်အချိန်။ သို့သော်လည်း လွတ်လပ်ရေးကို ပေးကိုပေးမည် ဟူ၍တော့ မဖြစ်သေး။

သည်လို အခြေအနေက ဗြိတိသျှနိုင်ငံတွင်းမှာ ဖြစ်နေသကဲ့သို့ မြန်မာနိုင်ငံတွင်းမှာလည်း ဓနသဟာယနိုင်ငံအဖြစ် ဆက်လက်နေမည်လော၊ လုံးဝလွတ်လပ်ရေး ရယူကြမည်လောဟူသည့် သဘောထားကိုလည်း ဆွေးနွေးနေကြသည့်အချိန်။

ဗိုလ်ချုပ်အောင်ဆန်းတို့ကို လန်ဒန်ဆွေးနွေးပွဲအတွက် ဖိတ်ခေါ်ထားပြီးဖြစ်သည်။ လွတ်လပ်ရေးအတွက် ဆွေးနွေးကြမည်။ စစ်တိုက်စရာမလိုတော့ဘဲ စားပွဲဝိုင်းပေါ်မှာ ပြောဆိုဆွေးနွေး ညှိနှိုင်းကြပြီး လွတ်လပ်ရေးရယူနိုင်တော့မည်လား ဆိုသည့်အချိန်။

နိုင်ငံရေးအခြေအနေက ဗြိတိသျှတို့အနေဖြင့် ဖက်ဆစ်တော်လှန်ရေးတွင် ပါဝင်တိုက်ပွဲဝင်ခဲ့သည့်မြန်မာနိုင်ငံကို အသိအမှတ်ပြုရန် ရှိသလို ကမ္ဘာ့နိုင်ငံရေးအရ လွတ်လပ်ရေးပေးရမည်ကဲ့သို့ ရှိသည်ဆိုသော်လည်း မြန်မာနိုင်ငံသားတို့အတွက်မူ မည်သည်ကမှ သေချာသည် မဟုတ်သေး။ ကာယကံရှင်များက ဘာကိုမှ လွယ်လွယ်ရလိမ့်မည်ဟုတော့ ယတိပြတ် သဘောမထားနိုင်သေး။

နယ်ချဲ့အရင်းရှင်စနစ်ကို ဆုပ်ကိုင်ထားသော အင်အားကြီးနိုင်ငံတစ်ခုက မြန်မာနိုင်ငံကို အလွယ်တကူ လက်လျှော့ကာ လွတ်လပ်ရေးပေးပါမည်တဲ့လား၊ လွတ်လပ်ရေး ပေးသည်ဆိုသော်လည်း နိုင်ငံတွင်းက အရေးပါသော သယံဇာတများနှင့် စီးပွားရေးလွတ်လပ်ခွင့်တို့ကို ဆက်လက်ချုပ်ကိုင်ထားလေမည်လား အစရှိသည့် ဆွေးနွေးစရာများ အငြင်းပွားစရာများက နိုင်ငံရေးခေါင်းဆောင်များကြားတွင် ခေါင်းစဉ်အမျိုးမျိုးနှင့် ရှိနေကြသည်။

ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် သည်ပင်လျှင် ‘လမ်းဆုံလမ်းခွရောက်နေသည့် မြန်မာပြည် ဘယ်လမ်းလိုက်မည်မသိ။ လုံးဝ လွတ်လပ်ရေးကို တစ်နည်းနည်းနဲ့ ရအောင်ယူမည်ဟု ကြေညာပြီး ကျုပ်တို့ဟာ လုံးဝလွတ်လပ်ရေးကို အေးအေးချမ်းချမ်းနှင့် ရအောင်ကြိုးစားနေကြတယ်၊ လန်ဒန်ဆွေးနွေးပွဲမှာ မပြီးပြတ်ရင် ရှေ့အဖို့ ကျုပ်တို့ ဘာဖြစ်မယ်ဆိုတာ မပြောနိုင်သေးဘူး’ ဟူ၍ လန်ဒန်အသွား ပြောဆိုခဲ့ဖူးသည်။ အေးအေးချမ်းချမ်းနည်းနဲ့ မရရင်တော့ လွတ်လပ်ရေးကို မရရအောင် လုပ်ရလိမ့်မည်ဟုလည်း သန္နိဋ္ဌာန်ချထားပြီးဖြစ်ကြောင်း ပြော၏။

သည်လိုနှင့် လွတ်လပ်ရေးဆွေးနွေးမှုကို ဆက်လက်ညှိနှိုင်းပြီး လွတ်လပ်ရေးအတွက် အတော်ပင် သေချာသွားသည့် အောင်ဆန်း-အက်တလီစာချုပ် ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်။

လွတ်လပ်ရေးတိုက်ပွဲဝင် ခေါင်းဆောင်များသည် နိုင်ငံရေးနည်းလမ်းကို အသေအချာဆုပ်ကိုင်ပြီး လိုအပ်ပါက တစ်ပြည်လုံး ပုန်ကန်ထကြွရန်လည်း ပြင်ဆင်ခဲ့ကြသည်။ သည်လိုနှင့် မြန်မာနိုင်ငံ လွတ်လပ်ရေးရခဲ့သည်မှာ အနှစ်ခုနစ်ဆယ်ကျော်ခဲ့ပါပြီ။

နယ်ချဲ့အရင်းရှင်စနစ်ကြီးနှင့် ရင်ဆိုင်ယှဉ်ပြိုင်ခဲ့ကြရာတွင်ပင် နိုင်ငံရေးအရ ဆွေးနွေးညှိနှိုင်းနိုင်ခဲ့ကြသည်။ တိုင်းရင်းသားညီနောင်များကြားတွင် စစ်ရေးနည်းသက်သက်ကိုသာ အားကိုးကြခြင်း မဟုတ်ဘဲ နိုင်ငံရေးအရ ဆွေးနွေးညှိနှိုင်းရင်း အဖြေရှာနိုင်ကြမည်ဟူသော ယုံကြည်စိတ်ဖြင့် ပြည်တွင်းငြိမ်းချမ်းရေးပန်းတိုင်သို့ ချီတက်နိုင်ကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ပါသည်။ ။

## ၂၀၁၉ ခုနှစ်၊ (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး “စုပေါင်းအင်အား” ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်လျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) နိုင်ငံသူ၊ နိုင်ငံသားများ၏ ကျန်းမာရေးနှင့် အကျင့်စာရိတ္တကို ထိခိုက်ပျက်ပြားစေသည့် မူးယစ်ဆေးဝါးသုံးစွဲမှုများကို ထိရောက်စွာ တားဆီးကာကွယ်ရေး။

(၄) တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စဉ်ဆက်မပြတ် အလေးထားဆောင်ရွက်ရေး။

(၅) ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ ကြိုးပမ်းဆောင်ရွက်ချက်များကို ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးရေး။

## မအူပင်ခရိုင် ကလေးစာပေပွဲတော်ကျင်းပနိုင်ရေး ပြင်ဆင်ထားမှုများ တာဝန်ရှိသူများ ကြည့်ရှု

ညောင်တုန်း ဒီဇင်ဘာ ၂၈

မအူပင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော် ကြိုတင်ပြင်ဆင်ထားရှိမှုများကို ယနေ့နံနက်က တာဝန်ရှိသူများက လာရောက် ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ကလေးစာပေပွဲတော် ကြိုတင်ပြင်ဆင်ထားရှိမှုများကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မြင့်သိန်းနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုရာတွင် ဧရာဝတီတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မာလာဝင်းနှင့် ခရိုင်ဦးစီးအရာရှိ ဒေါ်တင်သူဇာလှိုင် တို့က ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ကလေးစာပေပွဲတော်ကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်သော ပေါင်းစပ်ညှိနှိုင်းမှုများကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါကလေးစာပွဲတော်တွင် လေ့လာသင်ကြား အင်္ဂလိပ်စာ၊ ထူးချွန်ထင်ရှားပုဂ္ဂိုလ်များ (မအူပင်ခရိုင်)၊ ကလေးစာပေပြပွဲနှင့် ကလေးစာဖတ်ခန်း၊ အရုပ်ဆက်နှင့် စကားပုံဆက်၊ အိမ်ဆောက်ကစားနည်း၊ စားပွဲတင် တင်းနစ်ပြိုင်ပွဲ၊ ဂိမ်းကစားနည်းများ၊ ပုံပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ စာပေဟောပြောပွဲ၊ အားကစားပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး ဒီဇင်ဘာ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် မအူပင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ကလေးစာပေပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး မည်သူမဆို လွတ်လပ်စွာ ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ရေကြီးရေလျှံမှုနှင့် စွန့်ပစ်အမှိုက်စီမံခန့်ခွဲခြင်း အလုပ်ရုံဆွေးနွေးပွဲ ပုသိမ်မြို့၌ ပြုလုပ်

ပုသိမ် ဒီဇင်ဘာ ၂၈

VNG လူမှုအဖွဲ့နှင့် စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်းပြီး ပုသိမ်မြို့ ရေကြီးရေလျှံကိစ္စရပ်များနှင့် စွန့်ပစ်အမှိုက်စီမံခန့်ခွဲခြင်းကိစ္စရပ်များအား ရေရှည်ပြေးစီမံကိန်းဆောင်ရွက်ရန်အတွက် ရပ်ကွက်ရွေးချယ်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ပုသိမ်မြို့ စွမ်းဟိုတယ်ခန်းမ၌ ဒီဇင်ဘာ ၂၈ ရက်က ပြုလုပ်သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဒုတိယအင်ဂျင်နီယာမှူးကြီး ဒေါ်ကေသီမိုးက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး VNG လူမှုအဖွဲ့အစည်းမှ စီမံချက်ညှိနှိုင်းရေးမှူး နော်ထီးခူဖော့မှ ပုသိမ်မြို့တွင်ဆောင်ရွက်မည့် ၂၀၁၉ ခုနှစ် အားလုံးပါဝင်မှုဖြင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေး အုပ်ချုပ်မှုစနစ်ဖော်ဆောင်မှု (DEALS) ရှေ့ပြေးစီမံကိန်း ဆောင်ရွက်ရန်အတွက် ရပ်ကွက်ရွေးချယ်ခြင်းလုပ်ငန်းစီမံချက်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ပုသိမ်မြို့တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ၂၀၁၉ ခုနှစ် DEALS လုပ်ငန်းစီမံချက်မှာ ရှေ့ပြေးစမ်းသပ်စီမံချက်အဖြစ် ပုသိမ်မြို့ရှိ ရပ်ကွက်နှစ်ခု၌ နည်းပညာများပံ့ပိုးပေးခြင်း၊ အားလုံးပူးပေါင်းပါဝင်မှုဆိုင်ရာ သင်တန်းပေးခြင်း၊ ရေနှင့်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ ကျားမတန်းတူ ပူးပေါင်းပါဝင်ရေး ရွေးချယ်ထားသော စမ်းသပ်ရပ်ကွက်နှစ်ခုကို ပူးပေါင်းပါဝင်လာစေရန် ဆွေးနွေးပွဲပြုလုပ်ခြင်း၊ လေ့လာသင်ယူခြင်းနှင့် အတွေ့အကြုံဖလှယ်ခြင်း၊ လေ့လာရေးခရီးသွားရောက် လေ့လာခြင်းတို့ကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် စွန့်ပစ်အမှိုက်နှင့် ရေလွှမ်းမှုကိစ္စရပ်များဖြေရှင်းခြင်း၊ ရပ်ကွက်နှစ်ခုတွင် တရားမဝင်ကျူးကျော်နေထိုင်သူများ၏ အနေအထားတိုးတက်လာစေခြင်းနှင့် အားလုံးပူးပေါင်းပါဝင်လာစေရန် သင်တန်းများပေးခြင်း၊ ရှေ့ပြေးစမ်းသပ်လုပ်ငန်းစီမံချက် လမ်းညွှန်ပံ့ကိုင်သူများကို သင်တန်းများပေးခြင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရပ်ရွာအထောက်အကူပြုအဖွဲ့များအား စွန့်ပစ်အမှိုက်စီမံခန့်ခွဲခြင်းနှင့် လူထုအသိအမြင်ဖွင့် လုပ်ငန်းခွင်လက်တွေ့နည်းပြသင်တန်းများ၊ ဌာနဆိုင်ရာအချင်းချင်း အပြည့်အဝပူးပေါင်းဆောင်ရွက်နိုင်ရန် စကားဝိုင်းဆွေးနွေးပွဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **၁၂၆**

## ဓမ္မစကူးစုံညီပွဲတော် ကျင်းပ

ကောလင်း ဒီဇင်ဘာ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်လုံးဆိုင်ရာ ၅ နှစ်ပြည့် ဓမ္မစကူးစုံညီပွဲတော်ကို ယမန်နေ့က အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း ကျင်းပသည်။ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ပူဇော်၍ ဖွင့်လှစ်ပြီး မွန်းလွဲ ၂ နာရီတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက မြို့နယ်ကျောင်း ၇၂ ကျောင်းမှ သံဃာတော်များကို ဆွမ်းဆန်စိမ်း လောင်းလှူကြပြီး ဓမ္မစကူးဈေးရောင်းပွဲတော်ကို ငါးရက်တိုင်တိုင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## (၇၁)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့် စာအုပ်ပြပွဲ ကျင်းပ

ပခုက္ကူ ဒီဇင်ဘာ ၂၈

ပခုက္ကူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ အခြေခံပညာအလယ်တန်းအဆင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့် စာအုပ်ပြပွဲကို ယမန်နေ့က ပခုက္ကူခရိုင် ပြန်/ဆက်ရုံး၌ ကျင်းပသည်။

ဉာဏ်စမ်းပဟေဠိပြိုင်ပွဲသို့ ပခုက္ကူမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် လေ့ကျင့်ရေးအလယ်တန်းကျောင်းတို့မှ ကျောင်းသား ကျောင်းသူ ၃၂ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။



လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ယှဉ်ပြိုင်နေသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။

ထို့နောက် ဆုရကျောင်းသားကျောင်းသူများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဆောင်၊ ခရိုင်ပြန်/ဆက်ဦးစီးမှူး ဦးဇော်ဌေးအောင်၊ ပခုက္ကူမြို့ အောင်မြင့်မိုရ် ဆန်ပွဲရုံနှင့် မိုဘိုင်းဖုန်းကုမ္ပဏီ ဒါရိုက်တာ ဦးအောင်သန်း၊ Book Club အသင်းဥက္ကဋ္ဌ စာရေးဆရာမ စိမ်းမြမြနှင့် ခရိုင်ပြန်/ဆက်ရုံး ဒုတိယဦးစီးမှူး ဒေါ်ဝင်းမေတို့က ဆုများပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ပြိုင်ပွဲအတွက် ဆုချီးမြှင့်ငွေများကို အောင်မြင့်မိုရ် ဆန်ပွဲရုံနှင့် မိုဘိုင်းဖုန်းကုမ္ပဏီက ကူညီပံ့ပိုးပြီး ပထမဆု ကျပ်သုံးသောင်း၊ ဒုတိယဆု ကျပ်နှစ်သောင်း၊ တတိယဆု ကျပ်တစ်သောင်းနှင့် အထူးဆုများကို ကျပ်ငါးသောင်းစီ ပေးအပ်ချီးမြှင့်သည်။

အလားတူ ခရိုင်ပြန်/ဆက်ရုံး စာကြည့်တိုက်ခန်းမတွင် လွတ်လပ်ရေးနေ့အထိမ်းအမှတ်စာအုပ်ပြပွဲကို ပြသရာ ဌာနဆိုင်ရာများနှင့် ကျောင်းသားကျောင်းသူများက ကြည့်ရှုကြကြောင်း သိရသည်။ **ကိုဇော်(ဓာတု)**

❊ ရှေ့ဖုံးမှ

ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီဥက္ကဋ္ဌ ဒေါက်တာ ဇော်လင်းထွဋ်၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းရင်းဆေးကောင်စီဝင်များ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းမှ ပုဂ္ဂိုလ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ တိုင်းရင်းဆေးဝါး ထုတ်လုပ်သူ လုပ်ငန်းရှင်များ၊ အထူးဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ကျန်းမာရေးပိုမိုစောင့်ရှောက်

အခမ်းအနားတွင် ဒုတိယသမ္မတက မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို ၂၀၀၀ ပြည့်နှစ်ကစတင်ပြီး နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် (၁၉)ကြိမ်မြောက်ရှိပြီ ဖြစ်ပါကြောင်း၊ ယခု ညီလာခံကို တိုင်းရင်းဆေးလောက ဘက်စုံအဆင့်အတန်းမြင့်မားရေးနှင့် မြန်မာ့တိုင်းရင်းဆေးပညာ အရည်အသွေးတိုးတက်ရေး၊ တိုင်းရင်းဆေးဆရာများ၏ ကျင့်ဝတ်သိက္ခာမြင့်မားရေး၊ မြန်မာ့တိုင်းရင်းဆေးပညာနှင့် ပြည်သူများ၏ ကျန်းမာရေးကို ပိုမိုစောင့်ရှောက်မှုပေးနိုင်ရေး၊ မြန်မာ့တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းဆေးဝါးများ ပိုမိုကောင်းမွန်လာစေရေးဆိုသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ပါကြောင်း။

မြန်မာ့တိုင်းရင်းဆေးပညာရပ်များသည် သမိုင်းအထောက်အထားများအရ မြန်မာနိုင်ငံ၏ သမိုင်းအစဟု ဆိုရမည့် တကောင်း၊ သရေခေတ္တရာ၊ ပုဂံမြို့ပြနိုင်ငံများ၏ ခေတ်ကာလများကတည်းက ရှိခဲ့သည်ကို တွေ့ရပါကြောင်း။

### ရိုးရာဆေးပညာရပ်တစ်ခု

မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် တိုင်းရင်းဆေးသမားတော်ကြီးများ၊ မှူးမတ်ပညာရှိကြီးများနှင့် ကျမ်းပြုသုတေသီရဟန်းပညာရှင်များ၏ ပြုစုပျိုးထောင်ပေးခဲ့မှု အကျိုးကျေးဇူးများကြောင့် ယနေ့ထက်တိုင် တစ်မျိုးသားလုံး ဂုဏ်ယူလေးစားအားထားရသည့် ရိုးရာဆေးပညာရပ်တစ်ခုအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်နေနိုင်ခြင်း ဖြစ်ပါကြောင်း။

ယခုကဲ့သို့ ကောင်းမြတ်သည့်ဂုဏ်များနှင့် ပြည့်စုံသည့် မြန်မာ့တိုင်းရင်းဆေးပညာရပ်ကို ရိုးရာယဉ်ကျေးမှုအမွေအနှစ်ပညာရပ်တစ်ခုအဖြစ်နှင့်သော်လည်းကောင်း၊ ခေတ်အဆက်ဆက်တွင် အစွမ်းထက်သည့် ရိုးရာဆေးပညာရပ်တစ်ခုအဖြစ်နှင့်သော်လည်းကောင်း ထိန်းသိမ်းစောင့်ရှောက်ရင်း အစွမ်းထက်တိုင်းရင်းဆေးဝါးများ ဖြစ်ပေါ်လာစေရန်နှင့် ခေတ်နှင့်လျော်ညီစွာ ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့အောင်မြင်စေရန်အတွက် နိုင်ငံတော်အစိုးရကလည်း အားပေးမြှင့်တင်လျက်ရှိသကဲ့သို့ တိုင်းရင်းဆေးသမားတော်ကြီးများ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ အားလုံးက ဝိုင်းဝန်းကြိုးစား ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

### အစဉ်အလာကောင်းများ

နိုင်ငံတော်အတွင်း နယ်မြေဒေသအသီးသီးတွင် ပျံ့နှံ့ရောက်ရှိနေသည့် တိုင်းရင်းဆေးသမားတော်ကြီးများ၊ ဒေသအလိုက် သမားစဉ်အလိုက် အသင်းအဖွဲ့အလိုက် ပြန့်ကျဲတည်ရှိနေသည့် ဆေးပညာရပ်အသွယ်သွယ်၊ ကုထုံးကုနည်းအမျိုးမျိုး၊ အစွမ်းထက်သည့် ဆေးဝါးအဖုံဖုံများနှင့် တိမ်မြုပ်ပျောက်ကွယ်နေသည့် ဆေးပညာရပ်ဆိုင်ရာ ပေပုရပိုက်နှင့် ဆေးကျမ်းများကို ပြန်လည်ဖော်ထုတ်စုစည်းနိုင်စေရန် နိုင်ငံတော်အစိုးရက အားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံ



ဒုတိယသမ္မတ ဦးမြင့်ဆွေ (၁၉)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် တိုင်းရင်းဆေးဝါးပြခန်းများကို ကြည့်ရှုစဉ်။ သတင်းစဉ်

တော်အဆင့် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲများကို နှစ်စဉ်မပျက်ကျင်းပပြီး အနယ်နယ်အရပ်ရပ်မှ တိုင်းရင်းဆေးသမားတော်ကြီးများကို နှစ်စဉ်စုစည်းတွေ့ဆုံကာ တိုင်းရင်းဆေးပညာများ နှီးနှောဖလှယ်ကြသည့် အစဉ်အလာကောင်းများသည် ယနေ့အထိ ခိုင်ခိုင်မြဲမြဲ ဖြစ်ထွန်းလာခဲ့ခြင်း ဖြစ်ပါကြောင်း။

### မူဝါဒများကိုလည်း လိုက်နာကျင့်သုံး

တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ရည်မှန်းချက်များဖြစ်သည့် လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေး၊ လူတိုင်းရောဂါဘယကင်းရှင်းရေးတို့အပြင် ကျေးလက်ဒေသအဆင့်အထိ ကျန်းမာရေးအသိပညာပေးခြင်း၊ ရောဂါကာကွယ်တားဆီးရေးနှင့် ရောဂါဖြစ်ပွားလျှင် ထိရောက်စွာ ကုသမှုပေးခြင်း စသည့် မူဝါဒများကိုလည်း လိုက်နာကျင့်သုံးလျက်ရှိပါကြောင်း၊ ထို့ပြင် ပြည်သူလူထု၏ ကျန်းမာရေးကို တိုင်းရင်းဆေးဖြင့် စောင့်ရှောက်မှုပေးခြင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ၂၀၀၁ ခုနှစ်ကစပြီး တိုင်းရင်းဆေးတက္ကသိုလ်ဖွင့်လှစ်ကာ အရည်အချင်းပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များကို မွေးထုတ်ပေးခြင်း၊ တိုင်းရင်းဆေးတက္ကသိုလ်တွင် သင်ကြားပေးလျက်ရှိသည့် သင်ရိုးညွှန်းတမ်းများကို ခေတ်နှင့်လျော်ညီစွာ ပြန်လည်ရေးဆွဲခြင်း၊ တိုင်းရင်းဆေးကောင်စီ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့များနှင့် ပူးပေါင်းကာ မြန်မာတိုင်းရင်းဆေးကဏ္ဍ တိုးတက်မြင့်မားလာအောင် ဆောင်ရွက်ခြင်းတို့ကို အကောင်အထည်ဖော်လျက်ရှိပါကြောင်း။

### အမျိုးသားရေးအမွေအနှစ်အဖြစ် ထိန်းသိမ်း

တိုင်းရင်းဆေးပညာကုသမှုစနစ်များ၊ သုတေသနဆိုင်ရာများနှင့် တိုင်းရင်းဆေးပညာများ ဖွံ့ဖြိုးတိုးတက်လာစေရန် မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများနှင့် ပူးပေါင်းပါဝင်ပြီး ASEAN Task Force on Traditional Medicine (ATFTM) ကို ဆောင်ရွက်လျက်ရှိသကဲ့သို့ BIMSTEC နှင့် မဲခေါင်ဒေသတွင်းနိုင်ငံများမှ တိုင်းရင်းဆေးအဖွဲ့တို့နှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းရင်းဆေးဝါးများ စံချိန်စံညွှန်းသတ်မှတ်ရေးနှင့် မှတ်ပုံတင်ရေး လုပ်ထုံးလုပ်နည်းများကိုလည်း အာဆီယံနိုင်ငံများနှင့် ပူးပေါင်းပါဝင်ကာ ASEAN Traditional Medicine Health Suppliment Product Working Group ( TMHS PWG ) အနေဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဂျပန်၊ တရုတ်၊ အိန္ဒိယ၊ ကိုရီးယား စသည့် နိုင်ငံများနှင့်လည်း တိုင်းရင်းဆေးနှင့် နှီးနွှယ်သော ကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် နယကြီး (၄)ပါးကို အခြေခံသည့် မြန်မာ့တိုင်းရင်းဆေးပညာ ကုထုံးနည်းစနစ်များကို အမျိုးသားရေးအမွေအနှစ်အဖြစ် ထိန်းသိမ်းစောင့်ရှောက်ပြီး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နိုင်ရန် အသိဉာဏ်မူပိုင်ခွင့်ကိစ္စများအတွက် Intellectual Property Right ( IPR ) ဌာနနှင့်လည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

သမိုင်းအစဉ်အဆက် ပေါ်ထွန်းလာခဲ့သည့် အစွမ်းအာနိသင်ထက်မြက်သည့် မြန်မာ့တိုင်းရင်းဆေးပညာရပ်များကို နောင်လာနောက်သားများအား လက်ဆင့်ကမ်းအမွေပေးနိုင်ရေးအတွက် မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများက စေတနာ၊ ပညာ၊ ဝါယမ အားစိုက်မှုများဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြပါရန်လည်း မေတ္တာရပ်ခံတိုက်တွန်းလိုပါကြောင်း။

### တိုင်းရင်းဆေးသုတေသနလုပ်ငန်းများတိုးမြှင့်

မြန်မာ့တိုင်းရင်းဆေးသမားတော်များအားလုံး ညီလာခံကြီးတွင် ညီညီညွတ်ညွတ်နှင့် လက်တွဲပူးပေါင်းပြီး နှီးနှောဖလှယ်ပွဲ၏ ရည်ရွယ်ချက်များဖြစ်သည့် "ပြည်တွင်းတွင် ထုတ်လုပ်သည့် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးကဏ္ဍနှင့် တိုင်းရင်းဆေးဝါးများ ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ရန်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အရည်အသွေး ပိုမိုပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များ လေ့ကျင့်သင်ကြားမွေးထုတ်ပေးရန်၊ တိုင်းရင်းဆေးဖုံများနှင့် ကုထုံးနည်းအသစ်များ ပေါ်ပေါက်လာစေရေးအတွက် တိုင်းရင်းဆေးသုတေသနလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်ရန်၊ ဆေးပညာရပ်ဆိုင်ရာ ကျင့်ဝတ်များကို လိုက်နာဆောင်ရွက်စေရန်နှင့် သမားတု၊ သမားယောင်များပပျောက်ရေး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ရန်"ဆိုသည့်အချက်များကို ရှေ့လုပ်ငန်းစဉ်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြပါစေဟု ဆန္ဒပြုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ (၁၉)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ ပေးပို့သည့် ဂုဏ်ပြုသဝဏ်လွှာကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး (၁၉)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ အထိမ်းအမှတ်ခင်းကျင်းပြသထားသည့် တိုင်းရင်းဆေးဝါးပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် (၁၉)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နှီးနှောဖလှယ်ပွဲကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဦးဆောင်၍ အခမ်းအနားအစီအစဉ်များအတိုင်း ဆက်လက်ကျင်းပခဲ့သည်။

ညပိုင်းတွင် ဒုတိယသမ္မတသည် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၂)၌ ကျင်းပသည့် (၁၉)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

**သတင်းစဉ်**




ဒုတိယသမ္မတ ဦးမြင့်ဆွေ (၁၉)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်



## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် အမှူးပြုသော ဆရာတော်ကြီးများနှင့် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် အဖွဲ့ ထိုင်းနိုင်ငံသို့ သာသနာပြုခရီးထွက်ခွာ

**ရန်ကုန် ဒီဇင်ဘာ ၂၈**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂ ရက်အထိ ကျင်းပမည့် နှစ်သစ်ကူး အကြိုညတရားဒေသနာတော်များ ရွက်ဖတ်ဆုတောင်းပွဲနှင့် ဝိပဿနာရှုမှတ်ခြင်းအခမ်းအနားသို့ တက်ရောက်ရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ အမှူးပြုသော ဆရာတော်ကြီး ၁၅ ပါးနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ထွက်ခွာသွားသည်။

အဆိုပါ အဖွဲ့အား သာသနာရေးဦးစီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်တို့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ဝန်ထမ်းများနှင့် တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၂၈

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ယနေ့နံနက် ၉ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကုန်းလမ်းပို့ဆောင်ရေးမှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။** (အောက်ပုံ)

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ဝန်ထမ်းများအနေဖြင့် ဌာနတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ စီးပွားရေးသဘောအရ ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် လုပ်ငန်းအဖြစ် လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ပေါင်းစပ်ညှိနှိုင်းပေး**

ထို့နောက် ကုန်းလမ်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး (ပူးတွဲ) ဦးမင်းချစ်ဦးနှင့် အထွေထွေမန်နေဂျာ ဦးတင်မောင်ထွန်းတို့က ဌာနအသွင်ကူးပြောင်းရေးအတွက် ဆောင်ရွက်မည့် နည်းလမ်းများနှင့် အကြံပြုချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးသည်။

**သတင်းစဉ်**



# (၁၉) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နှီးနှောဖလှယ်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

(၁၉) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နှီးနှောဖလှယ်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန ၂ ၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဦးဆောင်၍ ဆက်လက်ကျင်းပသည်။ **(ယာပုံ)**



အဆိုပါ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက တိုင်းရင်းဆေးပညာလောကပိုမိုဖွံ့ဖြိုးတိုးတက်ရန်အတွက် တိုင်းရင်းဆေးပညာဦးစီးဌာန၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းနှင့် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့တို့မှ ပညာရှင်များနှင့် တိုင်ပင်၍ အစီအစဉ်များချမှတ်ကာ အစွမ်းကုန်ဆောင်ရွက်နေပါကြောင်း၊ ထိုသို့ တိုင်းရင်းဆေးပညာလောက ပိုမိုဖွံ့ဖြိုးတိုးတက်ရန်အတွက် တိုင်းရင်းဆေးပညာရှင်များ၏ အရည်အချင်းနှင့် အရည်အသွေးကောင်းမွန်ရေးသည် အရေးကြီးသဖြင့် တိုင်းရင်းဆေးတက္ကသိုလ် တိုးတက်ရေးအတွက် ဝန်ကြီးဌာနမှ သင်ကြားမှုနည်းစနစ်နှင့် သင်ရိုးညွှန်းတမ်းများ တိုးတက်ကောင်းမွန်ရေး၊ သင်ကြားမှု အထောက်အကူပြုပစ္စည်းများ ပြည့်စုံလုံလောက်စွာရရှိရေး၊ သင်ကြားသည့် ဆရာများ၏ စွမ်းဆောင်ရည်မြင့်မားရေးနှင့် ရာထူးအခွင့်အလမ်းတိုးတက်ရေး၊ ဆေးသုတေသနဦးစီးဌာနနှင့်ပူးပေါင်း၍ သုတေသနဌာနစိတ် အမြန်ဆုံးတည်ထောင်နိုင်ရေး၊ ညီလာခံများနှင့် နှီးနှောဖလှယ်ပွဲများ ကျင်းပရေး အစရှိသည့် ကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုညီလာခံတွင် ဆွေးနွေးမည့် အဆိုပြုချက်များမှာ မြန်မာ့တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးကဏ္ဍနှင့် တိုင်းရင်းဆေးဝါးများ၏ အရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ရန်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များ ပိုမိုလေ့ကျင့်သင်ကြားမွေးထုတ်ပေးရန်၊ တိုင်းရင်းဆေးများနှင့် ကုထုံးနည်းအသစ်များ ပေါ်ပေါက်လာရေးအတွက် တိုင်းရင်းဆေးသုတေသနလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်ရန်၊ ဆေးပညာဆိုင်ရာကျင့်ဝတ်များကို လိုက်နာဆောင်ရွက်ရန်နှင့် သမားတု-သမားယောင်များ ပပျောက်ရေး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ရန်တို့ဖြစ်ပါကြောင်း။

ထို့အပြင် တရုတ်၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့မှ တိုင်းရင်းဆေးပညာအဖွဲ့အစည်းများနှင့် နားလည်မှုစာချွန်လွှာရေးထိုး၍ သုတေသနလုပ်ငန်းများအပါအဝင် လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရန်ကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းရင်းဆေးထုတ်လုပ်ရောင်းချသူများအနေဖြင့် မိမိတို့ထုတ်လုပ်ထားသော ဆေးများ၏ အာနိသင်အစွမ်းထက်မှု၊ အကျိုးရှိမှုနှင့် ဘေးထွက်ဆိုးကျိုး အစရှိသည်တို့ကို ဆေးသုတေသနဦးစီးဌာန၏ ကျွမ်းကျင်မှုပိုင်းဆိုင်ရာ ကူညီပံ့ပိုးမှုကိုရယူ၍ သုတေသနများဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

ယခုညီလာခံနှင့် ယခင် သုံးနှစ်တာအတွင်း ကျင်းပခဲ့သည့် ညီလာခံများမှ အဆိုပြုချက်များနှင့် အကြံပြုတိုက်တွန်းချက်များကို ပြန်လည်ဆန်းစစ်သုံးသပ်၍ ဦးစားပေး အစီအစဉ်များချမှတ်ကာ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ အမျိုးသားကျန်းမာရေးမူဝါဒများအနက် "မြန်မာ့တိုင်းရင်းဆေးပညာ ဆောင်ရွက်ချက်များနှင့် သုတေသနလုပ်ငန်းများကို နိုင်ငံတကာ အဆင့်မီသည်အထိ ဆောင်ရွက်ခြင်းကို အားပေးရန်နှင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန်" ဟု ပါရှိသည့်အတိုင်း အားလုံးပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာစံရွှေဝင်း၊ အမြဲတမ်းအတွင်းဝန်များ၊ မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ ကိုယ်စားလှယ်များနှင့် တိုင်းရင်းဆေးထုတ်လုပ်ရောင်းချသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**




## အခြေခံသံတမန်ရေးရာကျွမ်းကျင်မှု သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၈**

နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် အခြေခံသံတမန်ရေးရာကျွမ်းကျင်မှု သင်တန်းအမှတ်စဉ် (၄၁/၂၀၁၈) သင်တန်းဆင်းပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန(ရန်ကုန်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ အမြဲတမ်းအတွင်းဝန် ဦးမြင့်သူ တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။ **(ဝဲပုံ)**

သင်တန်းဆင်းပွဲသို့ အငြိမ်းစားသံအမတ်ကြီးများနှင့် တာဝန်ရှိသူများ၊ ဝါရင့်သံတမန်များ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ သင်တန်းနည်းပြ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းတွင် သံတမန်ရေးရာနှင့်သက်ဆိုင်သည့် အခြေခံဘာသာရပ်များ၊ နိုင်ငံတကာဆက်ဆံရေး ဘာသာရပ်များ၊ အပြည်ပြည်ဆိုင်ရာဥပဒေဘာသာရပ်၊ အပြည်ပြည်ဆိုင်ရာ ညီလာခံများကျင်းပခြင်း၊ မျက်မှောက်ခေတ် နိုင်ငံတကာရေးရာများ၊ စီးပွားရေးဆိုင်ရာ ဘာသာရပ်များနှင့် စေ့စပ်ညှိနှိုင်းမှုပညာ စသည်တို့ကို စာတွေ့လက်တွေ့ပို့ချခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တပတ် ၁၃ ပတ် ကြာမြင့်၍ သင်တန်းသား သင်တန်းသူ ၁၉၀ တက်ရောက်ခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံတမန်ရေးရာနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များ စိတ်ပါဝင်စားသူများအတွက် အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းများကို ၂၀၀၀ ပြည့်နှစ်မှ စတင်၍ တစ်နှစ်လျှင် နှစ်ကြိမ် ဖွင့်လှစ်ခဲ့ပြီး ယနေ့အထိ သင်တန်းသားသင်တန်းသူ ၇၁၁၂ ဦး တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**




ရွှေယောင်းဘိုးဘွားအမွေအနှစ်ရုပ်စုံကျောင်းနှင့် သီလရှင်များ     ဓာတ်ပုံ-ဇော်ဇော်ဝေ(ဆင်ဖြူကျွန်း)

"ယခုဆိုရင် မိမိတို့နိုင်ငံဟာ ဒီမိုကရေစီလမ်းကြောင်းအစပေါ်မှာ စတင်ခြေချ လျှောက်လှမ်းနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ဒီလို ဒီမိုကရေစီ လမ်းမပေါ်မှာ ခြေချခါစ အခြေအနေ အချိန်အခါဟာ အင်မတန်အရေးကြီးလှပြီး လမ်းလျှောက်တတ်ခါစ ကလေးကို ဂရုစိုက်သလို ပြိုလဲမသွားအောင်၊ လဲပြိုကျမသွားအောင် ဟန်ချက်ညီညီနဲ့ သတိတရား ဆင်ခြင်ပြီးတော့ ထိန်းသိမ်းကြရမှာ ဖြစ်ပါတယ်။ မိမိတို့အနေနဲ့ ဒီမိုကရေစီကို ရှင်သန်စေလိုတယ်ဆိုရင် ဥပဒေကို လေးစားရမှာဖြစ်သလို သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းများကိုလည်း လိုက်နာရမှာ ဖြစ်ပါတယ်"

*[ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အခမ်းအနားသို့ ပေးပို့သည့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ သဝဏ်လွှာမှ ကောက်နုတ်ချက် ]*

# ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကြီးကြပ်ရေးမှူးများ၊ တွဲဖက်ကြီးကြပ်ရေးမှူးများ၊ လက်ထောက်ကြီးကြပ်ရေးမှူးများနှင့် စာဖြေသူများလိုက်နာရန် စည်းကမ်းချက်များဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကြီးကြပ်ရေးမှူးများ၊ တွဲဖက်ကြီးကြပ်ရေးမှူးများ၊ လက်ထောက်ကြီးကြပ်ရေးမှူးများနှင့် စာဖြေသူများလိုက်နာရန် စည်းကမ်းချက်များဆိုင်ရာဆွေးနွေးပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။ **(ယာပုံ)**

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဓိကအရေးကြီးဆုံးမှာ စာဖြေသူများ၊ စာစစ်လုပ်ငန်းအတွက် တာဝန်ယူသူများ၊ စာမေးပွဲခန်းစောင့်မည့်သူများသည် စည်းမျဉ်းစည်းကမ်းများကို သိရှိရန်လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ ထုတ်ပြန်ထားသည့် စည်းကမ်းချက်စာအုပ်အပေါ် အခြေခံပြီး အားသာချက်များကို ပိုမိုအားကောင်းအောင်နှင့် အားနည်းချက်များကို ပြန်လည်စိစစ်ပြီး အားကောင်းအောင်ပြုလုပ်ရန် လိုအပ်ကြောင်း။

၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ မေးခွန်းပုံစံအသစ်တွင် ဘာသာရပ်များ၌ လွယ် သင့် ခက် မျှတစွာဖြင့် စဉ်းစားတွေးခေါ်မှုကို အားပေးသည့်မေးခွန်းများ ပိုမိုပါဝင်လာမည်ဖြစ်ပါကြောင်း၊ စာစစ်လုပ်ငန်းဆောင်ရွက်ရာတွင် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုံလောက်သော ဆရာ ဆရာမအင်အားဖြင့် ဘက်မလိုက်ဘဲ တာဝန်ပေးအပ်ရန်နှင့် ကိုယ်ဝန်ဆောင်ဆရာမများ၊ ကလေးငယ်ရှိသည့်ဆရာမများ၊ အသက် ၅၈ နှစ်အထက် အသက်အရွယ်ကြီးသော ဆရာ ဆရာမများ၊ ကျန်းမာရေးမကောင်းသော ဆရာ ဆရာမများ၊ ဘာသာရပ်နှင့်မကိုက်ညီသော အထက်တန်းပြဆရာ ဆရာမများကို စာစစ်တာဝန်ပေးခြင်းမပြုရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဆရာ ဆရာမများက သိရှိလိုသည်များကိုမေးမြန်းရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားကြသည်။



အဆိုပါဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဆရာ ဆရာမ ၈၃၄ ဦး တက်ရောက်ကြသည်။

**သတင်းစဉ်**

# ၂၀၁၉ ခုနှစ်တွင် Washington Accord အရန်အဖွဲ့ဝင်ဖြစ်လာမည်ဟု မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ပြောကြား

**ရန်ကုန် ဒီဇင်ဘာ ၂၈**

နိုင်ငံတော်အစိုးရ အသိအမှတ်ပြု ဖွဲ့စည်းထားသော မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီသည် ပြည်တွင်းအင်ဂျင်နီယာလောက ဘက်ပေါင်းစုံတိုးတက်မြင့်မားရေးနှင့် နည်းပညာပိုင်းဆိုင်ရာမှအစ နိုင်ငံတကာနည်းတူ ရင်ပေါင်တန်းနိုင်ရေး ကြိုးပမ်းလုပ်ဆောင်လျက်ရှိရာ လာမည့် ၂၀၁၉ ခုနှစ်တွင် Washington Accord (ကမ္ဘာ့ နိုင်ငံတကာအင်ဂျင်နီယာများမဟာမိတ်အဖွဲ့)တွင် အရန်အဖွဲ့ဝင်ဖြစ်လာမည့် အလားအလာရှိနေပြီဖြစ်ကြောင်း မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာ ချာလီသန်းက ပြောကြားသည်။

ယနေ့နံနက် ၈ နာရီတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီရုံး Function Hall ၌ ကျင်းပသော မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဖွဲ့စည်းခြင်း ငါးနှစ်ပြည့်အခမ်းအနားတွင် မီဒီယာများ မေးမြန်းမှုကို ပြန်လည်ဖြေကြားရာတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌက အထက်ပါအတိုင်း ထည့်သွင်းပြောကြားခဲ့သည်။

"လတ်တလော မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီအနေနဲ့ Washington Accord (ကမ္ဘာ့နိုင်ငံတကာ အင်ဂျင်နီယာမဟာမိတ်အဖွဲ့)မှာ အရန်အဖွဲ့ဝင်အနေနဲ့ ပါဝင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေပါတယ်။ အင်ဂျင်နီယာပညာရေးက နိုင်ငံတကာ သဘောတူညီမှုထဲမှာ သတ်မှတ်ထားတဲ့စံတွေနဲ့အညီ လေ့ကျင့်သင်ကြားရမယ်ဆိုတာကို စံအနေနဲ့ သတ်မှတ်ထားပါတယ်။ အင်ဂျင်နီယာပညာရှင်ဖြစ်ဖို့အတွက် လိုအပ်ချက်တွေကို ဖြည့်ဆည်းဖို့ဆိုရင် သဘောတူညီချက်ထဲမှာပါတဲ့ စံတွေကို ဖြည့်ဆည်းပေးရမှာပါ။ ကျွန်တော်တို့ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီအနေနဲ့ အရန်အဖွဲ့ဝင်ဖြစ်ဖို့ လျှောက်ထားပြီးဖြစ်ပါတယ်။ လာမယ့် ၂၀၁၉ မှာ Washington Accord (ကမ္ဘာ့ နိုင်ငံတကာအင်ဂျင်နီယာမဟာမိတ်အဖွဲ့)ထဲမှာ အရန်အဖွဲ့အနေနဲ့ ပါလာဖို့ အခြေအနေကောင်းပါတယ်"ဟု မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာ ချာလီသန်းက ပြောကြားသည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီအနေဖြင့် အဆိုပါ Washington Accord (ကမ္ဘာ့ နိုင်ငံတကာ အင်ဂျင်နီယာမဟာမိတ်အဖွဲ့)တွင် ကနဦး အရန်အဖွဲ့ဝင်အနေဖြင့်ပါရှိရေး နှစ်နိုင်ငံထောက်ခံရမည်ဖြစ်ပြီး ယင်းထောက်ခံမှု နှစ်နိုင်ငံအနေဖြင့် တိုင်ပေအင်ဂျင်နီယာပညာရေးအဖွဲ့နှင့် မလေးရှားနိုင်ငံ အင်ဂျင်နီယာအဖွဲ့များမှ ထောက်ခံမှုရရှိထားပြီးဖြစ်သည်။ ယင်း နှစ်နိုင်ငံထောက်ခံမှုနှင့်အတူ ကျန်အဖွဲ့ဝင်နိုင်ငံများကလည်း သဘောတူညီပါမှ မြန်မာနိုင်ငံအနေဖြင့် အရန်အဖွဲ့ဝင် ဖြစ်သွားမည်ဖြစ်သည်။ အရန်အဖွဲ့ဝင်ဖြစ်ပြီး နှစ်နှစ်မှ လေးနှစ်အကြာတွင် အဖွဲ့အစည်းမှ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများ၊ စံချိန်စံညွှန်းများအတိုင်း ယင်းအဖွဲ့အစည်းက မြန်မာနိုင်ငံကို လာရောက်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီကို ပြီးခဲ့သော ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်က စတင်ဖွဲ့စည်းခဲ့ပြီး ယခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် ငါးနှစ်ပြည့်ခဲ့ပြီဖြစ်သည်။ ကောင်စီအနေဖြင့် အင်ဂျင်နီယာပညာရှင်သုံးမျိုးကို စိစစ်အသိအမှတ်ပြုပေးရန် လည်းကောင်း၊ ပြည်တွင်းအင်ဂျင်နီယာများ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးရန် လည်းကောင်း၊ အင်ဂျင်နီယာများ ကျင့်ဝတ်နဲ့အညီ နေထိုင်ဆောင်ရွက်နိုင်ရေးနှင့် အင်ဂျင်နီယာလောက စဉ်ဆက်မပြတ် ဖွံ့ဖြိုးဖို့အတွက် လိုအပ်သော ပညာရပ်ဆိုင်ရာများ အချိန်နှင့်တစ်ပြေးညီ ပေးနိုင်ရန်တို့ကို ရည်ရွယ်ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အင်ဂျင်နီယာကောင်စီအနေဖြင့် ယခု ငါးနှစ်တာကာလအတွင်း အာဆီယံအဆင့် အင်ဂျင်နီယာ ၅၀၀ ကျော်၊ ပရော်ဖက်ရှင်နယ် အင်ဂျင်နီယာအဆင့် တစ်ထောင်ကျော် စသည်ဖြင့် ကဏ္ဍအလိုက် ကျွမ်းကျင်အင်ဂျင်နီယာများ အသိအမှတ်ပြုစိစစ်ပေးခဲ့ပြီး အင်ဂျင်နီယာဘာသာရပ်များ စိစစ်အသိအမှတ်ပြုမှုအနေနှင့် ရန်ကုန်၊ မန္တလေး၊ မော်ဘီ၊ သန်လျင်၊ အနောက်ပိုင်းနည်းပညာတက္ကသိုလ်နှင့် ကျောက်ဆည် စသည့် နည်းပညာတက္ကသိုလ်များတွင် စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

# အရာထမ်းအခြေခံ သင်တန်းဆင်း

**နေပြည်တော် ဒီဇင်ဘာ ၂၈**

အရာထမ်းအခြေခံသင်တန်း အမှတ်စဉ်(၂၀၈)၏ သင်တန်းဆင်းပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဇဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ရတနာသိင်္ခခန်းမ၌ ယနေ့နံနက် ၈ နာရီက ကျင်းပရာ ဇဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ပါမောက္ခချုပ် ဦးအောင်တင်စိုး တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး စံပြဆု၊ စာပေထူးချွန်ဆုနှင့် သင်တန်းဆင်း ဂုဏ်ပြုလက်မှတ်များ ပေးအပ်သည်။

သင်တန်းဆင်းပွဲသို့ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူး/ ပါမောက္ခ (ပညာဌာနမှူး)များ၊ ဌာနမှူး/တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**




**နမ့်ခမ်းမြို့နယ်တွင် ဘိန်းအစားထိုးသီးနှံစိုက်ပျိုးသည့် တောင်သူများအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ဓာတ်မြေသြဇာများ ထောက်ပံ့ပေးအပ်ပွဲကို ဒီဇင်ဘာ ၂၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က တောင်သူများအား မြေသြဇာအိတ်များ ပေးအပ်စဉ်။** မောင်ကျော်ကြီး

# ထာဝရငြိမ်းချမ်းသာယာဝပြောသော ဒီမိုကရေစီ ဖက်ဒရယ်နိုင်ငံတော်သစ်ကြီးဆီသို့. . .

ဟံသာဝတီ - ဦးအုန်းကြိုင်

၂၀၁၉ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့ဆိုလျှင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး လွတ်လပ်ရေးရခဲ့သည်မှာ ၇၁ နှစ်ပင်ပြည့်မြောက်လေပြီ။ မိမိကိုယ်တိုင် ပါဝင်ဆင်နွှဲမှတ်တမ်းတင်ခဲ့ရဖူးသော ပထမဆုံးအကြိမ် ဆင်ယင်ကျင်းပခဲ့သည့် "မြန်မာ့လွတ်လပ်ရေးအောင်ပွဲနေ့" ကို ပြန်လည်တမ်းတမှန်းဆကြည့်မိသည်။ လွတ်လပ်ရေးသမင်လည်ပြန်စိတ်မြင်ကွင်းက ပို၍ပို၍ အနုစိတ်နက်ရှိုင်းကျယ်ပြန့် လွှမ်းခြုံသွားသည်။

**လွတ်လပ်ရေး . . . လွတ်လပ်ရေး**

"လွတ်လပ်ရေး" ဟူသော စကားရပ်ကို မာဂဓဘာသာဖြင့် "ဝိမုတ္တ-ဝိမုတ္တိ" ဟု မြတ်စွာဘုရားရှင် ဟောတော်မူသည်။ သိုးဆောင်းဘာသာစကားဖြင့် Freedom ဟုခေါ်ဆိုသော ဝိမုတ္တိ-လွတ်လပ်ရေးဟူသည်တွင် နှစ်မျိုးနှစ်စားရှိကြောင်းဖြင့် မြတ်စွာဘုရား ညွှန်ပြတော်မူခဲ့သည်။ (ဥပရိပဏ္ဏာသ အဋ္ဌကထာ)

**လွတ်လပ်ရေးနှစ်မျိုးနှစ်စား**

(၁) စေတောဝိမုတ္တိ-စိတ်အားဖြင့် လွတ်လပ်ခြင်း (Freedom of mind) (၂)ဉာဏ်အားဖြင့် လွတ်လပ်ခြင်း (Freedom through wisdom) ရှိခြင်းဖြင့်ဟောသည်။ ယင်းလွတ်လပ်ရေးအတွက် ကျင့်ဆောင်ကြရမည့် ကျင့်စဉ်တရား (နသဿရဏီဓမ္မ) ကိုလည်းဟောသည်။ လွတ်လပ်ရေးအတွက် ကျင့်ဆောင်ကြသူတိုင်း ရက်ရက်ရဲရဲစွန့်ပစ်ပယ်ခွာထားခဲ့ကြမည့် တရား ဖြစ်သည်။ ထိုကျင့်စဉ်ကို ပဟာန (ပဟာန်) စွန့်ပစ်ပယ်ခွာရမည့် တရားဟု ဟောတော်မူသည်။

**ပဟာနတရားငါးပါးရှိသည်**

လွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရာတွင် မိမိနှစ်သက်မြတ်နိုးတွယ်တာ ချစ်ခင်ရပါသော ဇနီးမယား၊ သမီးသားနှင့် စည်းစိမ်ချမ်းသာ ဥစ္စာရတနာ ရှိရှိသမျှ အဝဝတို့ကို စွန့်ပစ်ပယ်ခွာ ရက်ရက်ရဲရဲ ကြိုးပမ်းထမ်းဆောင်ကြရာသည်။

ထိုငြိတွယ်စွဲကပ်နေသော တရားတို့ကို စွန့်ပစ်ပယ်ခွာကြရာတွင် (၁) တဒင်္ဂပဟာန်- ခဏတာစွန့်ပစ်ရခြင်း၊ (၂) ဝိက္ခမ္ဘနပဟာန်-ခါထုတ်စွန့်ပယ်ရခြင်း၊ (၃) သမုစ္ဆေဒပဟာန်-အကြွင်းမဲ့မေ့ပစ် ဖျောက်ဖျက်စွန့်ပယ်ရခြင်း၊ (၄)ပဋိပဿဒ္ဓိပဟာန် - ငြိမ်းအေးချမ်းသာမှုမကျန် ပစ်ပယ်ရခြင်းနှင့် (၅) နိဿရဏပဟာန် - လွတ်လပ်ပြီးသည့်တိုင်အောင် စွန့်ပယ်ထားရခြင်းတို့ကို ကျင့်ဆောင်ကြရာသည်။

**ဝိမောက္ခက-ဗိုလ်ချုပ်အောင်ဆန်း**

ဤသို့ ကျင့်ဆောင်နိုင်သူမှသာလျှင် လွတ်လပ်ရေးရစေသူ လွတ်မြောက်စေသူ an emancipator ပါဠိဘာသာဖြင့် ဝိမောစက၊ ဝိမောက္ခက ဟု ဘုရားရှင်ခေါ်ဆိုတော်မူသည်။ ထိုဒေသနာ စကားအရ ဆိုပါသော် မြန်မာတို့အား တိုင်းတစ်ပါး လက်အောက် ကျွန်သပေါက်ဘဝမှ လွတ်မြောက်စေသူ၊ မြန်မာ့လွတ်လပ်ရေးဗိသုကာ၊ လွတ်လပ်ရေးဖခင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသာလျှင် မြတ်စွာဘုရားဟောတော်မူသော "ဝိမောက္ခပုဂ္ဂိုလ်မြတ်"ဖြစ်သည်ဟု ဧကန်ဆိုကြရမည် ဖြစ်သည်။

**ဒေါ်အောင်ဆန်းစုကြည်အမြင်**

၎င်းမြတ်စွာဘုရားဟော ဒေသနာတော်အပေါ် အခြေခံ၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကလည်း မြန်မာနိုင်ငံတကယ်တမ်း လွတ်လပ်အောင် လုပ်ဆောင်ကြဖို့ရာ နိုင်ငံသူ နိုင်ငံသားများအားလုံး တစ်ဦးချင်း တစ်ဦးချင်းက ကိုယ့်ရဲ့စိတ် လွတ်လပ်မှုအပေါ် ကိုယ့်ရဲ့ ဆင်ခြင်တုံဉာဏ် လွတ်လပ်မှု အပေါ်အခြေခံ၍ ကြိုးစားကြရန် အောက်ပါအတိုင်း တိုက်တွန်းပြောဆိုခဲ့ဖူးပါသည်။

**လွတ်လပ်ရေးဘာဖြစ်လို့ ရချင်လဲ**

မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် ဖေဖေနဲ့ တခြားလွတ်လပ်ရေး ခေါင်းဆောင်ကြီးတွေက ကြိုးပမ်းခဲ့တယ်ဆိုတာ၊ ဘာအတွက်ကြိုးပမ်းခဲ့သလဲ ဆိုတာကို၊ ကျွန်မတို့ သေသေချာချာ နားလည်ဖို့လိုပါတယ်။ လွတ်လပ်ရေးရဖို့အတွက်၊ ဟုတ်ပြီ။ လွတ်လပ်ရေးဘာဖြစ်လို့ ရချင်လဲ။ ဒါကိုစဉ်းစားရမယ်။ ဘာဖြစ်လို့ရချင်သလဲ ဆိုတော့ လူသားများဟာ ဂုဏ်သိက္ခာရှိရှိနဲ့ နေနိုင်ဖို့၊ မိမိတို့ဟာ လူပီသအောင်လို့၊ ခေါင်းထောင်ပြီးတော့ နေနိုင်ဖို့ဆိုတာဟာ "လွတ်လပ်မှု" လိုအပ်တယ်။

**နိုင်ငံသားတိုင်း ကြိုးစားကြဖို့**

ဒါကြောင့်မို့ နောက်ဆုံးကျတော့ ဒီနိုင်ငံလွတ်လပ်အောင်လုပ်ဖို့ ဆိုတာဟာ ကျွန်မတို့ နိုင်ငံသူ နိုင်ငံသားများအားလုံး တစ်ဦးချင်း တစ်ဦးချင်းက ကိုယ့်ရဲ့စိတ်လွတ်လပ်မှု၊ ကိုယ့်ရဲ့ဆင်ခြင်တုံဉာဏ် လွတ်လပ်မှုအပေါ် အခြေခံပြီးတော့ ကြိုးစားကြရမှာ ဖြစ်ပါတယ်။

**ခေါင်းငုံ့နေဖို့ပေးထားတာ မဟုတ်ပါဘူး**

ကျွန်မတို့ရဲ့ ပြည်သူပြည်သားအားလုံး စဉ်းစားပါ။ ဒီမိုကရေစီလိုချင်တယ် ဆိုလို့ရှိရင်၊ ကိုယ်ပိုင်လွတ်လပ်ခွင့်တကယ်လိုချင်တယ် ဆိုလို့ရှိရင်၊ စပြီးတော့ ကိုယ့်ရဲ့ခေါင်းကို ကိုယ်သုံးပြီးတော့ စဉ်းစားတတ်ဖို့က အရေးကြီးပါတယ်။

ကျွန်မ ခဏခဏပဲ ပြောပါတယ်။ ကျွန်မတို့ လူတွေကို ခေါင်းပေးထားတယ်ဆိုတာ၊ ခေါင်းအထဲက ဦးနှောက်နဲ့စဉ်းစားဖို့ပေးထားတာပါ။ ခေါင်းငုံ့နေဖို့ ပေးထားတာ မဟုတ်ပါဘူးလို့ ကျွန်မထပ်တလဲလဲ သတိပေးပါတယ်။ ခေါင်းကိုသုံးကြပါ။ ဦးနှောက်ကို သုံးကြပါ။ ဒီဦးနှောက် သုံးပြီးမှ ပညာဉာဏ်ဆင်ခြင်တုံတရားနဲ့ မှန်မှန်ကန်ကန် လုပ်ရဲကြပါ။

**တိုင်းပြည်ဘာကြောင့် ဆင်းရဲဒုက္ခရောက်ရတာလဲ**

တိုင်းသူပြည်သားတွေ မညီညွတ်လို့ရှိရင် တိုင်းပြည်ဟာ မအေးချမ်းနိုင်ပါဘူး။ တိုင်းပြည်မအေးချမ်းဘူးဆိုရင် ဒီတိုင်းပြည်ဟာ မတိုးတက်နိုင်ဘူး၊ မဖွံ့ဖြိုးနိုင်ဘူး။ တချို့တွေကဆိုလို့ဆိုရင် ကျွန်မတို့ရဲ့နိုင်ငံသူ နိုင်ငံသားတွေ၊ နိုင်ငံရေး စိတ်မဝင်စားဘူးတဲ့။ ဘာဖြစ်လို့လဲဆိုတော့ သိပ်ပြီးတော့ ဆင်းရဲဒုက္ခတွေများနေတဲ့အခါကျတော့ ဒီစားဝတ်နေရေးပဲ စိတ်ဝင်စားတယ်လို့ ပြောကြပါတယ်။

**ဘယ်သူတွေကြောင့်လဲ**

အဲဒီတော့ ကျွန်မကလည်းပြန်ပြီးမေးချင်တယ်။ ကျွန်မတို့ ပြည်သူပြည်သားတွေ ဒီလောက်တောင်မှ ဆင်းရဲဒုက္ခရောက်နေတာ ဘာကြောင့်ရောက်သွားရတာလဲ။ ဘယ်သူတွေကြောင့် ရောက်သွားတာလဲဆိုပြီးတော့ အဲဒီလိုမေးခွန်းထုတ်ချင်တယ်။

**တစ်ချိန်က အရှေ့တောင်အာရှမှာ အတိုးတက်ဆုံးနိုင်ငံ**

ဘာဖြစ်လို့လဲဆိုတော့၊ တစ်ချိန်တစ်ခါတုန်းက ကျွန်မတို့နိုင်ငံဟာ အရှေ့တောင်အာရှမှာ အတိုးတက်ဆုံးနိုင်ငံဖြစ်တယ်။ အားလုံးကလည်း တစ်ချိန်တစ်ခါမှာ ကမ္ဘာ့အလယ်မှာလျှမ်းလျှမ်းတောက်ဖြစ်လာမယ့် နိုင်ငံလို့ တွက်ဆထားတာ။ ဒါပေမယ့် ဒီလိုမဖြစ်ခဲ့ဘူး။

**နိုင်ငံရေးလမ်းမှန်မှ ချောင်လည်တဲ့ဘဝရောက်မှာ**

အဲဒီတော့ ဘာဖြစ်လို့ ဒီလိုမဖြစ်ခဲ့သလဲဆိုတော့၊ တကယ်တော့ နိုင်ငံရေးအကြောင်းတွေကြောင့် မဖြစ်ခဲ့တာပဲ။ ကျွန်မတို့နိုင်ငံဟာ နိုင်ငံရေးလမ်းမှားသွားတာနဲ့ စီးပွားရေးပါ ချွတ်ခြုံကျတယ်။ ဒါကြောင့်မို့လို့ နိုင်ငံရေးဟာ အရေးမကြီးဘူး၊ စားဝတ်နေရေးဟာ အရေးကြီးတယ်လို့ ပြောတဲ့ပုဂ္ဂိုလ်တွေရဲ့စကားကို လုံးဝနားမယောင်ပါနဲ့လို့ ကျွန်မအနေနဲ့ တိုက်တွန်းချင်ပါတယ်။ နိုင်ငံရေးလမ်းမှန်မှ စားဝတ်နေရေး ချောင်လည်တဲ့ဘဝကို ရောက်သွားကြမှာဆိုတာကို သေသေချာချာ မှတ်သားထားပါလို့ ကျွန်မအနေနဲ့ တိုက်တွန်းချင်ပါတယ်။

> **" ကျွန်မတို့နိုင်ငံဟာ နိုင်ငံရေးလမ်းမှားသွားတာနဲ့ စီးပွားရေးပါ ချွတ်ခြုံကျတယ်။ ဒါကြောင့်မို့လို့ နိုင်ငံရေးဟာ အရေးမကြီးဘူး၊ စားဝတ်နေရေးဟာ အရေးကြီးတယ်လို့ပြောတဲ့ ပုဂ္ဂိုလ်တွေရဲ့စကားကို လုံးဝနားမယောင်ပါနဲ့လို့ ကျွန်မအနေနဲ့ တိုက်တွန်းချင်ပါတယ်။ နိုင်ငံရေးလမ်းမှန်မှ စားဝတ်နေရေး ချောင်လည်တဲ့ဘဝကိုရောက်သွားကြမှာဆိုတာကို သေသေချာချာ မှတ်သားထားပါလို့ ကျွန်မအနေနဲ့ တိုက်တွန်းချင်ပါတယ်"**

**ပြည်သူကို လေးစားတန်ဖိုးထားကြမှ တိုင်းနိုင်ငံတိုးတက် ချမ်းသာမယ်**

ကျွန်မတို့နိုင်ငံတင် မဟုတ်ဘူး၊ ဘယ်နိုင်ငံမှာမဆို၊ တကယ်အတိုးတက်ဆုံး အချမ်းသာဆုံးနိုင်ငံတွေဟာ ပြည်သူကိုလေးစားတန်ဖိုးထားတဲ့ နိုင်ငံတွေပဲ။ ပြည်သူကို မလေးစားဘူး၊ ပြည်သူကို တန်ဖိုးမထားဘူးဆိုရင် နိုင်ငံတစ်နိုင်ငံဟာ ဘယ်တော့မှမတိုးတက်ဘူး၊ မချမ်းသာနိုင်ပါဘူး၊ အဲဒါကို နိုင်ငံအစိုးရလုပ်ချင်တဲ့ ပုဂ္ဂိုလ်တိုင်း နားလည်ဖို့လိုပါတယ်။

**ပြည်သူကိုယ်စားပြုတဲ့အစိုးရမျိုးဖြစ်ဖို့**

တကယ်တော့ အစိုးရဆိုတာ လုပ်ချင်စရာကောင်းတဲ့ကိစ္စတော့မဟုတ်ဘူး၊ တာဝန်ဝတ္တရားအရသာ လုပ်ရမယ့်ကိစ္စမျိုးဖြစ်ပါတယ်။ တာဝန်ဝတ္တရားအရဆိုတော့၊ ငါတာဝန်ယူမယ်လို့ ဒီလိုလုပ်ပြီးတော့ တာဝန်ယူလို့မရဘူး၊ ပြည်သူက တာဝန်ပေးမှ တာဝန်ယူရမှာ ဖြစ်ပါတယ်။ ပြည်သူတာဝန်မပေးဘဲနဲ့ ငါတို့ပဲ တာဝန်ယူမယ်ဆိုတာဟာ၊ တကယ်တော့ ပြည်သူလူထုကို ကိုယ်စားပြုတဲ့ အစိုးရမျိုးဖြစ်မှာ မဟုတ်ဘူး။ တန်ဖိုးထားမှာ မဟုတ်ဘူး။ ပြည်သူလူထုကို မလေးစားဘူး၊ တန်ဖိုးမထားဘူး ဆိုရင် ဒီနိုင်ငံကို တိုးတက်အောင်လုပ်ပေးနိုင်မှာ မဟုတ်ဘူး။

**(၂၀၁၅၊ ဇန်နဝါရီ ၃၀ ရက်နေ့ လူထုစည်းဝေးပွဲမိန့်ခွန်းမှ)**

**ငြိမ်းချမ်းရေးဆိုတာ**

ပြည်သူလူထုရဲ့ထောက်ခံမှုမရှိဘဲ ဘယ်ငြိမ်းချမ်းရေးဖြစ်စဉ်မှ အောင်မြင်မှာ မဟုတ်ဘူး။ ငြိမ်းချမ်းရေးဆိုတာ ခေါင်းဆောင်တွေက သက်သက်အထက်ကချပေးတဲ့အရာ မဟုတ်ပါဘူး။ ငြိမ်းချမ်းရေးဆိုတာ ညီလာခံခန်းမတွေမှာသာ မွေးဖွားပေါ်ပေါက်လာတာ မဟုတ်ပါဘူး။ ငြိမ်းချမ်းရေးအတွက် ပြည်သူအားလုံးရဲ့ တက်ကြွတဲ့ပါဝင်လှုပ်ရှားမှု၊ ထောက်ခံအားပေးမှုတွေ လိုအပ်ပါတယ်။ ပိုမိုကောင်းမွန်တဲ့ အနာဂတ်တစ်ခု ပေါ်ပေါက်လာဖို့အတွက် ကျွန်မတို့ တိုင်းသူပြည်သားတွေအားလုံးဟာ မဆုတ်မနစ်တဲ့သတ္တိနဲ့ သန္နိဋ္ဌာန်ကို အကြိမ်ကြိမ်ချခဲ့ကြပြီး ဖြစ်ပါတယ်။

**ပြည်သူလိုချင်တဲ့ငြိမ်းချမ်းရေး**

ရှေ့လာမယ့် ငြိမ်းချမ်းရေးအတွက် ဆွေးနွေးညှိနှိုင်းမှုတွေဟာ ဘယ်လောက် ခက်ခဲပါစေ၊ ကိုယ့်ရဲ့ခေါင်းဆောင်တွေက ဉာဏ်အမြော်အမြင်၊ သတ္တိ၊ စာနာမှုတွေနဲ့ ဆောင်ရွက်ကြမယ်ဆိုလို့ရှိရင် ပြည်သူတွေရဲ့ လိုချင်တဲ့ငြိမ်းချမ်းရေးကို ရနိုင်မှာဖြစ်ပါတယ်။

**အနာဂတ်မျိုးဆက်သစ်တွေအတွက်**

ကျွန်မတို့ ကြိုးပမ်းဆောင်ရွက်မှုတွေဟာ ဒီကနေ့ ဒီအခန်းထဲမှာရှိတဲ့ လူတွေရဲ့ အကျိုးစီးပွားအတွက် အဓိကမဟုတ်ပါဘူး။ အနာဂတ်မျိုးဆက်သစ်တွေဟာ စိတ်ရောကိုယ်ပါ ငြိမ်းချမ်းလုံခြုံစွာ ရှင်သန်ကြီးပြင်းလာနိုင်ဖို့အတွက် ဖြစ်ပါတယ်။ ကျွန်မတို့ ရဲ့နောင်လာမယ့် မျိုးဆက်သစ်တွေဟာ ပဋိပက္ခတွေ ဆုံးရှုံးနစ်နာမှုတွေကြောင့် စိတ်ခန္ဓာ အနာတရတွေ ဘယ်တော့မှရောက်တော့မှာ မဟုတ်ပါဘူး။

**နိုင်ငံအနာဂတ်ဆိုတာ အားလုံးလူဖြစ်ကျိုးနပ်တဲ့ဘဝ**

နိုင်ငံရဲ့အနာဂတ်ဆိုတာ အင်မတန်ကြာရှည်တဲ့ကာလကြီးပါ။ နိုင်ငံရဲ့အနာဂတ်မှာ ဒီနိုင်ငံရဲ့အရိပ်ကို ခိုလှုံသွားရမယ့် ပြည်သူ ပြည်သားများဆိုတာလည်း မရေမတွက်နိုင်အောင် ရှိပါလိမ့်မယ်။ ဒီကမ္ဘာကြီး ဘယ်လောက်ကြာကြာခံနိုင်မလဲဆိုတာက ကျွန်မတို့ တစ်ယောက်မှ မသိပါဘူး။ ကမ္ဘာတည်သရွေ့ ကျွန်မတို့ မှီတင်းနေထိုင်သူများအားလုံး လုံခြုံဖို့အတွက်၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာဖို့အတွက်၊ ကျွန်မတို့ လုပ်နိုင်မယ်ဆိုလို့ရှိရင် ဒါဟာ ကျွန်မတို့လူဖြစ်ကျိုးနပ်ပြီလို့ အားလုံးက ပြောနိုင်ပြီဖြစ်ပါတယ်။ (၂၀၁၆ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(၂၁) ရာစုပင်လုံဖွင့်ပွဲ အခမ်းအနားတွင် ပြောကြားသော မိန့်ခွန်းကောက်နုတ်ချက်ဖြစ်သည်)

အထက်ဖော်ပြပါ အကြောင်းအချက်တို့ကို အကြောင်းခံ၍ ယခုကျရောက်တော့မည့် (၇၁)နှစ်ပြည့် မြန်မာ့လွတ်လပ်ရေးအောင်ပွဲ နေ့ထူးနေ့မြတ်အား မြတ်စွာဘုရားရှင်ဟောကြားတော်မူသော အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ အင်္ဂသုတ်လာ "ဝိမုတ္တင်္ဂ- မြတ်သောလွတ်မြောက်ခြင်း (ဝါ) ဘဝင်္ဂ - မြတ်သောဘုံဘဝ" မှ အင်္ဂ (၄)ပါး ကိုဖော်ကျူး၍ ဤ " ၇၁-နှစ်မြောက် မြန်မာ့လွတ်လပ်ရေးနေ့" အထူးဆောင်းပါးကို နိဂုံးကမ္ပတ်အဆုံးသတ်အပ်ပါသည်။

**အင်္ဂသုတ်လာ အင်္ဂ(၄)ပါးဒေသနာတော်**

**၁။ သီလင်္ဂ - မြတ်သောသီလ**

**၂။ သမာဓိင်္ဂ - မြတ်သောသမာဓိ**

**၃။ ပညာင်္ဂ - မြတ်သောပညာ**

**၄။ ဝိမုတ္တင်္ဂ - မြတ်သောလွတ်မြောက်ခြင်း(ဝိမုတ္တိ)**

ယင်းမြတ်သောလွတ်မြောက်ခြင်း၊ လွတ်လပ်ရေးမှသည်-

ဘဝင်္ဂတည်းဟူသော မြတ်သောဘုံဘဝဖြစ်သည့် "ထာဝရငြိမ်းချမ်းသာယာဝပြောသော ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကြီး" ဆီသို့၊ တစ်မြေတည်းနေ တစ်ရေတည်းသောက် ပြည်ထောင်စုဖွား တိုင်းရင်းသား "ကချင်၊ ကရင်၊ ကယား၊ ချင်း၊ မြန်မာ၊ မွန်၊ ရခိုင်၊ ရှမ်း" တစ်အူထုံ့ဆင်း ညီရင်းအစ်ကို မောင်ရင်းနှမတို့ တောင်ပံချင်းခတ် လက်ချင်းယှက်လျက်၊ ခိုင်ခိုင်မြဲမြဲ တွဲလက်မဖြုတ် စတမ်းအောင်မြင်စွာ တက်လှမ်းကြပါစို့လို့ သန္နိဋ္ဌာန်ချ တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

---

## မော်လမြိုင်ကျွန်းမြို့တွင် ကရင်နှစ်သစ်ကူးပွဲတော် အကြိုကာလ နှစ်သစ်ကူးဆုတောင်းပွဲ ကျင်းပ

**မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၂၈** - ပြာသိုလဆန်း ၁ ရက်နေ့တွင် ကျရောက်မည့် ကရင်နှစ်သစ်ကူးပွဲတော်အကြိုကာလတွင် မော်လမြိုင်ကျွန်းမြို့နယ် ဒေသခံပြည်သူများ ကျန်းမာချမ်းသာ၍ စီးပွားများဖွံ့ဖြိုးစေရေးအတွက် နှစ်သစ်ကူးဆုတောင်းပွဲနှင့် တေးဂီတ သီဆိုဖျော်ဖြေပွဲကို ဒီဇင်ဘာ ၂၇ရက်နှင့် ဒီဇင်ဘာ ၂၈ရက် နံနက် ၇နာရီ အချိန်မှစပြီး မော်လမြိုင်ကျွန်းမြို့ပေါ် ရပ်ကွက် ၁၃ရပ်ကွက်နှင့် ပြည်သူ့ဈေးများ၊ ကားဂိတ်များနှင့် ရေယာဉ်ဆိပ်များတွင် လှည့်လည်ဖျော်ဖြေပွဲများ ကျင်းပကြသည်။

ယင်းနှစ်သစ်ကူးဆုတောင်းပွဲနှင့် တေးဂီတဖျော်ဖြေပွဲကို ဝါးခယ်မမြို့နယ် ကျူံလတာကျေးရွာ ကရင်နှစ်သစ်ကူးပွဲတော် ကျင်းပရေးကော်မတီက ကြီးမှူး၍ ကရင်အမျိုးသား ၁၀ဦးနှင့် ကရင်အမျိုးသမီး ၁၂ဦး စုစုပေါင်း ၂၂ဦးတို့က မြို့ပေါ်နေရာအနှံ့ နှစ်သစ်ကူးဆုတောင်းပေးကြပြီး တေးဂီတဖျော်ဖြေကြသည်။အဆိုပါဝါးခယ်မမြို့နယ် ကျူံလတာကျေးရွာမှ နှစ်သစ်ကူးဆုတောင်းပေးကြသော တေးဂီတဖျော်ဖြေရေးအဖွဲ့ကို မြို့နယ်ပြည်သူများက အလှူငွေများ ပါဝင်လှူဒါန်းကြောင်းသိရသည်။

**မော်ကျွန်း မြင့်အောင်**

# (၇၁) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲမင်္ဂလာအခမ်းအနားကျင်းပ



ရန်ကုန် ဒီဇင်ဘာ ၂၈

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကျင်းပသည့် (၇၁) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်ခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ တိပိဋကဓရတိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့သြဝါဒါစရိယ ဆရာတော်ကြီးများ၊ စာထောက်စာမ ဆရာတော်များ၊ စာပြန်သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီး ဦးကြည်မင်း၊ တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

### ပရိတ်တရားတော်ကို နာယူ

ရှေးဦးစွာ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့သြဝါဒါစရိယ ဥက္ကဋ္ဌ လှိုင်သာယာမြို့နယ် သာသနာ့ဂုဏ်ရည်ကျောင်းတိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တပညိဿရာဘိဝံသထံမှ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များက ချီးမြှင့်တော်မူသော ပရိတ်တရားတော်ကို နာယူကြသည်။

### အမြင့်မားဆုံးစာမေးပွဲဖြစ်

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက သာရဏီယသြဝါဒကထာ မြွက်ကြားရာတွင် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးသည် ၁၃၁၀ ပြည့်နှစ်မှစ၍ ကျင်းပခဲ့သော စာမေးပွဲကြီးဖြစ်သည့်အပြင် မြန်မာပြည်တွင် ကျင်းပလျက်ရှိသော စာမေးပွဲများအနက် ရက်အရှည်ကြာဆုံး၊ အခက်အခဲဆုံးသော စာမေးပွဲကြီးဖြစ်သကဲ့သို့ မြန်မာမှာသာမက ကမ္ဘာကပင် အံ့သြရလောက်အောင် အမြင့်မားဆုံးစာမေးပွဲဖြစ်သည်ကို အရှင်မြတ်တို့ သိရှိကြပြီးဖြစ်ပါကြောင်း၊ အရှင်မြတ်တို့သည် မြတ်စွာဘုရား၏ ပရိယတ္တိသာသနာတော်ကို ဓမ္မာနုဂ္ဂဟဓမ္မပူဇာဖြင့် သဒ္ဓါဗလဝ ပူဇော်ချီးမြှောက်ကြ၍ အခက်အခဲအနက်နည်းဆုံးသော စာမေးပွဲကြီးကို ဝင်ရောက်ပြန်ဆို ဖြေဆိုခွင့်ရတော်မူကြသောကြောင့် ပုညဝန္တခေါ် ဘုန်းကံပါရမီထူးပုဂ္ဂိုလ်တို့ဖြစ်ကြောင်း ကောင်းစွာထင်ရှားလှပါကြောင်း။

### ပီတိသောမနဿဖြစ်ရ

အရှင်မြတ်တို့သည် မြတ်စွာဘုရားရှင်၏ ပရိယတ္တိသာသနာတော်ကို နေဝါလဝန်းထွန်းလင်းသည့် အရောင်တောက်ပြောင်သည်ထက် တောက်ပြောင်အောင် ဆောင်ရွက်ရေးအတွက် ထူးကဲသောဆန္ဒ၊ ပြင်းပြသော ဝီရိယ၊ ထက်သန်သော စိတ္တ၊ တောက်ပသော ပညာလေးဖြာသော အဓိပတိတို့ အပြည့်အဝကိုယ်စီကိုယ်ငထားရှိကြကုန်လျက် ဤတိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးသို့ ဝင်ရောက်ပြန်ဆိုရေးဖြေကြသည်ကို ဖူးမြင်ကြုံတွေ့ရသဖြင့် အနာဂတ် သာသနာရေးအတွက် အားတက်ဝမ်းသာ ပီတိသောမနဿ အဖြာဖြာဖြစ်ရပါကြောင်း။

### သြဝါဒကထာကို မြွက်ကြား

စာပြန် စာဖြေအရှင်မြတ်တို့သည် နိုင်ငံတော်တစ်ဝန်းလုံးရှိ သံဃာတော်များအနက်မှ ထူးကဲစွာ နိကာယ်ငါးရပ် ပိဋကတ်ပါဠိတော်တို့ကို သင့်၊ အံ၊ ကြုံ၊ ကြည့် လျက်ကြိုးစားအားထုတ်မှုဖြင့် ပရိယတ္တိ သာသနာတော်အကျိုးကို ဆောင်ရွက်ခွင့်ရကြသည့် ဘုန်းကံပါရမီထူးသော အရှင်မြတ်တို့ဖြစ်ကြသည်မှာ ငြင်းဖွယ်ရာမရှိဖြစ်ပါကြောင်း။ ပညာရည်မွန် ကံထူးချွန်သော ပုဂ္ဂိုလ်များပီပီ ပိဋကတ်တော်များကို ကျက်၊ အံ၊ ကြုံ၊ ကြည့်ပရိယတ္တိအလုပ်ကို အားထုတ်ရာ၌လည်း စာသင်နည်းသုံးနည်းရှိသည့်အနက် မိမိတို့ရယူနိုင်သော အလဂဒ္ဒူပမ စာသင်နည်း၊ နိဿရဏတ္ထစာသင်နည်းနှစ်မျိုးတို့တွင် မြတ်စွာဘုရားရှင် ချီးမွမ်းတော်မူအပ်သော သီလအကြောင်း ဟောတော်မူသည့် ပိဋကတ်ကို သင်အံလေ့လာရပါလျှင် ထိုပိဋကတ်တော်လာ သီလတရားတော်များသည် ငါ၏သန္တာန်၌ဖြစ်စေရမည်၊ သမာဓိအကြောင်း ဟောကြားတော်မူသည့် ပိဋကတ်များကို သင်အံလေ့လာရပါလျှင် ထိုပိဋကတ်တော်လာ သမာဓိတရားများသည် ငါ၏ သန္တာန်မှာဖြစ်စေရမည်၊ ပညာအကြောင်း ဟောတော်မူသည့် ပိဋကတ်ကို သင်အံလေ့လာရပါလျှင် ထိုပိဋကတ်တော် ပညာတရားများသည် ငါ၏သန္တာန်မှာ ဖြစ်စေရမည်ဟူသော နှလုံးသွင်းဖြင့် သံသရာဝဋ်မှ ထွက်မြောက်ရာ ထွက်မြောက်ကြောင်း နိဿရဏတ္ထ စာသင်နည်းမျိုးဖြင့် သင်ကြားလေ့လာဆည်းပူးတော်မူကြကာ သာသနာ့အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်သည့်သာသနာတော်ဦးဆောင်ရှေ့သွား ပုဗ္ဗင်္ဂမပုဂ္ဂိုလ်များ ကေန်စင်စစ် ဖြစ်တော်မူကြစေသတည်း ဗုဒ္ဓမြတ်စွာသာသနာတော်ကြီးအရှည်ခံ၍ တည်တံ့နိုင်ပါစေသတည်းဟု နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ သာရဏီယသြဝါဒကထာကို မြွက်ကြားသည်။

### လက်ဆင့်ကမ်းသယ်ဆောင်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများကိုလျှောက်ထားရာတွင် ဗုဒ္ဓဘုရားရှင် ၄၅ ဝါကာလပတ်လုံး ဟောကြားထားရှိတော်မူခဲ့သော တရားတော်များသည် ဘုရားရှင်မဟာပရိနိဗ္ဗာန် ဝင်စံကြွသွားတော်မူပြီးနောက်တွင် ဘုရားရှင်၏ ကိုယ်စားတော်အဖြစ် ကြွင်းကျန်တည်ရှိခဲ့ပြီး ထိုတရားတော်တို့သည်ပင် ပရိယတ္တိသာသနာတော်အဖြစ် အရင်းမူလတည်ရှိနေပါကြောင်း။ မြတ်စွာဘုရားရှင် ထားရှိတော်မူခဲ့သည့် ပရိယတ္တိသာသနာတော်ကြီးကို ပထမသံဂါယနာတင် ရဟန္တာအရှင်မြတ်ကြီးများမှစ၍ နှုတ်ငုံဆောင်တော်မူခဲ့ကြပြီး အစဉ်အဆက်သင်ကြားပို့ချတော်မူကြလျက် လက်ဆင့်ကမ်းသယ်ဆောင်တော်မူခဲ့ကြပါကြောင်း။

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးသည် ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံလွတ်လပ်ရေးနှင့်အတူ ပေါ်ထွန်းခဲ့၍ လွတ်လပ်ရေး၏ ဖွားဖက်တော်သဖွယ်မှတ်ယူနိုင်ခဲ့သော စာမေးပွဲကြီးဖြစ်ပြီး ဆဋ္ဌသံဂါယနာတင်ပွဲကြီး၏ ရှေ့ပြေးနိမိတ် အရုဏ်ဦးအလင်းရောင်ဖြစ်ခဲ့ပါကြောင်း။ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို နိုင်ငံတော်ဗုဒ္ဓသာသနာ အဖွဲ့ကြီးက ကြီးမှူး၍ အတည်တကျ ဆက်လက်ကျင်းပနိုင်ရေးအတွက် ၁၉၆၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံအစိုးရက တိပိဋကဓရ ရွေးချယ်ရေးအက်ဥပဒေ (ဥပဒေအမှတ်-၂၈) ကို ထုတ်ပြန်ပေးခဲ့ပါကြောင်း။ ၁၉၆၅ ခုနှစ်တွင် အခြားအခြားသော ဥပဒေတချို့ ဖျက်သိမ်းရာတွင် ပါဝင်ခဲ့သော်လည်း တိပိဋကဓရ ရွေးချယ်ရေး အက်ဥပဒေမှာမူ ပါဝင်ခြင်းမရှိဘဲ ထိုအက်ဥပဒေကို ပြဋ္ဌာန်းချက်ယူလျက် ယခင်သာသနာရေးဝန်ကြီးဌာနက ကြီးမှူး၍ တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီး ဆက်လက်ကျင်းပနိုင်ခဲ့ပါကြောင်း။

### ဆက်ကပ်လှူဒါန်းလျက်ရှိ

နိုင်ငံတော်အစိုးရအနေဖြင့် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ဝင်ရောက်ပြန်ဆိုဖြေဆိုအောင်မြင်၍ ပေါ်ပေါက်လာသည့် သာသနာ့အာဇာနည်အရှင်မြတ်တို့အား သာသနာတော်ကြီး အရှည်တည်တံ့ပြန့်ပွားရန်ရည်သန်လျက် ဆွမ်းဆန်တော်များ၊ ကုန်း၊ ရေ၊ လေ အခမဲ့ ခရီးသွားလက်မှတ်များကို ရာသက်ပန်ဆက်ကပ်လှူဒါန်းလျက် ရှိပါကြောင်း။ တိပိဋကဓရ တိပိဋကကောဝိဒ အောင်မြင်ပြီး၍ ငါးနှစ်ပြည့်သောအခါ "တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက" ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းသည့်အပြင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကိုလည်း ဆက်ကပ်လှူဒါန်းလျက်ရှိပါကြောင်း။

(၇၁)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီး၌ ဝင်ရောက်ပြန်ဆို ဖြေဆိုတော်မူကြသော သာသနာ့အာဇာနည် အရှင်မြတ်များသည် ကိုယ်စိတ်နှစ်ပါးအေးချမ်းစွာဖြင့် ဝင်ရောက်ပြန်ဆို ဖြေဆိုအောင်မြင်တော်မူကြပြီး ၂၀၁၉ ခုနှစ် မေလတွင် ကျင်းပမည့် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ အခမ်းအနားကြီးသို့ တက်ရောက်၍ အောင်လက်မှတ်ဘွဲ့တံဆိပ်တော်များကို ခံယူနိုင်သည့် သာသနာ့အာဇာနည်များ ဖြစ်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း လျှောက်ထားသည်။

ယင်းနောက် အလှူရှင်များက အလှူငွေနှင့် အလှူပစ္စည်းစုစုပေါင်း ကျပ် ၃၃၉ သိန်းကျော်ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

### ရေစက်သွန်းချအမျှပေးဝေ

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့မင်းကျောင်းပထမပြန်စာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ပရိသတ်တို့က အနုမောဒနာတရား နာကြားကြပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။

( ၇၁ ) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကို မွန်းလွဲ ၁ နာရီတွင် ဆဋ္ဌသံဂါယနာ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးအတွင်း၌ ကျင်းပရာ တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးအဖွဲ့သြဝါဒါစရိယ ဆရာတော်ကြီးများ၊ စာထောက်စာမ ဆရာတော်များကြီးကြပ်၍ စာဖြေသံဃာတော်များ ပိဋကတ်သုံးပုံအာဂုံပြန်ဆိုနေသည်ကို ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လှည့်လည်ကြည်ညိုကြပြီး ပြည်ထောင်စုဝန်ကြီးက ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။

ဗုဒ္ဓသာသနာဝင် သမိုင်းတစ်လျှောက် သံဂါယနာ ၆ တန်တင်ခဲ့ရာ မြန်မာဗုဒ္ဓဘာသာဝင်တို့သည် ပဉ္စမသံဂါယနာနှင့် ဆဋ္ဌသံဂါယနာ နှစ်ကြိမ်တိုင်ဆင်နွှဲခွင့်ရခဲ့ကြသည်။ ဆဋ္ဌသံဂါယနာတင်သည့်အခါ ပိဋကတ်သုံးပုံအာဂုံဆောင် သာသနာ့အာဇာနည် အရှင်မြတ်များ ရရှိရေးအတွက်ရည်ရွယ်ပြီး မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည့် ၁၉၄၈ ခုနှစ်မှာပင်တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးကို ပထမအကြိမ် စတင်ကျင်းပခဲ့ခြင်းဖြစ်၍ ဤတိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီး ကျင်းပသည့် သက်တမ်းနှင့် မြန်မာနိုင်ငံ လွတ်လပ်ရေးသက်တမ်းတို့သည် အကြိမ်အရေအတွက် အတူတူဖြစ်ကြသည်။

### အောင်မြင်စွာကျင်းပပြီးစီး

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီး (၆) ကြိမ်မြောက် ၁၉၅၄ ခုနှစ်တွင် ဆဋ္ဌသံဂါယနာတင်ပွဲကြီး စတင်ကျင်းပသည့်နှစ်ဖြစ်၍ ထိုနှစ်တွင် စစ်ကိုင်းတောင်ရိုးမင်းကွန်းဓမ္မနာဒကျောင်းတိုက်မှ အရှင်ဝိစိတ္တသာရာဘိဝံသအရှင်မြတ်သည် တိပိဋကဓရ တိပိဋကကောဝိဒစာမေးပွဲကြီး အာဂုံပြန်ရေးဖြေနှစ်မျိုးစလုံး၌ ဂုဏ်ထူးဖြင့် အောင်မြင်ပြီး မဟာတိပိဋကဓရ မဟာတိပိဋကကောဝိဒတစ်ပါး စတင်ပေါ်ထွန်းခဲ့သည်။ ဆဋ္ဌသံဂါယနာတင် အခမ်းအနားကြီးတွင် မန္တလေးမြို့ ညောင်ရမ်းဆရာတော် ဘုရားကြီးက သံဃာ့ဦးသျှောင် မထေရ်ကြီးအဖြစ် ဆောင်ရွက်တော်မူပြီး မဟာစည် ဆရာတော် အရှင်သာသနက အမေးပုစ္ဆက ဆရာတော်အဖြစ် လည်းကောင်း၊ အရှင်ဝိစိတ္တသာရာဘိဝံသ မင်းကွန်းဆရာတော်က တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဖြေဝိသဇ္ဇက ဆရာတော်အဖြစ်လည်းကောင်း ဆောင်ရွက်တော်မူကြလျက် ဆဋ္ဌသံဂါယနာတင်ပွဲကြီးကို အောင်မြင်စွာ ကျင်းပပြီးစီးအောင်မြင်ခဲ့သည်။

### သာသနာ့အာဇာနည် အရှင်မြတ် ၁၄ ပါး ပေါ်ထွန်းခဲ့

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးမှာ စတင်ကျင်းပခဲ့သည်မှစ၍ တစ်ကြိမ်မျှပျက်ကွက်မှုမရှိခဲ့သဖြင့် ယခုအခါ မြန်မာနိုင်ငံလွတ်လပ်ရေးနှင့်အတူ (၇၁) ကြိမ်မြောက် ကျင်းပပြုလုပ်နိုင်ခြင်းဖြစ်သည်။ စာမေးပွဲကြီးတွင် အာဂုံပြန်နှင့် သဘောရေးဖြေနှစ်မျိုး ခွဲခြားဖြေဆိုရပြီး ပိဋကတ်သုံးပုံလုံး စာမျက်နှာပေါင်း ၈၀၂၆ မျက်နှာကို ပြီးမြောက်အောင် အာဂုံပြန်ဆိုခြင်းပြုနိုင်ပါမှ တိပိဋကဓရဘွဲ့နှင့် သဘောရေးဖြေအောင်မြင်ပါမှ တိပိဋကကောဝိဒဘွဲ့ကို ဆက်ကပ်ခံရမည်ဖြစ်သည်။ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးသည် မြန်မာနိုင်ငံ ပရိယတ္တိစာမေးပွဲလောကတွင် အဆင့်အမြင့်ဆုံးစာမေးပွဲကြီးဖြစ်၍ စာမေးပွဲကြီး ပထမအကြိမ်မှ (၇၀) ကြိမ်အထိ ပထမဆုံးအောင်မြင်တော်မူသည့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ကြီးအပါအဝင် တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည် အရှင်မြတ် ၁၄ ပါး ပေါ်ထွန်းခဲ့ကြောင်း သိရှိရသည်။

(၇၁) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးကို ဆဋ္ဌသံဂါယနာ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးအတွင်း၌ ယနေ့မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၉ ရက်အထိ ၃၃ ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ပြီး စာမေးပွဲတွင် အဘိဓမ္မာ (နောက်ပိုင်း) တစ်ပါး၊ အဘိဓမ္မာ(ရှေ့ပိုင်း) တစ်ပါး၊ ဒီဃနိကာယ် ၃ ကျမ်း ၁၀ ပါး၊ ဝိနည်း(ဒုတိယပိုင်း) ၃ ကျမ်း ၉၃ ပါး၊ ဝိနည်း(ပထမပိုင်း) ၂ ကျမ်း ၁၁၅ ပါး စုစုပေါင်းသံဃာအပါး ၂၂၀ အာဂုံပြန်ဆိုကြမည်ဖြစ်ရာ အများပြည်သူ ဘုရားဖူးများ ဝင်ရောက်ဖူးမြော်ကြည်ညိုနိုင်ကြောင်း သိရှိရသည်။ **သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို (၇၁) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲ မင်္ဂလာအခမ်းအနားတွင် ဆရာတော် သံဃာတော်များအား သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်။** သတင်းစဉ်

◆ *ကျောဖုံးမှ*

မိမိတို့၏ တာဝန်အသီးသီးကို ကျေပွန်စွာ ဆောင်ရွက်မှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ဖြစ်ပါကြောင်း၊ လာမည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် စံ(၅)ချက်နှင့်အညီ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်အနေဖြင့်လည်း ယခုကတည်းက ရွေးကောက်ပွဲ လုပ်ငန်းစဉ်အလိုက် ကြိုတင်ပြင်ဆင် ဆောင်ရွက်နေရန် လိုအပ်ပါကြောင်း။

**အငြင်းပွားမှုများ နည်းပါးမည်**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ လုပ်ငန်းတာဝန်များအနက် ရွေးကောက်ပွဲများ ကျင်းပရေးသည် အဓိကလုပ်ငန်းတာဝန်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကော်မရှင်တစ်ခုတည်းသာမက သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်အနေဖြင့် ရွေးကောက်ပွဲ လုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ညွှန်ကြားချက်များ၊ လုပ်ငန်းလမ်းညွှန်များနှင့်အညီ ကြီးကြပ်ဆောင်ရွက်ရန် ဖြစ်ပါကြောင်း၊ သို့မှသာ ရွေးကောက်ပွဲအငြင်းပွားမှုများ နည်းပါးမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ကြိုတင်စီမံချက်များရေးဆွဲ**

ထို့ပြင် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည် စဉ်ဆက်မပြတ်မြှင့်တင်နေရန်လည်းလိုအပ်ပါကြောင်း၊ လုပ်ငန်းကျွမ်းကျင်မှုနှင့် အရည်အသွေးမြင့်မားနေမှသာ ရွေးကောက်ပွဲလုပ်ငန်းများကို ပိုင်ပိုင်နိုင်နိုင် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ရွေးကောက်ပွဲများကိုလည်း တစ်ခုထက်တစ်ခု ပိုမိုကောင်းမွန်အောင်ဆောင်ရွက်နိုင်မှာဖြစ်ပါကြောင်း၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်အနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲသည် ကာလအပိုင်းအခြားအားဖြင့် နှစ်နှစ်ခန့် လိုသေးသော်လည်း လုပ်ငန်းစဉ်များက စဉ်ဆက်မပြတ်ရှိနေမည်ဖြစ်သည့်အတွက် တာဝန်ရှိသူများ အားလုံးအနေဖြင့် ယခုကတည်းက ကြိုတင်စဉ်းစားစီမံချက်များ ရေးဆွဲလုပ်ဆောင်နေမှသာ လုပ်ငန်းများပြီးစီးမည်ဖြစ်ပြီး ရွေးကောက်ပွဲလည်း အောင်မြင်မည်ဖြစ်ပါကြောင်း၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်အနေဖြင့် လိုအပ်ချက်များ၊ အခက်အခဲများ ရှိလျှင်လည်း အချိန်နှင့်တစ်ပြေးညီ အဆင့်ဆင့်တင်ပြ ညှိနှိုင်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရွေးကောက်ပွဲကျင်းပမည့် ရက်တွင် တာဝန်ခံဆောင်ရွက်မည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များအဖြစ် ဆောင်ရွက်မည့်ပုဂ္ဂိုလ်များကလည်း မိမိတို့ဆောင်ရွက်ရမည့်လုပ်ငန်း လမ်းညွှန်ချက်များကို တိကျစွာသိရှိနားလည်ပြီး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အမှားအယွင်းမရှိစေရန် ဆောင်ရွက်ရမည်ဖြစ်၍ အရေးကြီးပါပါကြောင်း၊ စေ့စပ်ညှိနှိုင်းရေးကော်မတီတွင်ပါဝင်သည့် ပုဂ္ဂိုလ်များအနေဖြင့်လည်း နိုင်ငံရေးပါတီများမဲဆွယ်စည်းရုံးစဉ်ကာလတွင် ကြုံတွေ့ရသည့် ပြဿနာများကို တရားမျှတစွာ ဘက်လိုက်မှုမရှိဘဲ ပြေလည်မှုရရှိရေး ညှိနှိုင်းဆောင်ရွက်ပေးရန် လိုအပ်မည် ဖြစ်ပါကြောင်း ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက ရှင်းလင်းမှာကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ အတွင်းရေးမှူး ဦးကျော်ကျော်စိုးက ၂၀၁၈ ခုနှစ်ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပပေးခဲ့မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ယင်းနောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ရှိ တာဝန်ရှိသူများ ဝန်ထမ်းများအားလုံး အနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန် လုပ်ငန်းပိုင်းကျွမ်းကျင်မှုရှိအောင် လေ့ကျင့်သင်ကြားနေရန်၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်ကြရန်၊ လုပ်ငန်းစီမံချက်များရေးဆွဲပြီး အချိန်နှင့် တစ်ပြေးညီ ပြီးစီးရေးအတွက် ကိုယ်စွမ်း၊ ဉာဏ်စွမ်းအပြည့် ကြိုးစားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**မင်းထက်အောင် ( မန်းကိုယ်ပွား)**

❍ *ကျောဖုံးမှ*

ပွဲစဉ်ရေးဆွဲထားမှုအရ ရတနာပုံအသင်းသည် ရာသီအစတွင် အိမ်ကွင်းပွဲများ ဆက်တိုက်ကစားရမည် ဖြစ်သော်လည်း အသင်းကြီးများနှင့် ဆက်တိုက်ကစားရမည်ဖြစ်ပြီး ရှောဝတီပြီးပါက ရှမ်းယူနိုက်တက်၊ ရန်ကုန်၊ ဟံသာဝတီတို့နှင့် တွေ့ဆုံနေသည်။ လက်ရှိချန်ပီယံ ရန်ကုန်အသင်းမှာမူ ပထမအကျော့တွင် ရှောဝတီ၊ ရှမ်းယူနိုက်တက်တို့ကို အိမ်ကွင်း လက်ခံကစားရမည်ဖြစ်ပြီး ရှမ်းအသင်းနှင့်မူ ပထမအကျော့နောက်ဆုံးပွဲမှ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပထမအကျော့ပွဲစဉ်များကို ဇန်နဝါရီ ၁၂ ရက်မှ မေ ၁၂ ရက်၊ ဒုတိယအကျော့ပွဲစဉ်များကို ဇွန် ၁၅ ရက်မှ စက်တင်ဘာ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# ဒီလိုပွဲမျိုး ခဏခဏလုပ်ပေးရင် ကလေးတွေအတွက် စာဖတ်ရှိန်မြင့်လာမယ်၊ အနာဂတ်မှာ ခေါင်းဆောင်ငယ်တွေဖြစ်လာတဲ့အခါ ဆုံးဖြတ်တတ်တာ၊ ဆင်ခြင်တတ်တာတွေ နားလည်လာမယ်

**ဒေါက်တာအောင်သန်းမောင်**

**ကလေး စာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ(မူဆယ်)ကို ဒီဇင်ဘာ ၂၈ ရက်မှ ၃၀ ရက်အထိ၊ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ မူဆယ်မြို့မင်္ဂလာမူဆယ် (မြို့သစ်စီမံကိန်းအိမ်ရာ)တွင် စည်ကားပျော်ရွှင်စွာကျင်းပလျက်ရှိသည်။ ကလေးစာပေပွဲတော်သို့ တက်ရောက်လာသူများနှင့် မေးမြန်းဖြေကြားထားသည်များကို ပြန်လည်တင်ပြလိုက်ပါသည် -**


ဒေါက်တာအောင်သန်းမောင်


ဦးလှိုင်စိုးသန့်


ဦးမောင်စိန်


ဦးဆောင်းဝင်းလတ်

**ဒေါက်တာအောင်သန်းမောင်**
**ရှမ်းပြည်နယ်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး**

မူဆယ် ကလေးစာပေပွဲတော်က ခရိုင်အဆင့် ဆောင်ရွက်တာဖြစ်ပါတယ်။ ခရိုင်အဆင့် ဆောင်ရွက်တာဆိုပေမယ့် တောင်ကြီးမြို့မှာ ပြည်နယ်အဆင့် ဆောင်ရွက်တာလောက်နီးပါ ပြည့်စုံတာကို တွေ့ရပါတယ်။ မူဆယ်ရဲ့အားသာချက်က ဘာလဲဆိုတော့ သူ့မှာ နေရာက အဆင်သင့်ဖြစ်တယ်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန နောက်တစ်ခုက မူဆယ်မြို့နယ်စီမံခန့်ခွဲမှုကော်မတီနဲ့ ပူးပေါင်းဆောင်ရွက်ပြီး ပြည်သူ ပြည်သားတွေ ဒေသခံတွေရဲ့ ပူးပေါင်းဆောင်ရွက်မှု၊ မိဘတွေ၊ အလှူရှင်တွေ ပူးပေါင်းပါဝင်မှုအားကောင်းပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရွှေလီဘက်ကလည်း လှူဒါန်းတာတွေရှိတဲ့အတွက် ကျွန်တော့်အနေနဲ့ အလွန်ဝမ်းသာပါတယ်။ ခရိုင်အဆင့်ဆိုပေမယ့် ပြည်နယ်အဆင့်လောက် အားကောင်းတာကို တွေ့ရပါတယ်။ ကလေးတွေကလည်း တော်တော်ပျော်နေတာတွေ့ရပါတယ်။ ဒီလိုပွဲမျိုး ခဏခဏလုပ်ပေးရင် ကလေးတွေအတွက် စာဖတ်ရှိန်မြင့်လာမယ်။ အနာဂတ်မှာ ခေါင်းဆောင်ငယ်တွေ ဖြစ်လာတဲ့အခါ ဆုံးဖြတ်တတ်တာ၊ ဆင်ခြင်တတ်တာတွေ နားလည်လာမယ်။ မူဆယ်ဆိုတာ ကျွန်တော်တို့ ရောက်ခဲ့ပါတယ်။ ကလေးစာပေပွဲတော် ဒီနေ့မြင်ရတဲ့ မြင်ကွင်းတစ်ခုမကျန် ဝမ်းသာပါတယ်။ ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးလှိုင်စိုးသန့်၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မူဆယ်ခရိုင်**

အနာဂတ်ရဲ့ခေါင်းဆောင်တွေ ဖြစ်လာမယ့်ကလေးတွေရဲ့ ဉာဏ်ရည်ဉာဏ်သွေးတွေ အယူအဆတွေ ထက်မြက်ဖို့၊ တီထွင်ဖန်တီးလိုစိတ်တွေ ရင့်သန်လာဖို့၊ ကလေးတွေ စာဖတ်ဝါသနာပါစေဖို့အတွက် အလှူအသီးသီး အလှူပေါင်းစုံကနေ စုပေါင်းပြီးတော့မှ အားလုံးက အထောက်အပံ့လုပ်ပြီး ဒီပွဲတော်ကြီးဖြစ်မြောက်အောင်လို့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဝမ်းသာပီတိကတော့ ပြောမပြတတ်အောင်ပါပဲ။ မူဆယ်ဒေသမှာဆိုရင် ဒီလိုပွဲမျိုး မကြုံကြိုက်ဖူးသေးဘူး။ ပွဲတော်မှာပါဝင်တဲ့ ကဗျာ၊ ကျပန်း၊ ပုံဆွဲ၊ အားကစားပြိုင်ပွဲတွေ၊ စာအုပ်အရောင်းပွဲတော်တွေ ဖန်တီးပေးထားတော့ ဗဟုသုတတွေ အများကြီးရတယ်။ ကလေးတွေပျော်ရွှင်ကြတယ်။ အဲ့ဒီအတွက် အတိုင်းမသိဝမ်းသာပါတယ်။

**ဦးမောင်စိန်၊ ဗဟိုစီးပွားရေးဇုန်တာဝန်ခံ၊ နယူးစတားလိုက်စ်ကုမ္ပဏီ**

မူဆယ်မှာ ကလေးစာပေပွဲတော် ပထမဆုံးအကြိမ် လက်ခံကျင်းပနိုင်တဲ့အတွက် ကလေးစာပေတွေကို အများကြီး အထောက်အကူဖြစ်မယ်လို့ ထင်မြင်ယူဆပါတယ်။ နောင်အနာဂတ် ကလေးငယ်တွေအတွက် စာပေဝါသနာတွေ ပါလာမယ်။ ပန်းချီဆွဲတာတွေ၊ ပုံပြင်ပြောပြိုင်ပွဲတွေပါဝင်တဲ့အတွက် ကလေးတွေအတွက် ပျော်စရာပါ။ ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ ပွဲတော်ကျင်းပနိုင်ဖို့အတွက် နေရာစီစဉ်ပေးတယ်။ ပြခန်းနေရာတွေ၊ ကလေးတွေအတွက် ပြိုင်ပွဲကျင်းပမယ့် နေရာတွေကို စီမံဆောင်ရွက်ပေးပါတယ်။ ပွဲတော်ရက် သုံးရက်လုံးမှာ လာရောက်ကြတဲ့ ပရိသတ်တွေအားလုံးကို စတုဒိသာ


မဟန်နှင်းစံ

ကျွေးမွေးသွားဖို့လည်း ပြင်ဆင်ထားပါတယ်။ ဒီပွဲတော်ကြီး အောင်မြင်စွာကျင်းပသွားနိုင်ဖို့အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနဲ့ ပူးပေါင်းပြီး ဆောင်ရွက်သွားပါမယ်။

**ဦးဆောင်းဝင်းလတ်၊ MIEC ကိုယ်ပိုင်အထက်တန်းကျောင်းအုပ်**

ကျွန်တော်ကတော့ မူဆယ်မြို့မှာ ကလေးစာပေပွဲတော် ကျင်းပပြုလုပ်တဲ့အတွက် အများကြီး ဝမ်းသာတယ်။ ကျွန်တော်တို့နယ်စပ်မှာ ဒါမျိုးပွဲတွေ လုပ်တယ်ဆိုတာ ဒါတကယ့်ရှားရှားပါးပါး ပထမဆုံးအကြိမ်ပါ။ ပြီးတော့ ကျွန်တော်တို့ နယ်စပ်မှာရှိတဲ့ ကလေးတွေ စာပေနဲ့ ပတ်သက်ပြီး အတွေ့အကြုံတွေ အများကြီးရတယ်။ စာဖတ်ချင်တဲ့စိတ်တွေ အများကြီးတိုးလာမယ်လို့ ထင်ပါတယ်။ ဒီပွဲတော်လုပ်တဲ့အတွက် အတိုင်းမသိဝမ်းသာတယ်။ နှစ်စဉ်နှစ်တိုင်းလည်း ဒီလိုပွဲမျိုးလုပ်ပါစေလို့ တောင်းဆိုချင်ပါတယ်။ ဘာလို့လဲဆို ကလေးတွေက


ဒေါ်မြင့်မြင့်ကြည်

နယ်စပ်မှာဆိုရင် စာပေပိုင်းမှာ အားနည်းတယ်။ တခြားနေရာတွေမှာ စိတ်အားထက်သန်တာတွေ လျော့ပြီးတော့ စာပေနဲ့ အားကစားမှာ စိတ်အားထက်သန်စေချင်တယ်။ ကလေးစာပေပွဲတော် ပြုလုပ်ပေးခြင်းအားဖြင့် ကလေးတွေရဲ့ စွမ်းဆောင်ရည်တွေ ကလေးတွေရဲ့စာပေချစ်မြတ်နိုးတဲ့စိတ်တွေ မွေးထုတ်ပေးနိုင်မယ်၊ ဖြစ်ပေါ်လာနိုင်မယ်လို့ ယုံကြည်မျှော်လင့်မိပါတယ်။

**မဟန်နှင်းစံ၊ တက္ကသိုလ်ဝင်တန်း၊ အောင် ကိုယ်ပိုင်အထက်တန်းကျောင်း**

ဒီပွဲကျင်းပရခြင်းအတွက် ကလေးတွေအတွက် အများကြီးအတွေ့အကြုံရပါတယ်။ ပြီးတော့ စာပေဗဟုသုတတွေကိုလည်း ပိုပြီးချစ်မြတ်နိုးတတ်စေလာပါတယ်။ ဒါကြောင့်မို့ ဒီလိုပွဲမျိုးတွေ ကျင်းပတာ အများကြီးကောင်းပါတယ်။ ဒီလိုကျင်းပတဲ့အတွက်လည်း အလွန်ပျော်ပါတယ်။ ကိုယ့်ဘဝမှာ တစ်ခါမှ မကြုံဖူးတဲ့ ပွဲမျိုးကို ကြုံရတဲ့အတွက်ပေါ့။ သမီးကိုယ်တိုင်ကလည်း စာပေကိုမြတ်နိုးတဲ့ အတွက် ဒီလိုပွဲမျိုးကိုလာရတာ အလွန်ကို ပျော်ပါတယ်။

**ဒေါ်မြင့်မြင့်ကြည်၊ ခရိုင်ပညာရေးမှူး**

ကလေးစာပေပွဲတော် လာရောက်ကျင်းပခြင်းကြောင့် ကျွန်မတို့ရဲ့ ဒီဒေသမှာ ကလေးတွေရဲ့ ဖွံ့ဖြိုးတိုးတက်ရေး အများကြီး အထောက်အကူဖြစ်ပါတယ်။ ကလေးတွေအတွက် စာပေယဉ်ကျေးမှု အစစအရာရာ ဗဟုသုတတွေ အများကြီးရပါတယ်။ ကလေးတွေရဲ့အရည်အသွေးလေးတွေ ဖော်ထုတ်ပြသနိုင်တဲ့ ပွဲလေးဆိုရင်လည်းမမှားပါဘူး။ သူတို့ရဲ့ဝါသနာလေးတွေ ဖော်ထုတ်ခွင့်ပေးတဲ့ သက်ဆိုင်


ကဗျာဆရာ မျိုးခိုင်(မူဆယ်)

သူတွေကိုလည်း အထူးပဲ ကျေးဇူးတင်ပါတယ်။

**ကဗျာဆရာ မျိုးခိုင်(မူဆယ်)**

ဒီနေ့ဟာ အင်မတန်မှ ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံတဲ့ နေ့လေးတစ်နေ့ပါ။ မူဆယ်မြို့ကြီးအတွက် အင်မတန်မှ တန်ဖိုးရှိတဲ့ပွဲတစ်ပွဲပါ။ ဒီပွဲကျင်းပပြုလုပ်ပေးတဲ့ ပြန်ကြားရေးဝန်ကြီးဌာနကိုလည်း အများကြီး ကျေးဇူးတင်ပါတယ်။ ဒီပွဲကျင်းပတဲ့အတွက် ရရှိတဲ့ အကျိုးအမြတ်တွေကတော့ အများကြီးပါပဲ။ အဓိကကတော့ ကလေးအချင်းချင်း ဆုံတွေ့ဖြစ်တယ်။ မိမိတို့ဖတ်ရှုရမယ့် ကလေးစာပေဟာ ဘာတွေလဲဆိုတာ သိရှိခွင့်ရရှိတယ်။ ပြီးတော့ စာရေးဆရာ၊ ကဗျာဆရာတွေနဲ့ ရင်းရင်းနှီးနှီး နွေးနွေးထွေးထွေး စကားတွေ ပြောခွင့်ရရှိမယ်။ နောက် ပုံပြင်ပြောတာ၊ ကျပန်းစကားပြောတာတွေအပြင် တိုင်းရင်းသားရိုးရာတွေရဲ့ ယဉ်ကျေးမှုရိုးရာပြခန်းတွေကို တစ်ဝကြီး ကြည့်ရှုခွင့်ရရှိသွားလိမ့်မယ်။ အဲ့ဒီအပြင် လူကြီးတွေဟာ ငါတို့ကလေးတွေအပေါ်ကို လေးလေးစားစား အလေးထားပြီးတော့မှ လုပ်ပေးပါလားဆိုတဲ့ အတွေးမျိုးရရှိသွားလိမ့်မယ်။ ဒါ အင်မတန်မှ ကလေးတွေအတွက် အကျိုးကျေးဇူးများစွာရရှိတဲ့ပွဲ တစ်ပွဲဖြစ်ပါတယ်။

**နန်းအေးယိင်းဆိုင်၊ မူဆယ်မြို့**

မူဆယ်ဆိုတာ စီးပွားရေးမြို့တော် ဖြစ်တဲ့အတွက် ပညာရေးဘက် သိပ်မလိုက်စားကြဘူး။ အခု ကလေးစာပေပွဲတော် လုပ်ပေးတဲ့အတွက် ကလေးတွေအတွက်လည်း ကောင်းတယ်။ ပြီးတော့ နောင်လာနောက်သားတွေ အတွက်လည်း ကောင်းတယ်။ မူဆယ်


နန်းအေးယိင်းဆိုင်

မြို့မှာ ဒေသပေါင်းစုံက လူတွေလာနေကြတာဆိုတော့ သူတို့တွေအတွက် စာပေအသိဗဟုသုတတွေ တိုးလာနိုင်မယ်လို့ မျှော်လင့်ပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ တိုးတက်မှုကို ပညာပေတံနဲ့တိုင်းကြတာဆိုတော့ ဒါကို သူတို့အားလုံး သဘောပေါက်နားလည်ပြီး လမ်းလွှဲမလိုက်နိုင်အောင် အတွေးအခေါ်တွေ၊ ပညာတွေ တိုးပွားလာမယ်လို့မြင်မိတယ်။ ဒီပွဲလေး ပြုလုပ်ပေးခြင်းအားဖြင့် ကလေးတွေ အချင်းချင်းရင်းနှီးမှုတွေလည်း ပိုလာလို့ သူတို့အတွက်လည်း အင်မတန်ကောင်းပါတယ်။

**တွေ့ဆုံမေးမြန်းနှင့်ဓာတ်ပုံ**
**စိုင်းထွန်းနေလှိုင်(ပြည်နယ် ပြန်/ဆက်)**

# မူဆယ်ခရိုင် ကလေးစာပေပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပ

**မူဆယ် ဒီဇင်ဘာ ၂၈**

အနာဂတ်နိုင်ငံတော်၏ ရင်နှစ်သည်းချာ အဖိုးတန်ရတနာလေးများဖြစ်သည့် ကလေးလူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ ကလေးလူငယ်များ စာပေဗဟုသုတ ရရှိစေရေး၊ ဉာဏ်ရည် ထက်မြက်စေရေးနှင့် ကလေးငယ်များ စွမ်းဆောင်ရည်မြှင့်တင်စေရေးတို့အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် မူဆယ်ခရိုင်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်း၍ ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ(မူဆယ်)ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် မူဆယ်မြို့ရှိ မင်္ဂလာ(မူဆယ်)၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

ရှေးဦးစွာ ရှမ်းပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်၊ လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးယောသပ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဖိုးမြတ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်သိန်း၊ ဦးကိန်မိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ ရှမ်းပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်၊ မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်၊ အရှေ့မြောက်တံခါးအများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက် အမှုဆောင်အရာရှိချုပ် ဦးအောင်ကျော်မိုးတို့က ကလေးစာပေပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

အခမ်းအနား ဒုတိယပိုင်းတွင် အထက(၂)နှင့် MIEC ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ကလေးစာပေပွဲတော် Theme Song တေးသီချင်းကို ကိုယ်တိုင်တီးခတ်သီဆို ဖွင့်လှစ်ပေးသည်။

ထို့နောက် ရှမ်းပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်က အဖွင့်အမှာစကားပြောကြားပြီး ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က အမှာစကားပြောကြားကာ မူဆယ်ခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများနှင့် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့တို့က တေးသီချင်းအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။




ဆက်လက်၍ ကလေးစာပေပွဲတော်ကို ပူးပေါင်းဆောင်ရွက်ပေးသည့် စေတနာရှင်၊ အလှူရှင်များ၊ ပညာရေးဌာနနှင့် လူမှုရေးအသင်းအဖွဲ့များအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ပြီး MIEC ကိုယ်ပိုင်ကျောင်းမှ ကျောင်းသား ကျောင်းသူများက **မြန်မာ့ကျောင်း**တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် တက်ရောက်လာကြသော ဧည့်သည်တော်များသည် ကလေးစာပေပွဲတော်တွင် ကျင်းပလျက်ရှိသည့် ပြိုင်ပွဲများ၊ စာအုပ်ဈေးရောင်းပွဲများနှင့် ခင်းကျင်းပြသထားသော ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

မူဆယ်ကလေးစာပေပွဲတော်ကို ဒီဇင်ဘာ ၃၀ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ(မူဆယ်)ဖွင့်ပွဲအခမ်းအနားတွင် တက်ရောက်လာကြသူများက ခင်းကျင်းပြသထားသည့်ပြခန်းများကို စိတ်ဝင်တစား ကြည့်ရှုအားပေးကြစဉ်။





မူဆယ် ကလေးစာပေပွဲတော် ဆေးရောင်ခြယ်ပြိုင်ပွဲတွင် ကလေးငယ်တစ်ဦး စိတ်ဝင်တစား ပါဝင်ယှဉ်ပြိုင်နေမှု (အပေါ်ပုံ) နှင့် အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နေသူတစ်ဦး (အောက်ပုံ) ကို တွေ့ရစဉ်။



မူဆယ် ကလေးစာပေပွဲတော် ဆေးရောင်ခြယ်ပြိုင်ပွဲတွင် ကျောင်းသူလေးများ ပါဝင်ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။



ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ(မူဆယ်)ဖွင့်ပွဲအခမ်းအနားတွင် လာရောက်ကြသူများဖြင့် စည်ကားလျက်ရှိစဉ်။

# ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း**

**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

**၁၃၈၀ ပြည့်နှစ်၊ လ ရက်**

**(၂၀၁၉ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ကျေးလက်ဒေသ** ဆိုသည်မှာ သက်ဆိုင်ရာ မြို့နယ်နိမိတ်၊ မြို့စည်ပင်သာယာရေးနယ်နိမိတ်နှင့် တပ်မြို့စည်ပင်သာယာရေးနယ်နိမိတ်အဖြစ် သတ်မှတ်ထားသော နယ်မြေတွင် ပါဝင်ခြင်းမရှိသော ကျေးရွာ သို့မဟုတ် ကျေးရွာအုပ်စုအဖြစ် သတ်မှတ်ဖွဲ့စည်းသည့် နယ်မြေအားလုံးကို ဆိုသည်။

(ဃ) **ကျေးလက်ဒေသအိမ်ရာ** ဆိုသည်မှာ ကျေးလက်ဒေသတွင် ဦးစီးဌာန၏ အစီအစဉ် သို့မဟုတ် ခွင့်ပြုချက်ဖြင့် ဆောက်လုပ်သော အိမ်ရာကို ဆိုသည်။

(င) **ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးလုပ်ငန်း** ဆိုသည်မှာ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း၏ မူဝါဒနှင့်အညီ လျှပ်စစ်ဓာတ်အားစနစ်ပြင်ပရှိ ကျေးလက်ဒေသတွင် ဦးစီးဌာနအစီအစဉ် သို့မဟုတ် ခွင့်ပြုချက်ဖြင့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်သောလုပ်ငန်းကို ဆိုသည်။

(စ) **အခြေခံအဆောက်အအုံများ** ဆိုသည်မှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သော အခြေခံပစ္စည်းကိရိယာများနှင့် အဆောက်အအုံများကို ဆိုသည်။

(ဆ) **အရင်းမပျောက်မတည်ရန်ပုံငွေ** ဆိုသည်မှာ ကျေးလက်ဒေသနေပြည်သူများ ဆင်းရဲနွမ်းပါးမှု လျော့နည်းစေရေးအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် ဝင်ငွေတိုးတက်လာစေရန် အများပိုင်ရန်ပုံငွေတစ်ရပ် မတည်ထူထောင်ပြီး အရင်းမပျောက် လည်ပတ်ဆောင်ရွက်သော ရန်ပုံငွေကို ဆိုသည်။

(ဇ) **ကြီးကြပ်မှုကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီကို ဆိုသည်။

(ဈ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။

(ည) **ဦးစီးဌာန** ဆိုသည်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို ဆိုသည်။

**အခန်း(၂)**

**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ခ) မြို့ပြနှင့်ကျေးလက်ဒေသအကြား လူမှုစီးပွားအဆင့်အတန်း ကွာဟချက်များ ကျဉ်းမြောင်းလာစေရန်၊

(ဂ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ရရှိနိုင်သော လူ့စွမ်းအားနှင့် ငွေကြေးအရင်းအနှီးများကို ထိရောက်အကျိုးရှိစွာ အသုံးချနိုင်ရန်၊

(ဃ) ကျေးလက်ဒေသနေပြည်သူများ၏ စွမ်းဆောင်ရည်တိုးတက်လာစေရေးနှင့် ဘေးအန္တရာယ်များ ကျရောက်လာပါက ကျေးလက်ဒေသများ၌ တုံ့ပြန်ကာကွယ်ဆောင်ရွက်နိုင်မှု အားကောင်းသော လူမှုအဖွဲ့အစည်းများ ဖြစ်ပေါ်လာစေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ရန်၊

(င) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းကို အားပေးမြှင့်တင်ရန်၊

(စ) ကျေးလက်ဒေသရေရရှိရေး၊ ကျေးလက်ဒေသနေ ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေးအဆင့်အတန်း တိုးတက်ကောင်းမွန်ရေး၊ ကျေးရွာတွင်းလမ်း၊ ကုန်ထုတ်လမ်းနှင့်တံတားများ တည်ဆောက်ပြုပြင်ထိန်းသိမ်းရေး၊ ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးနှင့် ကျေးလက်ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်။

**အခန်း(၃)**

**ကြီးကြပ်မှုကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ မူဝါဒချမှတ်နိုင်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းကြီးကြပ်ကွပ်ကဲနိုင်ရေးအတွက် ကြီးကြပ်မှုကော်မတီကို ဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ဒုတိယဝန်ကြီးက ဒုတိယဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ ဦးစီးဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ်က တွဲဖက်အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်အဆင့်အောက် မနိမ့်သည့် ပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ် လည်းကောင်း ပါဝင်ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသည့် ကြီးကြပ်မှုကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မူဝါဒများနှင့် လုပ်ငန်းစဉ်များ ချမှတ်ခြင်း၊

(ခ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်းသည့် နှစ်စဉ်၊ နှစ်တို၊ နှစ်ရှည်နှင့် ပင်မစီမံကိန်းများရေးဆွဲ၍ အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ဂ) အစိုးရအဖွဲ့ကအတည်ပြုချမှတ်ထားသည့် နှစ်စဉ်၊ နှစ်တို၊ နှစ်ရှည်နှင့် ပင်မစီမံကိန်းများကို သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကြီးကြပ်ခြင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းခြင်းနှင့် ဦးစီးဌာနအား တာဝန်ပေးအပ်ဆောင်ရွက်စေခြင်း၊

(ဃ) ကုလသမဂ္ဂအဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း၊ ပြည်ပနိုင်ငံ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သည့် အဖွဲ့အစည်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်း၊ လူထုအခြေပြုအဖွဲ့အစည်းနှင့် ပုဂ္ဂလိကများထံမှ ဘဏ္ဍာရေးနှင့်နည်းပညာအကူအညီများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဥပဒေနှင့်အညီ ရယူနိုင်ရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) ကျေးလက်ဒေသနေပြည်သူများ၏ အလုပ်အကိုင်နှင့် ဝင်ငွေတိုးတက်ရရှိနိုင်ရန် အရင်းမပျောက် မတည်ရန်ပုံငွေ ထူထောင်ပေးခြင်း၊

(စ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်သည့်ကော်မတီများ၊ အဖွဲ့များဖွဲ့စည်းခြင်း၊ လုပ်ငန်းတာဝန်များသတ်မှတ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဆ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီနှင့် လိုအပ်သလို ဆက်သွယ်ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်း၊

(ဇ) အစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

(ဈ) ဤဥပဒေ၏ ရည်ရွယ်ချက်များကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

**အခန်း(၄)**

**ဦးစီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၆။ ဦးစီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကြီးကြပ်မှုကော်မတီက တာဝန်ပေးအပ်သော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်းသည့် စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) ကျေးလက်ဒေသနေပြည်သူများက တင်ပြလာသည့် လိုအပ်ချက်များကို အခြေခံပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းများကို ဒေသအသီးသီးရှိ သက်ဆိုင်ရာအဖွဲ့များနှင့် ညှိနှိုင်းရေးဆွဲ၍ ကြီးကြပ်မှုကော်မတီသို့ တင်ပြခြင်း၊ အတည်ပြုချက်ရရှိပြီးက အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဂ) ကြီးကြပ်မှုကော်မတီက အတည်ပြုချမှတ်ပေးသည့် လုပ်ငန်းစီမံကိန်းများအတွက် ရန်ပုံငွေတွက်ချက်လျာထားတင်ပြခြင်း၊

(ဃ) ကြီးကြပ်မှုကော်မတီ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံတော်ဘဏ္ဍာ ရန်ပုံငွေဖြင့်ဖြစ်စေ၊ နိုင်ငံတကာအကူအညီအထောက်အပံ့များဖြင့် ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကများ၏ အကူအညီနှင့် ဒေသခံပြည်သူလူထု ထည့်ဝင်ငွေများ ပါဝင်ပူးပေါင်းဆောင်ရွက်မှုဖြင့်ဖြစ်စေ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ခြင်း-

(၁) ကျေးလက်ဒေသရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး၊

(၂) ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေး၊

(၃) ကျေးလက်ဒေသ အိမ်ရာတည်ဆောက်ခြင်း၊

(၄) ကျေးလက်ဒေသနေပြည်သူများ အလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေးလုပ်ငန်းများ ဖော်ထုတ်ဆောင်ရွက်ရန်အတွက် သတ်မှတ်ချက်နှင့်အညီ အရင်းမပျောက်မတည်ရန်ပုံငွေ ထူထောင်ပေးခြင်း၊

(၅) တစ်နိုင်တစ်ပိုင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းများအတွက် နည်းပညာ၊ ငွေကြေးအရင်းအနှီးနှင့် ဈေးကွက်ရရှိနိုင်ရေး စီစဉ်ဆောင်ရွက်ခြင်း၊

(၆) ကျေးလက်ဒေသနေပြည်သူများ၏ လုပ်ငန်းစွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံစက်မှုလက်မှု ကုန်ထုတ်လုပ်ငန်းဆိုင်ရာ လုပ်ငန်းခွင်သင်တန်း၊ အသက်မွေးဝမ်းကျောင်းသင်တန်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်နိုင်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(၇) ကျေးလက်ဒေသနေ ပြည်သူများကိုယ်တိုင် ပါဝင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အသေးစား အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်း၊ ဝင်ငွေတိုးလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဖော်ဆောင်ပေးခြင်း။

(င) ဦးစီးဌာန၏ကြီးကြပ်မှုဖြင့် အကောင်အထည်ဖော်သော လူထုအခြေပြုစီမံကိန်းများအရ ပြည်သူလူထုကိုယ်တိုင် ရွေးချယ်ဆုံးဖြတ်ဆောင်ရွက်ခွင့်ရှိသည့် ကျေးရွာတွင်း လမ်းနှင့်တံတား သို့မဟုတ် နိုင်ငံတကာအကူအညီဖြင့် ဆောင်ရွက်သော စီမံကိန်းများတွင် ပါဝင်သည့် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လမ်းများနှင့် တံတားများ တည်ဆောက် ခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်း၊

(စ) ကျေးလက်ဒေသနေ ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် သက်ဆိုင်သည့် အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) ကျေးလက်ဒေသများတွင် ဘေးအန္တရာယ် ကျရောက်လာပါက-

(၁) တုံ့ပြန်ကာကွယ်ဆောင်ရွက်နိုင်မှု အားကောင်းသော လူမှုအဖွဲ့အစည်းများ ဖြစ်ပေါ်လာစေရေး ကူညီဆောင်ရွက်ခြင်း၊

(၂) သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

(ဇ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ချက်များကို စောင့်ကြည့် စစ်ဆေးခြင်း၊ အကဲဖြတ်သုံးသပ်ခြင်းနှင့် အစီရင်ခံစာပြုစု၍ ကြီးကြပ်မှုကော်မတီသို့ တင်ပြခြင်း၊

(ဈ) သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့်အတူ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆိုင်ရာ အချက်အလက်များ ညှိနှိုင်းကောက်ယူခြင်း၊

(ည) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆိုင်သော သုတေသနလုပ်ငန်းအရပ်ရပ်ကို ဆောင်ရွက်ခြင်း၊

(ဋ) ကြီးကြပ်မှုကော်မတီ၏ သဘောတူညီချက်ဖြင့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကများထံမှ ဘဏ္ဍာရေးနှင့် နည်းပညာအကူအညီများကို ဥပဒေနှင့်အညီ ရယူ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဌ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် သက်ဆိုင်ရာမြို့နယ်နှင့် ကျေးရွာအလိုက် လိုအပ်သည့် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီ သို့မဟုတ် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဍ) နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာလုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီ သို့မဟုတ် လုပ်ငန်းအဖွဲ့များက အကောင်အထည်ဖော် နိုင်ခြင်းမရှိလျှင် သို့မဟုတ် ညွှန်ကြားချက်ကို လိုက်နာဆောင်ရွက်ခြင်းမရှိလျှင် ယင်းရန်ပုံငွေ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဝန်ကြီးဌာန၏ သဘောတူခွင့်ပြုချက်ဖြင့် ပြန်လည်သိမ်းယူခြင်း၊

(ဎ) ကျေးလက်ဒေသ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများကို အစိုးရ၊ ပြည်သူနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုစနစ်ဖြင့် ဆောင်ရွက်ခြင်း၊

(ဏ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်ရာတွင် ဝန်ထမ်းများ၊ လုပ်ငန်းကော်မတီများ၊ ဆပ်ကော်မတီများ သို့မဟုတ် လုပ်ငန်းအဖွဲ့များ အရည်အသွေး မြင့်မားတိုးတက်လာစေရေးအတွက် ပြည်တွင်းပြည်ပသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများ၊ နည်းပညာပြပွဲများနှင့် လေ့လာရေးခရီးများ စီစဉ်ဆောင်ရွက်ပေးခြင်း၊

*ဆက်လက်ဖော်ပြပါမည်*

# မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန သတင်းနှင့်ပြန်ကြားရေးဆိုင်ရာ သင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ဆောင်ရွက်ချက်များကို ပြည်သူလူထုအကြား မှန်ကန်မြန်ဆန်စွာသိရှိစေရေး သတင်းပေးပို့နိုင်ရန် ရည်ရွယ်သည့် သတင်းနှင့်ပြန်ကြားရေးဆိုင်ရာ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ ညနေ ၃ နာရီက နေပြည်တော်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝေလင်းမောင်က သင်တန်းဆင်းအမှာစကားပြောကြားသည်။



မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ရည်မှန်းချက်များဖြစ်သည့် အစားအစာဖူလုံရေး၊ အစားအစာဘေးကင်းလုံခြုံရေးနှင့် ကျေးလက်ဒေသ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဟူသော လုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် သတင်းအချက်အလက်များ၊ ပညာပေးအစီအစဉ်များကို ပြည်သူလူထုထံ ပိုမိုတိကျမြန်ဆန်စွာ ပေးအပ်နိုင်ရေးအတွက် ရည်ရွယ်၍ အဆိုပါသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

"ဌာနရဲ့ မူဝါဒနဲ့ကိုက်ညီတဲ့ သတင်းတွေကို စနစ်တကျရေးသားထုတ်ပြန်တတ်ဖို့ ဌာနရဲ့ ရည်မှန်းချက်ပန်းတိုင် ရောက်ရှိအောင် အကောင်အထည်ဖော်နေတဲ့ လုပ်ငန်းတွေကို မီဒီယာကနေ အချိန်နဲ့တစ်ပြေးညီ ပြည်သူတွေ သိရှိနိုင်ဖို့အတွက် ရည်ရွယ်ဖွင့်လှစ်ရခြင်းဖြစ်ပါတယ်"ဟု ညွှန်ကြားရေးမှူးချုပ်ဒေါက်တာရဲထွန်းဝင်းက သင်တန်းဖွင့်ပွဲနေ့က ပြောကြားသည်။

သင်တန်းတွင် အခြေခံသတင်းရေးသားခြင်း၊ သတင်းတည်းဖြတ်ခြင်း၊ သတင်းဓာတ်ပုံရွေးချယ်ခြင်း၊ သတင်းထုတ်ပြန်ခြင်းနှင့် အွန်လိုင်းသတင်းရေးသားခြင်း စသည့်ဘာသာရပ်များကို သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်မှ စာတည်းမှူးချုပ်နှင့် စာတည်းအဖွဲ့ဝင်တို့က စာတွေ့လက်တွေ့သင်ကြားပို့ချပေးခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့ တာဝန်ကျတဲ့ ဒေသအသီးသီးက ကျေးလက်ဒေသတွေမှာရှိတဲ့ မွေးမြူရေးတောင်သူတွေရဲ့ မွေးမြူရေးလုပ်ငန်းတွေ၊ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်တဲ့ ကိစ္စရပ်တွေနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ လုပ်ကိုင်ကြတဲ့ သတင်းအချက်အလက်တွေကို အချိန်နဲ့တစ်ပြေးညီ ရေးသားပေးပို့နိုင်တော့မှာ ဖြစ်ပါတယ်။ ဥပမာပြောရရင် တိရစ္ဆာန်ကနေ လူကိုကူးစက်တတ်တဲ့ ရောဂါတွေအကြောင်း၊ ကျေးလက်ဒေသတွေမှာ ကောင်းမွန်တဲ့ တိရစ္ဆာန်မွေးမြူရေးကျင့်စဉ်တွေနဲ့အညီ မွေးမြူတတ်လာအောင် စတဲ့အသိပညာပေးချက်တွေကို အရင်ကထက်ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် သိရှိလာအောင် သတင်းတွေ ထုတ်ပြန်နိုင်တော့မှာ ဖြစ်ပါတယ်"ဟု သင်တန်းသားတစ်ဦးဖြစ်သည့် ဒေါက်တာဝင်းစိုးက ပြောကြားသည်။

အဆိုပါသင်တန်းသည် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအတွက် ပထမဆုံးဖွင့်လှစ်သည့် သတင်းနှင့် ပြန်ကြားရေးဆိုင်ရာ သင်တန်းဖြစ်သည်။ သင်တန်းကို သင်တန်းသားသင်တန်းသူ ၂၁ ဦး တက်ရောက်ခဲ့ကြပြီး ဒီဇင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ သုံးရက်ကြာကျင်းပခဲ့ကြောင်း သိရသည်။

**မွေး / ကုသင်တန်းသားများ**

# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ခြောက်သန်းမြောက်ခရီးသည်ရောက်ရှိ




**ရန်ကုန် ဒီဇင်ဘာ ၂၈**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ စင်ကာပူလေကြောင်းလိုင်းဖြင့် ရောက်ရှိလာသော ခရီးသည်များအနက်မှ ခြောက်သန်းမြောက်ခရီးသည်ကို ယနေ့ နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ အခမ်းအနားဖြင့် ကြိုဆိုခဲ့သည်။

အဆိုပါ ခြောက်သန်းမြောက် ခရီးသည်ဖြစ်သော မဝင်းဝင်းအေးနှင့် မိသားစုသည် စင်ကာပူလေကြောင်းလိုင်း လေယာဉ်ခရီးစဉ်အမှတ် SQ 998 ဖြင့် ယနေ့ နံနက် ၉ နာရီ မိနစ် ၂၀ က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာခြင်းဖြစ်သည်။

ကံထူးရှင်ခရီးသည် မဝင်းဝင်းအေးနှင့် မိသားစုကို လေဆိပ်ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမြင့်ဌေး၊ ရန်ကုန်အေရိုဒရုန်းကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများနှင့် စင်ကာပူလေကြောင်းလိုင်းမှ တာဝန်ရှိသူများက ကြိုဆိုခဲ့ကြပြီး မြန်မာငွေကျပ်တစ်သန်းနှင့် အခြား မြန်မာငွေကျပ်တစ်သန်းတန်ဖိုးရှိ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။ ထို့ပြင် စင်ကာပူလေကြောင်းလိုင်းမှ လေယာဉ်ပုံစံငယ်ကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်ခဲ့သည်။ ခရီးစဉ်တစ်ခုအတွင်း စီးနင်းလိုက်ပါလာသော အခြားခရီးသည်များကိုလည်း ကံစမ်းမဲလက်မှတ်များနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့သည်။

ဩစတြေးလျနိုင်ငံ ပါသ့်မြို့တွင် ၁၀ နှစ်ကျော်နေထိုင်ပြီး ခရစ္စမတ်ကာလ မိသားစုပြန်ဆုံရန် မြန်မာနိုင်ငံသို့ ပြန်လာခဲ့ရာတွင် ယခုကဲ့သို့ ကံထူးရှင်ခရီးသည်အဖြစ် ရွေးချယ်ခံခဲ့ရမှုနှင့် ပတ်သက်၍ မဝင်းဝင်းအေးက "လေယာဉ်ကနေ ဆင်းလာတော့ သားလေးနာမည်လာခေါ်တော့ အလွန်အံ့အားသင့်သွားတာပေါ့။ ဘာများဖြစ်လဲပေါ့။ ကြောက်လည်းကြောက်တယ်။ နောက်တော့ ဝမ်းသာတာပေါ့။ အစ်မတို့အတွက် ပထမဆုံးအကြိမ်ပဲလေ။ အခုပြန်လာတာက ဒုတိယအခေါက်ပေါ့။ သားလေးနာမည်က ရာဇီရာမင်းပါ"ဟု ပြောကြားသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ၂၀၁၇ ခုနှစ်က ဝန်ဆောင်မှုပေးခဲ့သော ခရီးသည်ပမာဏ ၅ ဒသမ ၉၂ သန်းကို ကျော်လွန်၍ ယခု ၂၀၁၈ ခုနှစ်တွင် ခြောက်သန်းမြောက်ခရီးသည်ကို ကြိုဆိုနိုင်ခဲ့သည်။ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း မြှင့်တင်ရေးအတွက် ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်နှင့် ဆိုက်ရောက်ဗီဇာ ခွင့်ပြုပေးမှုများကြောင့် ခရီးသွားသူဦးရေ တိုးတက်လာခြင်းဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံသို့ အလည်အပတ်လာရောက်သော ခရီးသွားဦးရေသည် နှစ်စဉ်တိုးတက်လျက်ရှိကြောင်း သိရသည်။

"၂၀၁၉ ခုနှစ်မှာလည်း လေဆိပ်စွမ်းဆောင်ရည်တွေ၊ ဝန်ဆောင်မှုတွေကို စဉ်ဆက်မပြတ် အဆင့်မြှင့်တင်မှုတွေ ပြုလုပ်သွားမှာဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာ လေကြောင်းဆက်သွယ်မှုတွေကိုလည်း တိုးချဲ့ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ရန်ကုန်အေရိုဒရုန်းကုမ္ပဏီလီမိတက်၏ Chief Executive Officer Mr. Ho Chee Tong က ပြောကြားသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ဗန်ကောက်၊ စင်ကာပူ၊ ကွာလာလမ်ပူ၊ တိုကျို၊ ဆိုးလ်၊ ဒူဘိုင်းဒိုဟာ၊ ပေကျင်း၊ ဟောင်ကောင်၊ တိုင်ပေ အစရှိသောမြို့ကြီးများနှင့် ခြောက်နာရီကြာပျံသန်းနိုင်သော အကွာအဝေးတွင် တည်ရှိကြောင်း သိရသည်။ အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း ၃၁ လိုင်းနှင့် ခရီးစဉ် ၂၉ ခုကို ဝန်ဆောင်မှုပေးလျက်ရှိသော အပြည်ပြည်ဆိုင်ရာလေဆိပ်တစ်ခုဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - ထိန်လင်း**

# သုတေသနလုပ်ငန်းတွေကို တိုးမြှင့်လုပ်ဆောင်ပြီး ဆေးအမယ်သစ်များပေါ်ပေါက်အောင် ဝိုင်းဝန်းကြိုးပမ်းရမည်

**ပြည်သူများအား မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပိုမိုထိရောက်ကျယ်ပြန့်စွာ စောင့်ရှောက်နိုင်ရေးနှင့် မြန်မာ့တိုင်းရင်းပညာကဏ္ဍ တိုးတက်မြင့်မားရေးအတွက် ရည်ရွယ်ကျင်းပသည့် (၁၉)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နီးနှောဖလှယ်ပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂)တွင် ကျင်းပသည်။**



ဦးကြည်ဝင်း



ဆရာမိုး



မစန္ဒီလွင်မြင့်

အဆိုပါအခမ်းအနားတွင် တိုင်းရင်းဆေးဝါးထုတ်လုပ်သူများအား တိုင်းရင်းဆေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်နှင့် ခေတ်မီတိုင်းရင်းဆေးဝါးထုတ်လုပ်မှုကဏ္ဍများနှင့်ပတ်သက်၍ တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်-

**ဦးကြည်ဝင်း**
**ဆန္ဒမွန်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

(၁၉)ကြိမ်မြောက် တိုင်းရင်းဆေးသမားတော်များညီလာခံဟာ အရင်နှစ်တွေထက်ထူးခြားတာကို တွေ့ရပါတယ်။ ဆေးလောက ဘက်စုံမြင့်မားရေးအတွက်ကို ဝိုင်းဝန်းကြိုးစားဖို့ နိုင်ငံတော်က တိုက်တွန်းထားတာကိုလည်း တွေ့ရပါတယ်။ ဒါကြောင့် သုတေသနလုပ်ငန်းတွေကို တိုးမြှင့်လုပ်ဆောင်ပြီး ဆေးဖိုသစ်တွေ၊ အမယ်သစ်တွေ ပေါ်ပေါက်အောင်လည်း ဝိုင်းဝန်းကြိုးစားရမှာ ဖြစ်ပါတယ်။ ဆေးဝါးထုတ်လုပ်တဲ့နေရာမှာလည်း အလွန်အစွမ်းထက်တဲ့ ဆေးဝါးတွေရရှိဖို့အတွက် တိုင်းရင်းဆေးဦးစီးဌာနက GMP သင်တန်းတွေကို ထုတ်လုပ်သူတွေအနေနဲ့ တက်ရောက်ခွင့်ရတဲ့အတွက် အများကြီးအကျိုးရှိပါတယ်။ ဆေးဝါးထုတ်လုပ်သူအနေနဲ့လည်း ဒီညီလာခံကြီးမှာ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရတဲ့အတွက် ဂုဏ်ယူပါတယ်။ တိုင်းရင်းဆေးပညာရှင်တွေကို စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် လေ့ကျင့်ပေးနိုင်ရင်တော့ သမားတုသမားယောင်တွေကို ဟန့်တားနိုင်မှာဖြစ်တဲ့အပြင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနဲ့ ရည်မှန်းချက်ဖြစ်တဲ့ ကျေးလက်ဒေသ အောက်ခြေအထိပါ ကျန်းမာရေး အသိပညာပေးခြင်းနဲ့ ပြည်သူတွေရဲ့ ကျန်းမာရေးကို စောင့်ရှောက်ပေးနိုင်မှာ ဖြစ်တဲ့အပြင် အလုပ်အကိုင်အခွင့်အလမ်းတွေလည်း ရရှိလာမှာ ဖြစ်ပါတယ်။

အခုဆိုရင် တိုင်းရင်းဆေးလောကဟာ စနစ်တကျသင်ကြားထားတဲ့ ပညာရှင်တွေ ဆေးထုတ်ရာမှာလည်း ISO၊ GMP စက်ရုံများနဲ့အတူ ခေတ်စနစ်နဲ့အညီ တိုင်းရင်းဆေးကောင်စီဥပဒေအသစ်ကိုလည်း ပြည်သူ့လွှတ်တော်က အတည်ပြုပြီးဖြစ်လို့ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်မယ့် အလားအလာကို တွေ့မြင်နေရပြီ ဖြစ်ပါတယ်။

**ဆရာမိုး**
**မုံရွာဆရာမိုး တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးကုမ္ပဏီလီမိတက်**

မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးကနေ ဆေးငါးမျိုးထုတ်လုပ်ရောင်းချပါတယ်။ အာဆီယံစံချိန်စံညွှန်းနဲ့အညီ ဆေးဝါးတွေကို ISO နည်းပညာတွေနဲ့အညီ အရည်အသွေးပြည့်မီအောင် ထိန်းသိမ်းထုတ်လုပ်ထားပါတယ်။ ISO လက်မှတ်လည်း ရရှိထားပြီးဖြစ်ပါတယ်။ အဓိကဖြန့်ချိတဲ့ဆေးကတော့ ရှောက်တစ်လုံးဝမ်းမှန်ဆေးနဲ့ အမောလုံးနှလုံးအားဆေးပဲဖြစ်ပါတယ်။ ရှေ့ဆက်ပြီး ဆေးဝါးတွေကို အရည်အသွေး ကောင်းသထက်ကောင်းအောင် ထိန်းသိမ်းသွားပါမယ်။ ဆေးဝါးတွေကို သုံးစွဲကြတဲ့ ရဟန်းရှင်လူပြည်သူများ ကျန်းမာအသက်ရှည်စေဖို့ ရည်ရွယ်ပြီး ထုတ်လုပ်ထားတဲ့အတွက် ကျန်းမာသက်ရှည်ကြပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။

**မစန္ဒီလွင်မြင့်**
**မုဒြာတိုင်းရင်းဆေးတိုက်**

ကျွန်မတို့ဆေးတိုက်က လွန်ခဲ့တဲ့နှစ်ပေါင်း ၃၀ ကျော်လောက်ကတည်းက စတင်ဖွင့်လှစ်ခဲ့တာ ဖြစ်ပါတယ်။ ဆေးတိုက်မှာ အဓိကကုသတာကတော့ အကြောပြင်ပညာ၊ လေဖြတ်တာ၊ ထုံတာ၊ ကျဉ်တာ၊ အကြောတက်တာတွေကို ကုသပေးပါတယ်။ ဆေးဝါးထုတ်လုပ်တဲ့အပိုင်းကတော့ သောက်ဆေးကတော့ အမျိုး ၂၀ ထုတ်ပါတယ်။ လိမ်းဆေးအနေနဲ့ကတော့ မုဒြာအကြောပြေ ဒဏ်ကြေလိမ်းဆေးနဲ့ အကြောပြေလိမ်းဆေးအမှုန့်ဆိုပြီးတော့ နှစ်မျိုးထုတ်ပါတယ်။ ကျွန်မအနေနဲ့က အဖေဖြစ်သူဆီကနေ တိုင်းရင်းဆေးပညာအမွေကို လက်ဆင့်ကမ်းရယူပြီးတော့ လက်ရှိထုတ်လုပ်နေတဲ့ ဆေးဝါးတွေကို အဆင့်မီအောင် ထုတ်လုပ်သွားဖို့နဲ့ ဈေးကွက်ထဲကို ဖြန့်ချိမယ်။ အဲဒီအတွက်လည်း နေပြည်တော်မှာဖွင့်တဲ့ GMP သင်တန်း ၁/၂၀၁၈ကို တက်ဖြစ်ပါတယ်။ ထုတ်လုပ်မယ့်အပိုင်းကိုလည်း ဒီ GMP နည်းပညာတွေအသုံးချပြီး ဒီထက်မက ကောင်းမွန်တဲ့ထုတ်လုပ်မှုပုံစံနဲ့ ထုတ်လုပ်သွားမယ်လို့ ရည်မှန်းထားပါတယ်။


ဒါတွေအပြင် လူငယ်တွေအနေနဲ့ တိုင်းရင်းဆေးညီလာခံကို တက်ရတာ တော်တော်အကျိုးရှိပါတယ်။ နောင်မျိုးဆက်တွေအနေနဲ့ ဒီညီလာခံကို တက်ရတဲ့အတွက်ရယ်၊ ပြပွဲတွေ ခင်းကျင်းပြသရတဲ့အတွက်ကြောင့် နည်းပညာတွေ အများကြီးဖလှယ်နိုင်တယ်။ နောက်ပြီး ထုတ်လုပ်သူတွေအချင်းချင်း ပူးပေါင်းလက်တွဲရတဲ့အတွက် တိုင်းရင်းဆေးဝါးကဏ္ဍ တိုးတက်လာတယ်။ ထုတ်လုပ်သူချင်းလည်း ညီညီညွတ်ညွတ်နဲ့ အသိပညာချင်းဖလှယ် ပြီးတော့ ပိုမိုကောင်းမွန်တဲ့ ဆေးဝါးတွေကို ပြည်သူတွေထံကို ထုတ်လုပ်ရောင်းချနိုင်မယ်လို့ ထင်ပါတယ်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**
**ဓာတ်ပုံ-မေဦးမိုး**

## ခွာညိုပန်းနှင့်မြင်းခင်းပွဲ အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် ရောင်းချပေးမည်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ (၁၂)လရာသီ ပွဲတော်များနှင့် ပန်းများ အထိမ်းအမှတ်၊ ပြာသိုလအတွက် ခွာညိုပန်းနှင့်မြင်းခင်းပွဲ အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုးအား ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၆ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း (၁)ရက် (တနင်္ဂနွေ)နေ့ နံနက် ၉ နာရီခွဲမှစတင်၍ တိုင်းဒေသကြီး/ပြည်နယ်များရှိ လုပ်ငန်းပြည့် စာတိုက်အသီးသီးတွင် ရောင်းချပေးသွားမည်ဖြစ်သည်။




အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန် စာတိုက်ကြီးနှင့် မန္တလေး စာတိုက်ကြီးတို့၌ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့၌ ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများနှင့် ပထမနေ့စာအိတ် (Firstday Cover)များပေါ်တွင် နေ့စွဲအမှတ်အသား တံဆိပ်ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အထူးထုတ် စာပို့ တံဆိပ်ခေါင်းအသစ်သုံးမျိုး ရောင်းချမည်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ ၂၀၁၉ ခုနှစ် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အထူးထုတ် စာပို့တံဆိပ်ခေါင်းအသစ်သုံးမျိုးအား ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၄ ရက်၊ သောကြာနေ့ နံနက် ၉ နာရီခွဲမှစတင်၍ တိုင်းဒေသကြီး/ပြည်နယ်များရှိ လုပ်ငန်းပြည့် စာတိုက်အသီးသီးတွင် ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန် စာတိုက်ကြီးနှင့် မန္တလေး စာတိုက်ကြီးတို့၌ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်၌ ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများနှင့် ပထမနေ့ စာအိတ် (Firstday Cover) များပေါ်တွင် နေ့စွဲအမှတ်အသား တံဆိပ်ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




## လွတ်လပ်ရေးနေ့ ကြိုဆိုဂုဏ်ပြုသောအားဖြင့် အင်းဝဘဏ်လီမိတက် မော်ဘီဘဏ်ခွဲ ဖွင့်လှစ်

**ရန်ကုန် ဒီဇင်ဘာ ၂၈**



(၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် အင်းဝဘဏ်လီမိတက် မော်ဘီဘဏ်ခွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါဘဏ်ခွဲ ပရဝဏ်တွင် ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်စိုးမိုး၊ အင်းဝဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ငွေဦးနှင့် အင်းဝဘဏ်လီမိတက်အထွေထွေမန်နေဂျာ ဦးစိုးလွင်ကျော်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်ပုံက အင်းဝဘဏ်လီမိတက်မော်ဘီဘဏ်ခွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ တက်ရောက်လာသော ဧည့်သည်တော်များနှင့်အတူ ဘဏ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ဖွင့်လှစ်လိုက်သော အင်းဝဘဏ်လီမိတက် မော်ဘီဘဏ်ခွဲသည် အင်းဝဘဏ်လီမိတက်၏ (၅၆)ခုမြောက် ဘဏ်ခွဲဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ရန်ကုန်-ပြည်လမ်း အဆင့်မြင့် စစ်မှုထမ်းဟောင်းအိမ်ရာဝင်း (ကြက်ဖြူကန်)တွင် ဖွင့်လှစ်ထားရှိသည်။

အင်းဝဘဏ်လီမိတက်အနေဖြင့် ပြည်တွင်းငွေလွှဲဝန်ဆောင်မှု လုပ်ငန်းများအပြင် ငွေစုဘဏ်အပ်ငွေအပေါ် အတိုးနှုန်း ကိုး ရာခိုင်နှုန်းနှင့် စာရင်းသေအပ်ငွေအပေါ် ငွေစုဆောင်းသူများ၏ သဘောဆန္ဒအလျောက် စုဆောင်းသည့် အချိန်ကာလအပိုင်းအခြားအပေါ် မူတည်၍ ၁၀ ရာခိုင်နှုန်းအထိ အတိုးနှုန်းများပေးအပ်လျက်ရှိပြီး စီးပွားရေးလုပ်ငန်းမတည် ရင်းနှီးလုပ်ကိုင်လိုသူများအတွက် ချေးငွေများထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## စတီရီယိုခေတ်ဦး အဆိုတော်ကြီး လားရှိုးသိန်းအောင်(ခေါ်) ဂျင်မီဂျက်ကွယ်လွန်



၁၉၇၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အတွင်း အအောင်မြင်ဆုံး ခေတ်ဦးစတီရီယိုတေးသီချင်းများဖြစ်သည့် "အမေတစ်ခု သားတစ်ခု "၊ "နှုတ်မဆက်နဲ့ ငိုချင်တယ်"၊ "ပန်းဘုရင်မလေး" စသည့် သီချင်းများဖြင့် ဂီတလောက၏ ကြယ်တစ်ပွင့်ဖြစ်သူ အဆိုတော်ကြီး လားရှိုးသိန်းအောင်(ခ)ဂျင်မီဂျက်သည် အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ဟူစတန်မြို့ရှိနေအိမ်တွင် မြန်မာစံတော်ချိန် ဒီဇင်ဘာ ၂၈ ရက်နေ့ မွန်းလွဲ ၂ နာရီ ၂၈ မိနစ်တွင် နှလုံးရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရသည်။

"အန်တီတို့နဲ့က နှစ်ပေါင်းများစွာလက်တွဲခဲ့တဲ့ သူငယ်ချင်းတစ်ယောက်၊ အခုလို ရုတ်တရက်ကြီးကွယ်လွန်သွားတယ်ကြားသိရတော့ အင်မတန်ကို ဝမ်းနည်းရတာပေါ့။ သူနဲ့ သီချင်းတွေ အများကြီးဆိုခဲ့ဖူးတယ်။ အထူးသဖြင့် အမှတ်တရရှိခဲ့တဲ့ သီချင်းလေးတွေက အရိုကိုအရှိအတိုင်း၊ အပြိုင်အဆိုင်ဖူးစာ၊ တစ်ဆင့်စကားတစ်ဆင့်နား ၊ ဒီသီချင်းလေးတွေက အမှတ်တရပါပဲ။ ကွယ်လွန်သွားတဲ့အတွက် အင်မတန်မှကို စိတ်မကောင်းဖြစ်မိပါတယ်။ မိသားစုနဲ့ထပ်တူ ဝမ်းနည်းမိတာပါပဲ " ဟု အဆိုတော် ဒေါ်နွဲ့ယဉ်ဝင်းက ဆိုသည်။

အဆိုတော်ကြီး လားရှိုးသိန်းအောင်သည် အသက် ( ၇၂ နှစ်) ရှိပြီဖြစ်ပြီး တေးသီချင်းပေါင်းများစွာကို သီဆိုခဲ့သူလည်းဖြစ်သည်။ သူ၏ နောက်ဆုံးတစ်ကိုယ်တော် ဂီတဖျော်ဖြေပွဲကို အမှတ်တရကျင်းပရန် မြန်မာပြည်သို့ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်က ရောက်ရှိခဲ့ဖူးသည်။ အဆိုပါပွဲသည် ၎င်းမြန်မာနိုင်ငံမှ ထွက်ခွာသွားခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော်အကြာတွင် ပြုလုပ်ခဲ့ သော ရှိုးပွဲလည်းဖြစ်သည်။

လားရှိုးသိန်းအောင် (ခေါ်) ဂျင်မီဂျက်သည် ၁၉၇၂ ခုနှစ်တွင် တစ်ပါတီစနစ်ကို ဆန့်ကျင်ကာ စွန့်စားလိုသည့် ဝါသနာအတွက် တောခိုသွားခဲ့ပြီး အမေရိကန် နိုင်ငံတွင် ဂီတလုပ်ငန်းအပါအဝင် ပရဟိတလုပ်ငန်းများလုပ်ကိုင်ရင်း အမေရိကန် နိုင်ငံသူ တစ်ဦးနှင့် အိမ်ထောင်ကျကာ သမီးတစ်ယောက်၊ သားနှစ်ယောက်ရရှိခဲ့သည်။

**ကိုလင်း**

## ဒို့ကျေးရွာဂျာနယ် အတွဲ(၁၆)၊ အမှတ်(၁) ထုတ်ဝေဖြန့်ချိ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ နှစ်ပတ်တစ်ကြိမ် ထုတ်ဝေလျက်ရှိသည့် ဒို့ကျေးရွာဂျာနယ်ကို အသွင်သဏ္ဍာန် အနှစ်သာရ ပြောင်းလဲကာ ရောင်စုံစာမျက်နှာများဖြင့် ဝေဝေဆာဆာ ထုတ်ဝေဖြန့်ချိလျက်ရှိရာ အတွဲ(၁၆)၊ အမှတ်(၁)ကို ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

၁-၁-၂၀၁၉ ရက်နေ့ထုတ် ဒို့ကျေးရွာဂျာနယ် အတွဲ(၁၆)၊ အမှတ်(၁)တွင် မြန်မာ့ဖရဲသီး အာဆီယံ စံချိန်စံညွှန်း၊ နိုင်ငံစိုက်ပျိုးရေးအတွက် နည်းပညာပံ့ပိုးမှုများ လိုအပ်လျက်ရှိ စသည့် စိုက်ပျိုးရေးဆိုင်ရာသတင်းနှင့် ဆောင်းပါးများ၊ ကျွဲ၊ နွားများ ကျန်းမာရေးရတက်အေးစေဖို့၊ ကြက်မွေးမည်ဆိုလျှင် သားထိန်းကောင်းသော ကြက်မျိုးကို မွေးမြူသင့်၊ တစ်နိုင်တစ်ပိုင်မှသည် စီးပွားဖြစ်မွေးမြူရေးအဖြစ် လုပ်ဆောင်နိုင်သည့် ဘဲမွေးမြူရေး စသည့် မွေးမြူရေးဆိုင်ရာဆောင်းပါးများ၊ ဆရာကြီး လယ်တွင်းသားစောချစ်၏ ဒုတိယအရွယ် အခန်းဆက် ဝတ္ထုရှည်၊ ဉာဏ်ပညာရှိသော အပ်ချုပ်သမားလေး ပုံပြင်၊ မရှိမဖြစ်သည့်ဆား အသုံးတွင်သည့် ဆိုရိုးစကား၊ ဘိုးဘိုးအောင်၏ ဝလုံးကလေးများ စသည့် သုတရသဆောင်းပါးများ၊ ဆောင်းရာသီတွင် ဖြစ်ပွားတတ်သော ရောဂါများ၊ ကျန်းမာအသက်ရှည်စေရန် အသိဉာဏ်ဖြင့် နေထိုင်စားသောက်ရမည် စသည့် ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ မိုးအားကိုးစိုက် တောင်သူလယ်သမားများ တွေ့ကြုံနေရသော အခက်အခဲများနှင့် ဖြေရှင်းကျော်လွှားနည်းစနစ်များ (အင်တာဗျူး)၊ ကျေးလက်နေပြည်သူများ သောက်သုံးရေ အဆင်ပြေစေရန် အဝီစိစက်ရေတွင်းတူးဖော်၊ လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းခွဲများ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ဆောင်ရွက်လျက်ရှိ စသည်ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်းပါးများ၊ ဒို့ကျေးရွာ ပေးစာများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ နိုင်ငံတကာနှင့် ပြည်တွင်းမျက်မှောက်ရေးရာ သတင်းများ၊ အင်တာဗျူး၊ ကျေးလက်ရသကဗျာ၊ ကာတွန်း၊ ဟာသ၊ အနုပညာကဏ္ဍ၊ အားကစား၊ ဗေဒင်၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိုးလေဝသခန့်မှန်းချက် စသည့် ဗဟုသုတရရှိစေမည့် အကြောင်းအရာများကို သုတရသ စုံလင်စွာဖြင့် ဖတ်ရှုရမည်ဖြစ်ကြောင်း သိရသည်။




**မြန်မာ့အလင်း**

## နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီ လုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ၁၃-၁၂-၂၀၁၈ ရက်နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ၁၅-၁၀-၂၀၁၈ ရက်နေ့မှ ၁၆-၁၁-၂၀၁၈ ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြု လက်မှတ်လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ငါးဦးကို လည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ်တစ်ဦး၊ အထွေထွေ ၂၀ ဦး၊ ပေါင်း ၂၁ ဦးကို လည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်းလျှောက်ထားသူ ကိုးဦးကို လည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၅၄၇ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၅၀၆ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၁၄၁ ဦး စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၁၉၄ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါသည်။ **ပြန်ကြားရေးဝန်ကြီးဌာန**

## မြန်မာ့ရုပ်မြင်သံကြား

၂၉-၁၂-၂၀၁၈ (စနေနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၃၅ - ပြည်သူ့အတွက် ဥပဒေစကားပိုင်း "ရာဇဝတ်ပြစ်မှုတစ်ခု ကျူးလွန်သည် ဆိုရာဝယ်"
၉း၃၅ - စာတတ်သူတိုင်း စာဖတ်ရေး
၁၁း၃၅ - ချစ်စရာ့အရွယ် ကစားကြမယ်
၁၂း၃၅ - "စေညွှန်ရာ" နေခွေး၊ ချစ်စန်းဦး၊ မေဘရဏီသော်၊ ဖူးပွင့်သခင် (ဒါရိုက်တာ-ကျော်နှင်းဆီ)
၁၃း၃၀ - ဟိုတုန်းက ... ကက်ဆက်ဇာတ်လမ်းများ "မငြိမ်းနဲ့ ချွတ်ခန်း" စောမြတ်နိုး၊ ဘလိတ်၊ အောင်မင်းဆွေ၊ ချိုတေးလွင်လွင် (ဒါရိုက်တာ-သီတာလင်း)

**ညပိုင်း**

၁၇း၀၅ - ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၈း၃၅ - Tasty Trip
၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးမပြေ" (အပိုင်း-၅၂)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - "ရာဇဝင်ထဲက သမိုင်းအနုပညာ" ဆီမီးခုံတံတား
- တမ်းတမ်းတတဖြစ်ခဲ့ရသော ရုပ်ရှင်တေးများ
- မြန်မာ့ဂန္ထဝင် ရုပ်ရှင် "ဒူးမထောက် လက်မမြှောက်" (ပထမပိုင်း) ညွှန့်ဝင်း၊ အောင်အောင်၊ ဆွေဇင်ထိုက်၊ နွဲ့နွဲ့မူ (ဒါရိုက်တာ-ထူးကျော်)

# ကွန်ဟိန်းတွင် လမ်းဘေးဓာတ်တိုင်ဝင်တိုက်မိသည့်ယာဉ်ကိုစစ်ဆေးရာမှ ဘိန်းဖြူ ၅၁၉ ဒသမ ၂၉၄ ကီလို သိမ်းဆည်းရမိ

**ကွန်ဟိန်း ဒီဇင်ဘာ ၂၈**

ရှမ်းပြည်နယ်တောင်ပိုင်း ကွန်ဟိန်းမြို့ အမှတ်(၁)ရပ်ကွက် ကွန်ဟိန်းတံတား အနီး လမ်းဟောင်းတွင် ဒီဇင်ဘာ ၂၈ ရက် ညနေ ၄ နာရီခွဲခန့်က လမ်းဘေးဓာတ်တိုင် ဝင်တိုက်မိသည့် ခြောက်ဘီးယာဉ်တစ်စီးကို စစ်ဆေးရာမှ ဘိန်းဖြူ ၅၁၉ ဒသမ ၂၉၄ ကီလို တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့သည်။



ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၈ ရက် ညနေ ၄နာရီခွဲခန့်က ကွန်ဟိန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ဝင်းသိန်း၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ကျော်ဆန်းလင်းနှင့်အဖွဲ့သည် ကွန်ဟိန်းမြို့ အမှတ်(၁)ရပ်ကွက် ကွန်ဟိန်းတံတားအနီး လမ်းဟောင်းတွင် လမ်းဘေးဓာတ်တိုင်ဝင်တိုက်မိသည့် ယာဉ်အမှတ် 4B/---- နစ်ဆန်း ခြောက်ဘီးယာဉ်ကို သွားရောက်စစ်ဆေးရာ ယာဉ်ပိုင်ရှင် ဒေါ်ပါစံကို တွေ့ရှိပြီး ယာဉ်ပေါ်တွင် ပြောင်းဆန်အိတ် ၂၃ အိတ်အတွင်း သို့ဝှက်သယ်ဆောင်လာသော ဘိန်းဖြူ ၅၁၉ ဒသမ ၂၉၄ ကီလို ကာလတန်ဖိုးငွေကျပ်သိန်းပေါင်း ၁၀၃၈၅၈ ဒသမ ၈ သိန်းနှင့် မူးယစ်ဆေးဝါးများ ချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်/ ပစ္စည်းပိုင်ရှင်ဖြစ်သူ ဒေါ်ပါစံ (၆၀ နှစ်) အမှတ် ၃/၁၂၅ ရပ်ကွက် (၃) လွိုင်ကော်လမ်းနေသူနှင့် ယာဉ်မောင်းဖြစ်သူ စိုင်းပီ (၃၆ နှစ်) တို့ကို ကွန်ဟိန်းမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **နီတိုး**

# လှိုင်သာယာမြို့နယ်တွင် ဆိုင်ကယ်ခိုးယူသူကို စစ်ဆေးရာမှ နောက်ထပ်ဆိုင်ကယ်ခိုးမှု ကိုးမှု ဖော်ထုတ်နိုင်ခဲ့

**ရန်ကုန် ဒီဇင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက မိမိတိုင်းဒေသကြီး နယ်မြေအတွင်း ဒုစရိုက်မှုများ ရှာဖွေဖော်ထုတ် စုံစမ်းဖမ်းဆီးသွားရန် ညွှန်ကြားချက်အရ မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် နယ်မြေအတွင်း ခိုး၊ ဆိုး၊ လု၊ နှိုက်သတင်းများ စုံစမ်းနေစဉ် လှိုင်သာယာမြို့နယ် အမှတ် (၆)ရပ်ကွက် နဝဒေးအိမ်ရာ ချစ်စုလမ်းမတွင် ရဲထက်(ခ)တင်ဝင်းနိုင်က နံပါတ်ပါ LIFAN -110 အမျိုးအစား အနက်ရောင်ဆိုင်ကယ်တွန်းယူလာသည်ကို မသင်္ကာဖွယ်တွေ့ရှိရသဖြင့် စစ်ဆေးမေးမြန်းရာ ၎င်းတွန်းယူလာသောဆိုင်ကယ်ကို ဒီဇင်ဘာ ၂၄ ရက်က နဝဒေးအိမ်ရာဝင်း အမှတ်(၂) ဘလောက်စ်လမ်း ခြံဝင်းတစ်ခုအတွင်းရှိ နေအိမ်ဆင်ဝင်အောက်တွင် သော့တန်းလန်းဖြင့် ရပ်တန့်ထားသည်ကို တွေ့ရှိရ၍ ခိုးယူလာခြင်းဖြစ်ကြောင်း သိရသည်။



ပြစ်မှုကျူးလွန်သူ ရဲထက်(ခ)တင်ဝင်းနိုင် နှင့်သက်သေခံဆိုင်ကယ်များ

ဖမ်းဆီးရမိသူ လှိုင်သာယာမြို့နယ် အမှတ်(၂)ရပ်ကွက် အောင်မင်္ဂလာပတ်လမ်းနေ ရဲထက်(ခ)တင်ဝင်းနိုင် (၂၃ နှစ်)အား ထပ်မံစစ်ဆေးရာ ၎င်းသည် ၂၀၁၈ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် လှိုင်သာယာမြို့နယ် အမှတ်(၆)ရပ်ကွက် နဝဒေးအိမ်ရာဝင်းအတွင်းရှိ နေအိမ်ခြံဝင်းများမှ MOLISA -110 အမျိုးအစား ဆိုင်ကယ်တစ်စီး၊ အင်ဂျင်အဖုံး VEVEBO ကိုယ်ထည် JLM -110 အမျိုးအစားဆိုင်ကယ်တစ်စီး၊ LUOJIA အမျိုးအစား ဆိုင်ကယ်တစ်စီး၊ SUNBO CZI -125 အမျိုးအစား ဆိုင်ကယ်တစ်စီး၊ CANDA CZI-125 အမျိုးအစား ဆိုင်ကယ်တစ်စီး၊ Follow me CZI -125 အမျိုးအစား ဆိုင်ကယ်တစ်စီး၊ JLM -110 အမျိုးအစား ဆိုင်ကယ်တစ်စီး၊ HONDA အမျိုးအစား ဆိုင်ကယ်တစ်စီးတို့ကို ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ ရဲထက်(ခ)တင်ဝင်းနိုင်ကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပြီး သက်သေခံဆိုင်ကယ်များနှင့်စပ်လျဉ်း၍ ပိုင်ရှင်များ လှိုင်သာယာမြို့မရဲစခန်းသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

မောင်တောမြို့နယ် အမှတ်(၅) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ နယ်မြေ(၁) ဗန္ဓုလရဲကင်းစခန်းမှ ယာယီရဲမှူး မြင့်ဌေး ဦးစီးတပ်ဖွဲ့ဝင်များ၊ စကားပြန်တစ်ဦးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၁၁)နယ်ခြားစောင့်တပ် Targupara ကင်းစခန်းမှ ဒုစခန်းမှူး Naib Subedar Md. Ahsan Ullah ဦးစီးတပ်ဖွဲ့ဝင်များ၊ စကားပြန်၊ လမ်းပြသုံးဦးတို့သည် ဒီဇင်ဘာ ၂၇ ရက် နံနက် ၇ နာရီခွဲက မိမိတို့ နိုင်ငံ အသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ်မှတ်တိုင် (၅၂)မှ(၅၃)အထိ နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# ပုဏ္ဏားကျွန်းမြို့နယ်၌ ဓားခုတ်မှုဖြစ်ပြီး အမျိုးသမီးတစ်ဦးသေဆုံး

**ပုဏ္ဏားကျွန်း ဒီဇင်ဘာ ၂၈**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် ခမီကြိမ်ချောင်းကျေးရွာ၌ ဓားခုတ်မှုဖြစ်၍ အမျိုးသမီးတစ်ဦး ပွဲချင်းပြီး သေဆုံးသွားကြောင်း မြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၇ ရက် ညသန်းခေါင်ကျော်က ပုဏ္ဏားကျွန်းမြို့နယ် ခမီကြိမ်ချောင်းကျေးရွာနေ ဒေါ်နေလင်းမေသည် အသက်(၁၂)အရွယ် ၎င်း၏ညီမငယ် မနေခင်စိုး၊ သားဖြစ်သူ မောင်ဟန်ချစ်ဦး၊ သမီးငယ် မပန်းဖြူတို့နှင့်အတူ အိပ်ပျော်နေစဉ် တစ်ရွာတည်းနေ ဦးမောင်မြင့်က နေအိမ်ပေါ်သို့တက်လာပြီး ဒေါ်နေလင်းမေကို ဓားနှင့်ခုတ်ခဲ့ရာ ဒေါ်နေလင်းမေတွင် ဒဏ်ရာများရရှိကာ ပွဲချင်းပြီးသေဆုံးသွားသည်။

**ဖမ်းဆီးရမိ**

ထို့အတူ ဒေါ်နေလင်းမေ၏ ညီမဖြစ်သူအား ဓားဖြင့်ဆက်ခုတ်ရာ ဒဏ်ရာများရရှိသဖြင့် ပုဏ္ဏားကျွန်းမြို့နယ် ဆေးရုံသို့ ပို့ဆောင်ထားပြီး သေဆုံးသူ ဒေါ်နေလင်းမေ၏ခင်ပွန်း ဦးနီထွန်းအောင်၏ တိုင်တန်းချက်အရ မြို့မရဲစခန်းမှ ဒုရဲမှူးခင်မောင်အေးနှင့် နယ်ထိန်းရဲတပ်ဖွဲ့က အမှုဖွင့်စုံစမ်းခဲ့ရာ ယင်းနေ့ မွန်းလွဲ ၂ နာရီခန့်တွင် ဖမ်းဆီးရမိခဲ့သဖြင့် ပြစ်မှုကျူးလွန်သူ ဦးမောင်မြင့် (၂၆ နှစ်)ကို အရေးယူထားကြောင်း ပုဏ္ဏားကျွန်း(မြို့မ)ရဲစခန်းမှူးထံမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ငဖဲမြို့နယ်တွင် ဘိန်းစိမ်းများ သိမ်းဆည်းရမိမှု လူသုံးဦးအား ဖမ်းဆီး

**ငဖဲ ဒီဇင်ဘာ ၂၈**

ငဖဲမြို့ ကျောင်းတွင်းရပ်ကွက်အနီးရှိ တဲအတွင်းမှ ဒီဇင်ဘာ ၂၇ ရက်က ဘိန်းစိမ်းများ သိမ်းဆည်းရမိခဲ့မှုနှင့် ပတ်သက်၍ လူသုံးဦးကို ဖမ်းဆီးအမှုဖွင့်ထားကြောင်း ငဖဲမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မကွေးမြို့ အမှတ်(၁၅) မူးယစ်တပ်ဖွဲ့စုမှ ရဲအုပ်သန်းဇော်လတ် ဦးစီးသောတပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၇ ရက်က ငဖဲမြို့ ကျောင်းတွင်းရပ်ကွက်နေ မပမယ်(ခ)မလုလုဝင်း (၄၃ နှစ်)၏ နေအိမ်တဲကို ဝင်ရောက်ရှာဖွေရာ မပမယ်(ခ)မလုလုဝင်းနှင့်အတူ ငဖဲမြို့နယ် ကံရွာကျေးရွာနေ ဦးနယ်(၄၄ နှစ်)နှင့် ငဖဲမြို့နယ် ချင်းမကျေးရွာနေ မမြင့်မြင့်ဝါ(၅၀ နှစ်)တို့ကို တွေ့ရှိရပြီး တဲအတွင်းမှ ဘိန်းစိမ်း ၇၆ ထုပ်၊ အလေးချိန် ၁၂၀ ဂရမ်ခန့်နှင့် ငွေစက္ကူရောရာ ၂၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မပမယ်(ခ)မလုလုဝင်း၊ မမြင့်မြင့်ဝါနှင့် ဦးနယ်တို့ကို ငဖဲမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ကျော်ဇေယျ**

# ဟိုပုံး၊ ဆီဆိုင်နှင့် ပင်လောင်းမြို့နယ်တို့၌ ဘိန်းခင်းများ ဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ဟိုပုံးမြို့နယ် ဗန်းစောက်ကျေးရွာ အနောက်မြောက်ဘက် ခြောက်ဖာလုံခန့်အကွာ၌ ဟိုပုံးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းဟန် ဦးစီးပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၇ ရက် နံနက် ၇ နာရီ ၄၅ မိနစ်က အမြင့် သုံးပေခန့်ရှိ ဘိန်းစိုက်ခင်း ၂၆ ဧကခန့်ကို ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

အလားတူ ဆီဆိုင်မြို့နယ် ထီဒေးကျေးရွာ၌ ဘိန်းစိုက်ခင်း ၁၂ ဧကခန့်ကို လည်းကောင်း၊ ပင်လောင်းမြို့နယ် တောင်လေးကျေးရွာပါနှစ်ရွာ၌ ဘိန်းစိုက်ခင်း ၂၅ ဧကခန့်ကို လည်းကောင်း ဖျက်ဆီး ရှင်းလင်းခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# ရေပူစစ်ဆေးရေးအဖွဲ့ ယာဉ်စစ်ဆေးရာမှ ကျောက်စိမ်းတုံးဖြတ်စများ စစ်ဆေးတွေ့ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၂၇ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၈၉၄ စီး၊ သွင်းကုန် ၇၀၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၃ စီး၊ သွင်းကုန် ၁၇၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သောကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၇ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇ ဒသမ ၂ သန်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၅၅၄ သန်း စုစုပေါင်းတားဆီးမှု သုံးမှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈ ဒသမ ၇၅၄ သန်းကို ဖမ်းဆီးရမိခဲ့သည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဒီဇင်ဘာ ၂၇ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် နစ်ဆန်းအေဒီဘင်ယာဉ်အား စစ်ဆေးခဲ့ရာ ယာဉ်၏နောက်ဖုံး၊ ထိုင်ခုံအောက်များနှင့် ရှေ့ဘီး(ဝဲ၊ယာ) အကာများတွင် အံဝှက်ပြုလုပ်၍ သိုဝှက်သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံး၊ အပိုင်းအစ၊ ဖြတ်စဆိုက်စုံ ၃၀၄ ကီလိုဂရမ်နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် တစ်စီး၊ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၇ ဒသမ ၂ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တရုတ်ဘုန်းကြီးဟန်ဆောင် အလှူခံနေသည့် တရုတ်နိုင်ငံသား လေးဦးအား ပြည်နှင်ဒဏ်ပေး

**မန္တလေး ဒီဇင်ဘာ ၂၈**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်အတွင်း တရုတ်ဘုန်းကြီးဟန်ဆောင် အလှူခံနေသည့် တရုတ်နိုင်ငံသားလေးဦးကို လဝက အက်ဥပဒေပုဒ်မ ၇(၂)အရ လုပ်ထုံးလုပ်နည်းနှင့်အညီ ဒီဇင်ဘာ ၂၇ ရက်က ပြည်နှင်ဒဏ်ပေးခဲ့သည်။

အဆိုပါ တရုတ်ဘုန်းကြီးဟန်ဆောင်အလှူခံနေသည့် တရုတ်နိုင်ငံသား လေးဦးကို ဒီဇင်ဘာ ၉ ရက်က မြို့နယ်သံဃနာယကအဖွဲ့က စစ်ဆေး၍ တာဝန်ရှိသူများထံ လွှဲပြောင်းပေးခဲ့ခြင်းဖြစ်ပြီး ၎င်းတို့တည်းခိုရာ ဟိုတယ်အခန်းတွင်လည်း အမျိုးသားအဝတ်အစားများ၊ ပုတီးကုံးများနှင့် ဘုရားပုံပါလည်ဆွဲများကို ထပ်မံတွေ့ရှိခဲ့သည်။

**၀၄၀**

**ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

# အသံထက် အဆ ၂၀ ပိုမြန်သည့် ဒုံးကျည်များ ဖြန့်ကြက်ချထားရန် အသင့်ရှိကြောင်း ရုရှားသမ္မတ ပြောကြား



ရုရှားသမ္မတ ဗလာဒီမာပူတင်ကို အမျိုးသားကာကွယ်ရေးထိန်းချုပ်စင်တာ၌ တွေ့ရစဉ်။

**မော်စကို ဒီဇင်ဘာ ၂၈**

နျူကလီးယားလက်နက်များကို သယ်ဆောင်နိုင်စွမ်းရှိပြီး အသံထက် အဆ ၂၀ ခန့် ပိုမိုမြန်ဆန်သည့် နှုန်းဖြင့် ပျံသန်းနိုင်သည့် ဒုံးကျည်များကို လာမည့်နှစ်တွင် ရုရှားနိုင်ငံအတွင်း၌ ချထားမည်ဖြစ်သည်ဟု ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြောကြားလိုက်ကြောင်း သိရသည်။

ရုရှားသည် အာဗန်ဂါဒ့် (Avangard) အမည်ရှိ ဒုံးကျည်ကို အောင်အောင်မြင်မြင် စမ်းသပ်ပစ်လွှတ်နိုင်ခဲ့ပြီး အဆိုပါဒုံးကျည်သည် ကီလိုမီတာ ၆၀၀၀ အကွာ ကမ်ချက်ကာ ကျွန်းဆွယ်ရှိ သတ်မှတ်ထားသည့် လေ့ကျင့်ရေးပစ်မှတ်ကို ထိမှန်ခဲ့ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က မော်စကိုရှိ သတင်းထောက်များအား ပြောကြားခဲ့သည်။

ရုရှားသည် ၅ မီတာခန့်အရှည်ရှိပြီး တောင်ပံပါရှိသည့် အာဗန်ဂါ့ဒ် ဒုံးကျည်တီထွင်ထုတ်လုပ်မှု ကို လွန်ခဲ့သည့် ၁၅နှစ်ကတည်းက စတင်လုပ်ဆောင်ခဲ့ကြောင်းသိရသည်။

အဆိုပါဒုံးကျည်ကို ပစ်လွှတ်ပြီးနောက်တွင် ရန်သူ၏ ဒုံးကျည်ကာကွယ်ရေးစနစ်ကို ရှောင်ကွင်းပြီး ရေပြင်ညီအနေအထားဖြင့် ပျံသန်းနိုင်စေရန် ပုံစံရေးဆွဲထားသည်ဟု ဖော်ပြထား သည်။

မည်သည့်ဒုံးကျည်ကာကွယ်ရေးစနစ်ကမျှ အာဗန်ဂါ့ဒ်ကို ကြားဖြတ်တားဆီးနိုင်လိမ့်မည် မဟုတ်သည့်အတွက် ကြီးမားသည့်အောင်မြင်မှုတစ်ခုဖြစ်သည်ဟု သမ္မတပူတင်က ပြောခဲ့သည်။

သမ္မတပူတင်သည် ပြီးခဲ့သည့်မတ်လက ရုရှားနိုင်ငံ၏ နျူကလီးယား ဟန့်တားနိုင်စွမ်းကို လျော့ပါးစေနိုင်သည်ဟု ၎င်းက ပြောဆိုခဲ့သည့် အမေရိကန်၏ ဒုံးကျည်ကာကွယ်ရေးစနစ်တီထွင်မှုကို တုံ့ပြန်သည့်အနေဖြင့် ရုရှား၏ နျူကလီးယားလက်နက်များကို အားဖြည့်သွားမည်ဖြစ်သည်ဟု အလေးအနက် ပြောကြားခဲ့သည်။

**ဆင်ဟွာ၊ အေအက်ဖ်ပီ**

# ဆော်ဒီဘုရင် အစိုးရပြန်လည်ဖွဲ့စည်းရန် အမိန့်ထုတ်ပြန်

**ရီယာ့ဒ် ဒီဇင်ဘာ ၂၈**

ဆော်ဒီဘုရင် ဆယ်လ်မင်န်သည် အစိုးရပြန်လည်ဖွဲ့စည်းရေးလုပ်ဆောင်ရန်အတွက် ဒီဇင်ဘာ ၂၇ ရက်က အမိန့်ထုတ်ပြန်ခဲ့သည်။ အစိုးရပြန်လည်ဖွဲ့စည်းရေးတွင် နိုင်ငံခြားရေးနှင့် ပြန်ကြားရေးဝန်ကြီးများကို အစားထိုးခန့်အပ်မှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ဖော်ပြထားသည်။

သတင်းထောက် ခါရှော့ဂီသေဆုံးခဲ့သည့် ကိစ္စနှင့်ပတ်သက်ပြီး နိုင်ငံတကာ အသိုင်းအဝိုင်းအလယ်တွင် နိုင်ငံ၏ပုံရိပ်ကို ကျဆင်းစေသောကြောင့် ယခုလို ရာထူးအပြောင်းအလဲများ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အသစ်ထုတ်ပြန်လိုက်သော ဆော်ဒီဘုရင်၏ အမိန့်ထုတ်ပြန်ချက်အရ ယခင်ဘဏ္ဍာရေးဝန်ကြီး အီဘရာဟင် အယ်လ်အာဆက်ဖ်သည် နိုင်ငံခြားရေးဝန်ကြီးဖြစ်လာမည်ဖြစ်ကာ နိုင်ငံခြားရေးဝန်ကြီးဖြစ်သူ အဒယ်အယ်လ်ဂျူဘားသည် ရာထူးအဆင့် လျော့ကျသွားပြီး ယင်းဌာနတွင်ပင် အငယ်တန်းဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

ယခင်ပြန်ကြားရေးဝန်ကြီး အော်ဝက်အယ်လ်အော်ဝက်နေရာတွင် တာကီ အယ်လ် ရှာဘာနားကို အစားထိုးခန့်အပ်သွားမည်ဖြစ်ပြီး အော်ဝက်အယ်လ်အော်ဝက်ကို တော်ဝင်တရားရုံးအကြံပေးအဖြစ် အမည်စာရင်းတင်သွင်းခဲ့ကြောင်း သိရသည်။

သတင်းထောက် ခါရှော့ဂီသေဆုံးခဲ့သည့်ဖြစ်စဉ်သည် နိုင်ငံကို ထိန်းကျောင်းအုပ်ချုပ်နေသူ အသက် ၃၃ နှစ်ရှိ မင်းသားမိုဟာမက်ကို ယိမ်းယိုင်အောင်ထိုးနှက်ခဲ့သော်လည်း မိုဟာမက်က ခါရှော့ဂီသေဆုံးမှုတွင် ပါဝင်ပတ်သက်ခြင်းမရှိကြောင်း ငြင်းဆိုခဲ့သည်။

ထို့အတူ ခါရှော့ဂီသေဆုံးခဲ့သည့်ဖြစ်စဉ်သည် မိုဟာမက်အား ရာထူးမှလျော့ဆင်းသွားအောင်လည်း မစွမ်းဆောင်နိုင်ခဲ့သလို အစိုးရပြန်လည်ဖွဲ့စည်းပုံတွင်လည်း ၎င်းအနေဖြင့် စစ်ဘက်ဆိုင်ရာနှင့် လုံခြုံရေးပိုင်းဆိုင်ရာများတွင် လုပ်ပိုင်ခွင့်များ ဆက်လက်ရနေဆဲဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**



အစိုးရပြန်လည်ဖွဲ့စည်းရေးလုပ်ဆောင်ရန် အမိန့်ထုတ်ပြန်ခဲ့သည့် ဆော်ဒီဘုရင် ဆယ်လ်မင်န်။

# ဆန်ဒါရေလက်ကြားရှိ မီးတောင်သတိပေးချက်ကို အင်ဒိုနီးရှားအစိုးရ အဆင့်တိုးသတ်မှတ်

**ဂျကာတာ ဒီဇင်ဘာ ၂၈**

အင်ဒိုနီးရှားနိုင်ငံတွင် ပြီးခဲ့သည့်ရက်သတ္တပတ်က လူအများအပြားကို အသက်ဆုံးရှုံးစေခဲ့သည့် ဆူနာမီဖြစ်ပွားမှု၏ အကြောင်းရင်းတစ်ခုဟု ယူဆရသည့် မီးတောင်ပေါက်ကွဲမှု အခြေအနေနှင့်ပတ်သက်ပြီး အင်ဒိုနီးရှားအစိုးရက သတိပေးချက်အဆင့်တိုးသတ်မှတ်လိုက်ကြောင်း သိရသည်။ အနက်ခ်ကာရာကာတိုရာမီးတောင်နှင့်ပတ်သက်သည့် သတိပေးချက် အဆင့်လေးဆင့်ရှိသည့်အနက် ဒုတိယအမြင့်ဆုံးအဆင့်အဖြစ် ဘူမိဗေဒဆိုင်ရာ အာဏာပိုင်များက ကြာသပတေးနေ့တွင် အဆင့်သတ်မှတ်လိုက်သည်။ မီးတောင်ပေါက်ကွဲမှု ပိုမိုဖြစ်ပွားလာချိန်တွင် ဆူနာမီဖြစ်ပေါ်နိုင်ခြေနှင့်စပ်လျဉ်းသည့် သတိပေးချက်အသစ်ကို ထုတ်ပြန်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် စနေနေ့က ဂျာဗားကျွန်းနှင့်ဆူမားတြားကျွန်းများအကြား ဆန်ဒါရေလက်ကြားတွင် ဆူနာမီဖြစ်ပေါ်ခဲ့ရာ လူရာနှင့်ချီ၍ သေဆုံးခဲ့သည်။ သဘာဝဘေးစီမံခန့်ခွဲရေးအာဏာပိုင်များက သေဆုံးသူအရေအတွက် ၄၃၀ ကျော်ရှိကြောင်း အတည်ပြုနိုင်ခဲ့ပြီး ၁၅၉ဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်းသိရသည်။

အနက်ခ်ကာရာကာတိုရာမီးတောင်၏ အစိတ်အပိုင်းတစ်ခု ပြိုပျက်ခဲ့မှုက ဆူနာမီဖြစ်ပေါ်စေခဲ့သည်ဟု ယူဆရကြောင်း မိုးလေဝသအာဏာပိုင်များကဆိုသည်။ အင်ဒိုနီးရှားပြည်သူများအနေဖြင့် မီးတောင်ဝမှ ၅ကီလိုမီတာအကွာခန့် အနီးတစ်ဝိုက်တွင် နေထိုင်ခြင်းမပြုကြရန် အာဏာပိုင်များက တိုက်တွန်းထားသည်။ ကန့်သတ်ဇရိယာကို ယခင်က ၂ ကီလိုမီတာအကွာခန့်အထိ သတ်မှတ်ထားရာမှ ယခုအခါ ကန့်သတ်ဇရိယာ ပိုမိုကျယ်ပြန့်လာကြောင်းသိရသည်။

**အင်န်အိတ်ချ်ကေ**

# နိုင်ငံရေးအာဏာကိုအလွဲသုံးခဲ့သည့် တရုတ်ဒုတိယထောက်လှမ်းရေးအကြီးအကဲဟောင်းကို ထောင်ဒဏ်တစ်သက်တစ်ကျွန်း ချမှတ်




**ပေကျင်း ဒီဇင်ဘာ ၂၈**

တရုတ် ဒုတိယထောက်လှမ်းရေးအကြီးအကဲဟောင်း မာဂျန်ကို အဂတိလိုက်စားမှုဖြင့် ထောင်ဒဏ်တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း သိရသည်။

၎င်းသည် လာဘ်ငွေရယူမှုနှင့် စီးပွားရေးကုမ္ပဏီများ၏ စတော့အရောင်းအဝယ် မသမာမှုအပါအဝင် ရာဇဝတ်ပြစ်မှုများ ကျူးလွန်ခဲ့သည်ကို တွေ့ရကြောင်း တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း တာ့လျန်ဆိပ်ကမ်းမြို့ တရားရုံးက ပြောခဲ့သည်။

တရုတ်နိုင်ငံတော် လုံခြုံရေးဗျူရိုတွင် ဒုတိယဝန်ကြီးတာဝန်ထမ်းဆောင်ခဲ့သည့် ၎င်းကို ဒဏ်ငွေအဖြစ် ယွမ်သန်း ၅၀ ကျော် (အမေရိကန်ဒေါ်လာ ၇ ဒသမ ၃၅ သန်း) ချမှတ်လိုက်ကြောင်း သိရသည်။

၎င်းသည် နိုင်ငံရေးအာဏာကိုအသုံးချပြီး တရုတ်အာဏာပိုင်များ အလိုရှိနေသည့် အိမ်ခြံမြေဘီလျံနာ သူဌေးကြီးဖြစ်သူ ဂိုဝမ်ဂွေ၏ စီးပွားရေးလုပ်ငန်းများကို ကူညီပံ့ပိုးခဲ့ကြောင်း တရားရုံး၏ ကြေညာချက်တွင် ဖော်ပြထားသည်။

နယူးယောက်တွင် အခြေစိုက်နေထိုင်နေသည့် သူဌေးကြီးဂိုက လက်ရှိတရုတ်ကွန်မြူနစ်ပါတီအကြီးတန်းအရာရှိများ လာဘ်စားထားကြောင်းစွပ်စွဲထားသည့် ရုပ်သံဖိုင်ကို အွန်လိုင်းတွင် လွှင့်တင်ခဲ့ကြောင်း သိရသည်။

အဂတိလိုက်စားမှုတိုက်ဖျက်မည်ဟု ကြွေးကြော်ခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် သမ္မတဖြစ်လာသူ ရှီကျင့်ဖျင်လက်ထက်တွင် မာသည် အဂတိလိုက်စားမှုဖြင့် နောက်ဆုံး အရေးယူခံရသည့် အရာရှိကြီးတစ်ဦးဖြစ်ကြောင်း သိရသည်။

အဂတိလိုက်စားမှုဖြင့် ထောင်ဒဏ်တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ချမှတ်ခံလိုက်ရသည့် တရုတ်ဒုတိယထောက်လှမ်းရေး အကြီးအကဲ ဟောင်း မာဂျန်ကို တွေ့ရစဉ်။

**အေအက်ဖ်ပီ**

## နိုင်ငံတကာ သတင်းတိုထွာ

### ယူကရိန်းသမ္မတ ညမထွက်ရအမိန့် ပြန်ရုပ်သိမ်း

**ကီယက်ဗ် ဒီဇင်ဘာ ၂၈**

ယူကရိန်းနိုင်ငံ သမ္မတ ပီထရိုပိုရိုရှန်ကိုသည် ယူကရိန်းနိုင်ငံ အချို့ဒေသများတွင် ပြဋ္ဌာန်းထားသည့် ညမထွက်ရအမိန့်ကို ရုပ်သိမ်းလိုက်ကြောင်း မကြာသေးမီက ကြေညာလိုက်သည်။

ညမထွက်ရအမိန့်ထုတ်ပြန်ခဲ့သဖြင့် တပ်ဖွဲ့ဝင်များ ပြန်လည်ဖြန့်ကြက်ထားနိုင်ခြင်း၊ ထိပ်တိုက်ရင်ဆိုင်မှုတိုက်ပွဲများ အားလျှော့ချပေးနိုင်ခြင်း၊ အရန်တပ်ဖွဲ့ဝင်နှင့် လက်နက်ထောက်ပံ့မှုများ တိုးတက်စေခဲ့ကြောင်းနှင့် ယူကရိန်းနိုင်ငံ၏ လက်နက်ကိုင်တပ်ဖွဲ့၏ စွမ်းအင်ကို ဖွံ့ဖြိုးတိုးတက်စေခဲ့ကြောင်း သိရသည်။

ထို့အပြင် ညမထွက်ရအမိန့်သည် ယူကရိန်းနိုင်ငံ၏ စီးပွားရေးနှင့် လူ့အခွင့်အရေးပေါ် ဆိုးကျိုးမသက်ရောက်စေကြောင်း ပိုရိုရှန်ကိုက ပြောခဲ့သည်။

ယူကရိန်းနိုင်ငံသည် ကာ့ဒ်ရေလက်ကြားအရေးနှင့် ပတ်သက်ပြီး ရုရှားနိုင်ငံနှင့် တင်းမာမှုများမြင့်တက်လာမှုကြောင့် နိုဝင်ဘာ ၂၆ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ရုရှားနှင့် ထိစပ်နေသည့် နယ်စပ်ဒေသ ၁၀ ခုတွင် ညမထွက်ရအမိန့်တစ်ရပ်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

### အမေရိကန်အစိုးရ ယန္တရား လည်ပတ်ရန် ကြန့်ကြာနိုင်

**ဝါရှင်တန် ဒီဇင်ဘာ ၂၈**

အထက်လွှတ်တော်နှင့် အောက်လွှတ်တော်နှစ်ရပ်စလုံးတွင် အမေရိကန် အစိုးရယန္တရားတစ်စိတ်တစ်ပိုင်း ပြန်လည်လည်ပတ်ရန် အခုအချိန်အထိ အဖြေရှာမတွေ့သေးကြောင်း သိရပြီး အစိုးရယန္တရားရပ်ဆိုင်းမှုသည် လာမည့် ၂၀၁၉ ခုနှစ် နှစ်စပိုင်းအထိ ကြန့်ကြာမည့်သဘောရှိကြောင်း သိရသည်။

ဒီဇင်ဘာ ၂၇ ရက်က အထက်လွှတ်တော်နှင့် အောက်လွှတ်တော်နှစ်ရပ်စလုံး မိနစ်အနည်းငယ်ကြာသည့် အစည်းအဝေးပွဲများ ခေါ်ယူခဲ့သော်လည်း အစိုးရယန္တရား ပြန်လည်လည်ပတ်နိုင်ရေး ထည့်သွင်းဆွေးနွေးခြင်းမရှိခဲ့ကြောင်း သိရသည်။

လာမည့် ဒီဇင်ဘာ ၃၁ ရက်တွင် အစည်းအဝေးများ ခေါ်ယူရန်ရှိသော်လည်း ထိရောက်သည့်ဆွေးနွေးမှုများလုပ်ဆောင်ရန် အစီအစဉ်မရှိကြောင်း သိရသည်။

ထရမ့်သည် အမေရိကန်-မက္ကဆီကို နယ်စပ်တံတိုင်းကာရံရန် ဒေါ်လာ ငါးဘီလီယံတောင်းဆိုမှု မအောင်မြင်မချင်း ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မကြာသေးမီက သတင်းထောက်များကို ပြောကြားခဲ့သလို ယခုအခါတွင် မူးယစ်ဆေး၊ လူမှောင်ခိုရောင်းဝယ်မှုနှင့် လူဆိုးဂိုဏ်းများ နိုင်ငံအတွင်း အများအပြားဝင်ရောက်လာနေကြောင်း ၎င်း၏ တွစ်တာအကောင့်မှ တစ်ဆင့် ဖော်ပြခဲ့သည်။ ယခုကဲ့သို့ အစိုးရယန္တရား ပိတ်ထားမှုသည် ဖက်ဒရယ်အစိုးရဝန်ထမ်း ပေါင်း ရှစ်သိန်းအပေါ် သက်ရောက်မှုရှိကြောင်းသိရပြီး တချို့မှာ လုပ်ခလစာမရဘဲ အလုပ်ဆင်းနေကြရကြောင်း သိရသည်။ **အေအက်ဖ်ပီ**

# ဆုတောင်းပေးကြစို့

**ထွန်းသစ်စ**

**အင်ဒိုနီးရှားနိုင်ငံမှာ နောက်တစ်ကြိမ် မီးတောင်ပေါက်ကွဲနိုင်ခြေရှိတဲ့ အန္တရာယ်သတိပေးချက်တစ်ခုကို ဒီဇင်ဘာ ၂၇ ရက်မှာ ထပ်မံထုတ်ပြန်ဖော်ပြလိုက်တာဟာ ဒေသခံပြည်သူတွေအတွက် ဘူးလေးရာဖရုံဆင့် ဖြစ်ခဲ့ရပါတယ်။ မကြာသေးမီ ဒီဇင်ဘာ ၂၂ ရက် (စနေနေ့)ညကမှ ဆူနာမီဖြစ်ပွားခဲ့တဲ့အတွက် လူပေါင်း ၄၀၀ ကျော်သေဆုံးခဲ့ရသလို ရာချီပျောက်ဆုံးရုံတင်မက ဒဏ်ရာရရှိသူ ထောင်ချီရှိခဲ့တဲ့ ဝမ်းနည်းဖွယ်ဖြစ်ရပ်ဆိုးကြီးကို တွေ့ကြုံခံစားခဲ့ရတဲ့ ဒေသခံပြည်သူတွေအတွက် နောက်တစ်ခါ မီးတောင်ပေါက်ကွဲနိုင်ခြေရှိတယ်ဆိုတဲ့ သတင်းက အိပ်မက်ဆိုးကြီးတစ်ခုကို ယူဆောင်လာသလို စိုးရိမ်ချောက်ချားမှုတွေက ဆိုဖွယ်ရာမရှိအောင်ပါပဲ။**



အင်ဒိုနီးရှား၌ ဆူနာမီကြောင့် ဝမ်းနည်းဖွယ်တွေ့မြင်နေရတဲ့ ကြေကွဲဖွယ်မြင်ကွင်းကို တွေ့ရစဉ်။

ဆူနာမီဖြစ်စဉ် ဖြစ်ပွားပြီးနောက်မှာ အင်ဒိုနီးရှားအာဏာပိုင်တွေဟာ အနက်ခ်ကာရာကာတိုရာ မီးတောင် အနီးဝန်းကျင် သုံးမိုင်ပတ်လည်အကွာ အဝေးအထိ မသွားရသတိပေးချက်များ ထုတ်ပြန်ထားသလို ဒေသခံတွေကိုလည်း မီးတောင်နဲ့ဝေးတဲ့နေရာတွေမှာ နေဖို့ တိုက်တွန်းပြောကြားထားပါတယ်။

မီးတောင်မှ မှုတ်ထုတ်တဲ့ ချော်ရည်ပူတွေ၊ ပြာတွေ၊ ဓာတ်ငွေ့သဖွယ် မီးတောက်မီးလျှံတွေ၊ အခြားအစိတ်အပိုင်း အစိုင်အခဲပစ္စည်းတွေဟာ မီးတောင်နဲ့ အနီးဆုံးမှာရှိတဲ့ သက်ရှိတွေရဲ့ အန္တရာယ်ကို ခြိမ်းခြောက်နေရုံတင်မက ပင်လယ်ကိုလည်း လှိုင်းတံပိုးထန်စေပါတယ်။ ဒါကြောင့် မီးတောင်အနီးဝန်းကျင်ဒေသကို တားမြစ်နယ်မြေတစ်ခုအဖြစ် သတ်မှတ်လိုက်တာ ဖြစ်ပါတယ်။

“မီးတောင်ဟာ နောက်ထပ်ပေါက်ကွဲနိုင်တဲ့ အနေအထားမှာရှိတယ်” လို့ အမျိုးသားသဘာဝဘေး အေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ ဆူတိုပိုပါဝူနူဂရိုဟိုက ပြောပါတယ်။ မီးတောင်အနီးမှာရှိတဲ့ ဒေသခံတွေဟာ မီးတောင်ပေါက်ကွဲမှုကြောင့် ဖြစ်ပေါ်လာတဲ့ ကျောက်တုံး၊ ကျောက်ခဲလွင့်စဉ်မှုတွေကို ခံစားရနိုင်သလို စေးပျစ်တဲ့ ချော်ရည်ပူတွေရဲ့ စီးဆင်းမှုကြောင့်လည်း ဘေးအန္တရာယ်တွေကို ခံစားရနိုင်တယ်လို့ ပြောခဲ့ပါတယ်။

ဒါဟာ အင်မတန်မှ ကြောက်စရာကောင်းပါတယ်။ ပေါက်ကွဲမှုရဲ့ နောက်ဆက်တွဲ ဆူနာမီဆိုတာကလည်း ရှိနေသေးပြန်တော့ ဒေသခံတွေအတွက် စိုးရိမ်မှုတွေ အထွတ်အထိပ်သို့ ရောက်ရှိကောင်း ရောက်ရှိနိုင်ပါတယ်။ ဘယ်လူသားမှ အန္တရာယ်ရှိတဲ့နေရာမှာ နေထိုင်ချင်မှာ မဟုတ်ပါဘူး။

ဒါကြောင့်လည်း အဲဒီလိုဖြစ်ပေါ်လာနိုင်တဲ့ အန္တရာယ်ကနေ ကာကွယ်ဖို့အတွက် သက်ဆိုင်ရာအာဏာပိုင်တွေဟာ မီးတောင်ပေါက်ကွဲနိုင်ခြေရှိတဲ့ အမြင့်ဆုံး အန္တရာယ်သတိပေးချက်ကို ထုတ်ပြန်ခဲ့တာပဲ ဖြစ်ပါတယ်။ အခုလို အမြင့်ဆုံး အန္တရာယ်သတိပေးချက်ကို ထုတ်ပြန်ခဲ့တာဟာ နိုင်ငံသမိုင်းမှာ ဒုတိယအကြိမ်မြောက်ပါပဲ။

**ဆုတောင်းပေးကြပါ**

မီးတောင်ဟာ ဆန်ဒါရေလက်ကြားနဲ့ ဂျာဗားနဲ့ ဆူမတြားကျွန်းတွေကြားမှာ တည်ရှိနေတဲ့အတွက် အနီးအနားမြို့တွေအထိတော့ စိုးရိမ်စရာ မကျရောက်နိုင်ပါဘူး။ သို့သော်လည်း ဒေသခံတွေအတွက်တော့ ဆုတောင်းမေတ္တာပို့သပေးရမယ့် အခြေအနေပါ။

ဘေးလွတ်ရာကို ထွက်ခွာသွားတဲ့ ဒေသခံတွေအနေနဲ့လည်း သူတို့ရဲ့နေရပ်ကို ပြန်ရမှာ စိုးထိတ်နေသလို နောက်တစ်ကြိမ် မီးတောင်ထပ်မံပေါက်ကွဲပြီး ဆူနာမီသာ ထပ်မံဖြစ်ပေါ်လာခဲ့ရင်ဆိုတဲ့ စိတ်တွေနဲ့ စိုးတထိတ်ထိတ်နဲ့ အိပ်မရတဲ့ ညပေါင်းလည်း များလှပါပြီ။

“ဒီအခြေအနေဟာ ကျွန်မကို စိုးရိမ်ပူပန်မှုတွေ များစေပါတယ်” လို့ ဆူနာမီဒဏ် ဆိုးရွားစွာခံစားခဲ့ရတဲ့ ကာရီတာမြို့ရှိ ဟိုတယ်တစ်ခုရဲ့ထမင်းချက်တစ်ဦးဖြစ်သူ ယူဂျီဆူဂီရာတီက ပြောပါတယ်။ သူလည်း ဆူနာမီဒဏ်က ထွက်ပြေးလွတ်မြောက်လာသူ တစ်ဦး ဖြစ်ပါတယ်။

“ကျွန်တော်တို့အတွက် အစစအရာရာ အဆင်ပြေအောင် ဆုသာတောင်းကြပါ” လို့ ဆိုလာသူ ဒေသခံတစ်ဦးကတော့ ဆုတ်မား ဖြစ်ပါတယ်။ သူဟာ မူတီယာရာကာရီတာ ဟိုတယ် လုံခြုံရေးဝန်ထမ်းတစ်ဦး ဖြစ်ပါတယ်။

**ပစိဖိတ် မီးတောင်ရပ်ဝန်းအတွင်းမှာ တည်ရှိနေတဲ့ အင်ဒို**

အနက်ခ် ကာရာကာတိုရာ မီးတောင်ဟာ ၁၈၈၃ ကြိမ်ပေါက်ကွဲခဲ့ပြီး လူပေါင်းအနည်းဆုံး ၃၆၀၀၀ ခန့် သေဆုံးစေခဲ့ပါတယ်။ ယခုတစ်ကြိမ် ဂျပန်အာကာသအေဂျင်စီရဲ့ ဂြိုဟ်တုက ပေးပို့တဲ့ ရုပ်ပုံအရ မီးတောင်မှ ကျဆင်းလာတဲ့ နှစ်စတုရန်းကီလိုမီတာလောက်ရှိတဲ့ အစိုင်အခဲတွေဟာ ပင်လယ်ထဲကို ကျဆင်းနေတာ တွေ့ရမှာဖြစ်ပါတယ်။ အဆိုပါမီးတောင်ဟာ ဇွန်လကတည်းက ပြာရည်ပူတွေနဲ့ ချော်ရည်ပူတွေကို မှုတ်ထုတ်နေခဲ့တာ ဖြစ်ပါတယ်။

အင်ဒိုနီးရှားနိုင်ငံဟာ မီးတောင်ပေါက်ကွဲမှုတွေနဲ့ ငလျင်လှုပ်မှု အများဆုံးဖြစ်ပွားရာ ပစိဖိတ်မီးတောင်ရပ်ဝန်းအတွင်းမှာ တည်ရှိနေခဲ့တာဖြစ်ပါတယ်။

၂၀၁၈ ခုနှစ်အတွင်းမှာ ဖြစ်ပွားခဲ့တဲ့ အင်ဒိုနီးရှားနိုင်ငံရဲ့အဓိကသဘာဝဘေးဒုက္ခတွေကို ပြန်လည်သုံးသပ်ရမယ်ဆိုရင် လူပေါင်း ၂၀၀၀ကျော် သေဆုံးခဲ့ပြီး ထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့တဲ့ ၂၀၁၈ ခုနှစ် စက်တင်ဘာလမှာ ဆူလာဝေဆီကျွန်း အနောက်ဘက်ကမ်းရိုးတန်း ပလူးမြို့နဲ့ အနီးဝန်းကျင်မှာ ဖြစ်ပွားခဲ့တဲ့ ပြင်းအား ၇ ဒသမ ၅ အဆင့်ရှိ ငလျင်နဲ့ ဆူနာမီ။ ၂၀၁၈ ခုနှစ် ဩဂုတ်လမှာ ခရီးသွားများလည်ပတ်ရာ အင်ဒိုနီးရှားနိုင်ငံ၏ လွန်ဘော့ခ်ကျွန်းမှာ ဖြစ်ပွားခဲ့တဲ့ လူပေါင်း ၅၀၀ ကျော် သေဆုံးခဲ့တဲ့ ငလျင်။

အခုလည်း စနေနေ့ညက ဖြစ်ပွားခဲ့တဲ့ မီးတောင်ပေါက်ကွဲမှုရဲ့ အကျိုးဆက်ကတော့ စိတ်မကောင်းဖွယ်ရာပါပဲ။ မီးတောင်ပေါက်ကွဲပြီး ဖြစ်ပေါ်လာတဲ့ ဆူနာမီဒဏ်ကြောင့် လူပေါင်း ၄၃၀ ထက်မနည်း သေဆုံးခဲ့ပါတယ်။ ထို့အတူ ၁၅၉ ဦးပျောက်ဆုံးလျက်ရှိကာ လူပေါင်း ၂၂၀၀၀ လောက် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခိုလှုံခဲ့ရပါတယ်။

**ကူညီရန်အသင့်ရှိ**

ပျက်စီးသွားတဲ့ ဆူနာမီစောင့်ကြည့်သတိပေးစနစ်တွေကိုလည်း ပြန်လည်ပြုပြင်ဖို့ အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုကလည်း မှာကြားခဲ့သလို သူ့အနေနဲ့လည်း အခုလို လူအတော်များများ သေဆုံးခဲ့တဲ့ ဖြစ်စဉ်တွေအပေါ် ဝမ်းနည်းနေမှာပဲ။ ထို့အတူ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ကလည်း လိုအပ်ရင် ကူညီဖို့ အသင့်ပါပဲလို့ ဆိုခဲ့ပါတယ်။

သဘာဝဘေးအေဂျင်စီက အခုဆိုရင် ပိုမိုကောင်းမွန်အဆင့်မြင့်တဲ့ ငလျင်တိုင်းတာမှုတွေ၊ ဆူနာမီစောင့်ကြည့်စနစ်တွေ တပ်ဆင်နေပြီလို့ ပြောပါတယ်။ အခုလို ခေတ်မီစနစ်တွေကလည်း လူသားတွေရဲ့ဘေးအန္တရာယ်ကျရောက်မှုကို တစ်ဖက်တစ်လမ်းမှ ကာကွယ်ပေးနိုင်တဲ့အတွက် ဒီစနစ်တွေကို အသေအချာလုပ်ဆောင်ဖို့လည်း လိုအပ်လှုပါတယ်။ အင်ဒိုနီးရှားနိုင်ငံအနေနဲ့ ပိုပြီးလိုအပ်ပါတယ်။ ဘာလို့လဲဆိုတာ အင်ဒိုနီးရှားနိုင်ငံဟာ ပစိဖိတ် မီးတောင်ရပ်ဝန်းအတွင်းမှာ ကျရောက်နေတဲ့ ကမ္ဘာ့အဆိုးရွားဆုံး ဘေးဒုက္ခတွေကို အများဆုံး ခံစားရနိုင်တဲ့ နိုင်ငံတစ်ခုဖြစ်လို့ပါပဲ။

မည်သို့ပင်ဆိုစေ အခုလို သဘာဝဘေးကြီး အထူးသဖြင့် မီးတောင်ပေါက်ကွဲမှုကြောင့် နောက်ဆက်တွဲအကျိုးဆက်အနေနဲ့ ဖြစ်ပေါ်လာတဲ့ ဆူနာမီကြောင့် လူပေါင်းများစွာ သေဆုံးခဲ့ရတဲ့အတွက် စိတ်မကောင်းဖြစ်ရသလို ပျက်စီးမှုတွေကို အချိန်တိုအတွင်းမှာ အသစ်တစ်ဖန် ပြန်လည်ပြုပြင်ဖို့ ဘယ်ဗိသုကာမှ စွမ်းနိုင်မှာ မဟုတ်လို့ပါပဲ။ နောက်တစ်ခါထပ်ပြီး ဘေးဒုက္ခတွေ ထပ်မလာအောင် ကျွန်တော်တို့တွေ ဆုတောင်းပေးကြပါစို့ဗျာ။ ။ **ကိုးကား- အေအက်ဖ်ပီ**

# မြိုင်မြို့နယ်အတွင်းမှ ကျေးရွာ ၂၉ ရွာ စရိတ်ကျဉ်းကျဉ်းဖြင့် လျှပ်စစ်မီးလင်းနိုင်ခဲ့ပြီ

**မကွေး ဒီဇင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ်တွင် ကျေးရွာ ၂၉ ရွာ လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲအခမ်းအနားများကို ဒီဇင်ဘာ ၂၄၊ ၂၅ ရက်များတွင် ကျင်းပဆောင်ရွက်ခဲ့ရာ ကျေးရွာများသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်တို့သည် မြိုင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ သွားရောက်၍ လျှပ်စစ်မီးလင်းရေး ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"ဒီနေ့ဟာ ကျွန်တော်တို့မြိုင်မြို့နယ်အတွက် ထူးခြားတဲ့နေ့ဖြစ်ပါတယ်။ ထူးခြားတဲ့နေ့ဖြစ်တာကတော့ ကျေးရွာအများအပြား တစ်ပြိုင်နက် လျှပ်စစ်မီးလင်းနိုင်တဲ့အတွက်ပါ။ ဝမ်းမြောက်ဝမ်းသာဖြစ်ကြတဲ့နေ့ဆိုတာကတော့ အချိန်ကာလတိုတိုအတွင်းမှာ စရိတ်စကကျဉ်းကျဉ်းနဲ့ လျှပ်စစ်မီးလင်းနိုင်တဲ့အတွက်ပါ။ ပြာကျုံး၊ ထင်း၊ မီးသွေးထည့်၊ မီးမွှေး၊ မီးမှုတ် မလုပ်ရတော့ဘဲ ခလုတ်ဖွင့်ရုံနဲ့ ချက်ပြုတ်နိုင်ကြပါပြီ" ဟု ဗဟင်းကျေးရွာ ကျေးရွာမီးလင်းရေးကော်မတီ ဥက္ကဋ္ဌက ပြောသည်။

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ်တွင် ကျေးရွာပေါင်း ၃၂၉ ရွာရှိပြီး ယခုလက်ရှိအချိန်အထိ ကျေးရွာပေါင်း ၇၇ ရွာကို ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် လျှပ်စစ်မီးလင်းနိုင်ရေး ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မြိုင်မြို့နယ်အတွင်း NEP အစီအစဉ်အရ မြိုင်မြို့နယ်နှင့် နှစ်မိုင်အတွင်းကျရောက်သည့် ကျေးရွာ ၅၀ နှင့် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်မည့် ကျေးရွာ ၂၅ ရွာ စုစုပေါင်း ၇၅ ရွာကို လျှပ်စစ်မီးလင်းနိုင်ရေး ဆောင်ရွက်လျက်ရှိကာ ရည်မှန်းချက်အနေဖြင့် ၂၀၂၀ ပြည့်နှစ်တွင် မြိုင်မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၃၀၀ ကျော် မြို့နယ်လုံးကျွတ်နီးပါး ၉၅ ရာခိုင်နှုန်း လျှပ်စစ်မီးလင်းနိုင်ရေးအတွက် ဒေသခံလွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနဆိုင်ရာများ၊ သက်ဆိုင်ရာ ကျေးရွာမီးလင်းရေးကော်မတီများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းနိုင်ဦး (ငဖဲ)**



# အရှည် ၁၇ မိုင်ခန့်ရှိ ကျေးရွာကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

**မြိတ် ဒီဇင်ဘာ ၂၈**

(၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သန်းပေါင်း ၂၂၂၂ ဒသမ ၄၆၇ သန်းဖြင့် ကုမ္ပဏီ ငါးခုမှ လုပ်ငန်းစု ငါးခုခွဲပြီး ဆောင်ရွက်ပြီးစီးသည့် အကျယ် ၁၈ ပေ၊ ထု ၈ လက်မ အရှည် ၁၆ ဒသမ ၉၅ မိုင်ရှိ မြိတ်တောင်ကျေးရွာ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယမန်နေ့က အဆိုပါကျေးရွာ ကွန်ကရစ်လမ်းသစ်ပေါ်၌ ပြုလုပ်သည်။

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ကျေးရွာနေပြည်သူများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြကာ မြိတ်ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသန့်ဇင်က ကွန်ကရစ်လမ်းသစ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကွန်ကရစ်လမ်းသစ်နှင့် ပတ်သက်သည့် အချက်အလက်များကို မြိတ်မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ကိုထံ လွှဲပြောင်းပေးအပ်ကာ ကျေးရွာရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ဖွင့်ပွဲတက်ရောက်လာကြသည့် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လမ်းသစ်ဖွင့်ပွဲမှတ်တမ်းကျောက်ဖြူကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကွန်ကရစ်လမ်းသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယခုဖွင့်လှစ်သည့် ကွန်ကရစ်လမ်းသစ်သည် ယခင်က ၁၂ ပေအကျယ်ဖြင့် လျာထား ဆောင်ရွက်ခြင်းဖြစ်သော်လည်း မြိတ်တောင်ကျေးရွာနေ ပြည်သူများ၏ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းမှုများကြောင့် ၁၈ ပေအကျယ်အထိ ဆောင်ရွက်နိုင်ခဲ့ကာ ကျေးရွာအဓိကလမ်းမကြီးကိုလည်း ၃၆ ပေအကျယ်ဖြင့် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။ ကျေးရွာနေပြည်သူများ အမြော်အမြင်ရှိရှိဖြင့် လမ်းချဲ့ရာတွင် လိုအပ်သည့်အခြေအနေရရှိအောင် မိမိကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ပေးမှုကို များစွာလေးစားဂုဏ်ယူမိကြောင်းနှင့် ချီးကျူးဂုဏ်ပြုပါကြောင်း ဖွင့်ပွဲသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ ပြောကြားသည်။

**ခရိုင် (ပြန်/ဆက်)**



# တိုင်းရင်းသားအခွင့်အရေးများဆိုင်ရာ ပညာပေးဟောပြောပွဲသို့ ကယားပြည်နယ်ဝန်ကြီးချုပ် တက်ရောက်

**လွိုင်ကော် ဒီဇင်ဘာ ၂၈**

တိုင်းရင်းသားအခွင့်အရေးများဆိုင်ရာ ပညာပေးဟောပြောခြင်းနှင့် တိုင်းရင်းသားရေးရာ အခြေခံအချက်များ ကောက်ယူခြင်းဆိုင်ရာ အစီအစဉ်ကို ယမန်နေ့က လွိုင်ကော်မြို့နယ် ထေးငှားလျားစံပြကျေးရွာ ခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများ၊ ရပိုင်ခွင့်များကို ပိုမိုသိရှိနားလည်နိုင်ရေး၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အသိပညာပေးပွဲများကို နိုင်ငံတော်၏ မူဝါဒနှင့်အညီ ကြိုးပမ်းဖော်ဆောင်လျက်ရှိပြီး တိုင်းရင်းသားများအနေဖြင့် တိုင်းရင်းသားအခွင့်အရေးဥပဒေ၊ နည်းဥပဒေများကို သိရှိနားလည်အောင် ဖတ်မှတ်နိုင်မှ အစိုးရနှင့် ပြည်သူအကြား မှန်ကန်သည့် ပူးပေါင်းဆောင်ရွက်မှုများကို ရရှိမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားရေးရာရုံးများမှတစ်ဆင့် တိုင်းရင်းသားများ၏ ရပိုင်ခွင့်များ၊ ကာကွယ်စောင့်ရှောက်ခွင့်များကို အချိန်နှင့်တစ်ပြေးညီ ပေါင်းစပ်ဖော်ဆောင်ပေးနေပြီဖြစ်ကြောင်း ပြောသည်။

ထို့နောက် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသီဟစိုးက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအကြောင်းကို ရှင်းလင်းတင်ပြပြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိုးမိုးသန်းက တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေဆိုင်ရာ အသိပညာပေးဟောပြောခဲ့သည်။

ကယားပြည်နယ်တွင် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးရုံး ရရှိပြီးနောက် တိုင်းရင်းသားလူမျိုးများအလိုက် ကော်မတီရုံးများကိုလည်း တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးရုံးနှင့် ကပ်လျက်တွင် မကြာမီဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း၊ အခန်း ၁၀ ခန်းဖြစ်ပြီး ကယားပြည်နယ်တွင်ရှိသည့် တိုင်းရင်းသားဘာသာစာပေ ကော်မတီအလိုက် တစ်ခန်းစီချထားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုစိုင်း (လွိုင်ကော်)**

# ပြည်နယ်ဝန်ကြီးချုပ်ဖလား ဒုတိယအကြိမ်ပညာသင်နှစ် အခြေခံပညာကျောင်းပေါင်းစုံအားကစားပွဲတော် ဘားအံမြို့တွင် ကျင်းပ

**ဘားအံ ဒီဇင်ဘာ ၂၈**

ကရင်ပြည်နယ် ဘားအံမြို့တွင် ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား ဒုတိယအကြိမ်ပညာသင်နှစ် အခြေခံပညာကျောင်းပေါင်းစုံအားကစားပွဲတော်ကျင်းပသွားမည်ဖြစ်ရာ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က အောင်သံလွင် အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် ကျောင်းသူကလေးများက ဘင်ခရာ၊ ထာဝရသစ္စာအက၊ အေရိုးဗစ်၊ Myanmar Fitness Dance သရုပ်ပြခြင်းများဖြင့် ဖျော်ဖြေကြပြီး ဖျော်ဖြေရေးအဖွဲ့များကို ဂုဏ်ပြုငွေများ၊ ပြိုင်ပွဲဝင်အသင်းများအား ထောက်ပံ့ငွေကျပ် ၂၄၄ သိန်းကျော်နှင့် ၁၁ သိန်းကျော်တန်ဖိုးရှိ ပြိုင်ပွဲဝင်အားကစားပစ္စည်းများကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လူမှုရေးဝန်ကြီး၊ ပြည်နယ်ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးတို့က ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

အဆိုပါအားကစားပွဲတော်တွင် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်က အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူ အားကစားသမားများ ပါဝင်ဆင်နွှဲသွားမည်ဖြစ်သည်။ ပြေးခုန်ပစ် (ကျား၊ မ) ပြိုင်ပွဲများ၊ ဘောလုံးအားကစား (ကျား) ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်း (ကျား၊ မ) ပြိုင်ပွဲများကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်မှ ၂၀၁၉ ဇန်နဝါရီ ၃ ရက်အထိ အောင်သံလွင်အားကစားကွင်းတွင်လည်းကောင်း၊ ဘော်လီဘော (ကျား၊ မ) ပြိုင်ပွဲများနှင့် စားပွဲတင်တင်းနစ် (ကျား၊ မ) ပြိုင်ပွဲများကို အ.ထ.က (၃) အားကစားရုံတွင်လည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင် (ပြန်/ဆက်)**




# ရှမ်းပြည်နယ်ဝန်ကြီးချုပ် မိုင်းယန်းမြို့နယ် ပြည်သူများအား တွေ့ဆုံ

**မိုင်းယန်း ဒီဇင်ဘာ ၂၈**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ဝန်ကြီးများအဖွဲ့သည် ယမန်နေ့က မိုင်းယန်းမြို့နယ်ရှိ မိုင်းဖျဲန်သွားလမ်း အထူး (၂) ဂိတ်နှင့် ဆီလူးမိုင်းလားသွားလမ်း အထူး (၄) ဂိတ်များကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး မိုင်းယန်းမြို့နယ် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

တွေ့ဆုံပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က နှုတ်ခွန်းဆက်အမှာစကား ပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းထက်က နယ်မြေဒေသအခြေအနေကို ရှင်းလင်းတင်ပြပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များ၊ ကျေးရွာအချို့မှ ဒေသခံပြည်သူများက ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးလင်းရေး၊ လယ်ယာမြေကိစ္စများကို ဆွေးနွေးတင်ပြခဲ့ကြသည်။ ယင်းတင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ သက်ဆိုင်ရာဝန်ကြီးများက သုံးသပ်ဆွေးနွေးရာ မြို့နယ်အုပ်ချုပ်ရေးမှူးက ပြန်လည်ရှင်းလင်း တင်ပြခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒေသခံပြည်သူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ဆွေးနွေးကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

# လပွတ္တာမြို့တည် နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် မြို့ဝင်မုခ်ဦးဖွင့်ပွဲ ကျင်းပ

**လပွတ္တာ ဒီဇင်ဘာ ၂၈**

မြို့တစ်မြို့၏ နှစ် ၁၀၀ ပြည့်ဆိုသည်မှာ မြို့သူမြို့သားများအတွက် တစ်သက်တွင် တစ်ကြိမ်သာ ကြုံဆုံရသောပွဲတစ်ပွဲ ဖြစ်ပေရာ လပွတ္တာမြို့တည်နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်အဖြစ် လပွတ္တာမြို့မှ ကြိုဆိုပါ၏ မုခ်ဦးဖွင့်ပွဲကို ယမန်နေ့က လပွတ္တာ- မြောင်းမြ ကားလမ်း ၁ မိုင်တွင် ကျင်းပသည်။

လပွတ္တာမြို့တည် နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် မြို့ဝင်မုခ်ဦး ပြုလုပ်ရခြင်းနှင့်ပတ်သက်၍ အမှုဆောင်အရာရှိ ဦးဝဏ္ဏထွန်းက ရှင်းလင်းတင်ပြသည်။ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တရားလွှတ်တော် တရားသူကြီးချုပ်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ဓာတ်ပုံ)** မုခ်ဦးအကျယ် ၃၄ ပေ၊ အမြင့် ၁၉ ပေ ပြည်သူများ ထည့်ဝင်ငွေနှင့် စုစုပေါင်းကုန်ကျငွေမှာ ငွေကျပ် ၂၃၉ သိန်း ကုန်ကျခဲ့ကြောင်း သိရသည်။

ယင်းနောက် လပွတ္တာမြို့တည်နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်အဖြစ် လပွတ္တာမြို့နယ် သာသနာ့ဗိမာန်၌ မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်အရှင်သူမြတ် အပါး ၁၀၀ တို့အား နေ့ဆွမ်းများကို ဝန်ကြီးချုပ်နှင့်အဖွဲ့များက ကပ်လှူခဲ့ကြသည်။

ထို့နောက် လေးထပ်ပရိယတ္တိစာသင်တိုက် ဗုဒ္ဓမြတ်စွယ်တော်တိုက်၌ ဓမ္မရက္ခိတဝိဟာရ စာကြည့်တိုက်တွင် စုဆောင်းထားရှိသော ပန်းချီကားများ၊ ရှားပါးစာအုပ်များကို ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ကြည့်ရှုခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# မြန်မာ-ထိုင်း စုပေါင်းဆွမ်းဆန်စိမ်းလောင်းလှူရန် ညှိနှိုင်းအစည်းအဝေး ကျင်းပ

**တာချီလိတ် ဒီဇင်ဘာ ၂၈**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့တွင် မြန်မာ-ထိုင်း ချစ်ကြည်ရေး သံဃာတော်များ စုပေါင်းဆွမ်းဆန်စိမ်းလောင်းလှူပွဲအတွက် ညှိနှိုင်းအစည်းအဝေးကို စုပေါင်းရုံးရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့က ကျင်းပခဲ့သည်။

မြန်မာ-ထိုင်း ချစ်ကြည်ရေး ပူးပေါင်းဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် မြန်မာနိုင်ငံမှ သံဃာအပါး ၃၀၀ နှင့် ထိုင်းနိုင်ငံမှ သံဃာအပါး ၂၀၀ ပါရှိကြောင်း သိရသည်။ အဆိုပါအခမ်းအနားကို ထိုင်းနိုင်ငံအကောက်ခွန်ရုံးမှစတင်၍ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအမှတ် (၁)ကိုဖြတ်ကာ မြန်မာနိုင်ငံ အဝိုင်းပတ်အထိဖြစ်ပြီး ဇန်နဝါရီ ၁ ရက် နံနက် ၇ နာရီဖြစ်ကြောင်း သိရသည်။

ညှိနှိုင်းအစည်းအဝေးသို့ တာချီလိတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းမြေ့စော၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်မှူး ရဲမှူးလှဝင်းနှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုကူညီရေးပရဟိတအသင်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### မရင်းကုန်းကျေးရွာရှိ မီးဘေးသင့် အိမ်ထောင်စုဝင်များအား ထောက်ပံ့ငွေနှင့် အိမ်သုံးပစ္စည်းများပေးအပ်

**မိုးညှင်း ဒီဇင်ဘာ ၂၈**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် အင်ကြင်းကုန်းကျေးရွာအုပ်စု မရင်းကုန်းကျေးရွာရှိ မီးဘေးသင့် အိမ်ထောင်စုဝင်များအား ထောက်ပံ့ငွေနှင့် အိမ်သုံးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် အင်ကြင်းကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ထောက်ပံ့ပေးအပ်သည်။

ထောက်ပံ့ငွေနှင့် အိမ်သုံးပစ္စည်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အိမ်ထောင်စုတစ်စုလျှင် အိမ်ဆောက်ပစ္စည်းများဝယ်ယူရေးအတွက် ငွေကျပ် ၂၀၀၀၀၀ နှုန်းနှင့် အိမ်ထောင်စုသုံးစုအတွက် ငွေကျပ် ၆၀၀၀၀၀၊ တစ်ပတ်စာဆန်ရိက္ခာဖိုးငွေ တစ်ဦးလျှင် ငွေကျပ် ၂၁၀၀ နှုန်းဖြင့် လူဦးရေ ၁၂ ဦးအတွက် ငွေကျပ် ၂၅၂၀၀ နှင့် ပလတ်စတစ်ပုံး၊ စောင်၊ ခြင်ထောင်၊ ကျား/မလုံချည်၊ ဆပ်ပြာ၊ပန်းကန်ပြားအစရှိသည့် အိမ်ထောင်သုံးပစ္စည်း ၁၆ မျိုးပါ ပလတ်စတစ်ပုံးတစ်ပုံးစီကို ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးကိုကိုက မီးဘေးသင့် အိမ်ထောင်စုဝင်များ အားပေးအပ်ခဲ့သည်။

အဆိုပါ မီးဘေးသင့် မိသားစုဝင်များသည် ယခုလ ၂၄ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်၌ မီးအားမြှင့်စက် အပူရှိန်မြင့်တက်ရာမှတစ်ဆင့် အိမ်ထရံသို့ မီးကူးစက်ပြီး နေအိမ်သုံးလုံး မီးလောင်ဆုံးရှုံးခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်ထွေး(မိုးညှင်း)**

### မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ စုစည်းတင်ပြသော ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့မှ ၂၄ ရက်နေ့အထိ ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ | ဈေးနှုန်း |
|---|---|---|---|---|
| ၁။ | အသက်ရှုခြင်းအနုပညာ | ဇာနည်ကို | သုဒ္ဒဿစာပေ | ၅၀၀ |
| ၂။ | ဥပဒေသုတဟင်းလင်းအိုးကြီးအတွဲ(၁) | ဥပဒေသုတေသီ-<br>ခင်ဝင်းမြင့် | ရွှေတိုင်းယဉ် | ၂၅၀၀ |
| ၃။ | မင်္ဂလသုတ် ပျို့ဋီကာ | ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ | မျိုးဆက်သစ် | ၆၀၀၀ |
| ၄။ | ဘာပဲဖြစ်ဖြစ်သတ္တိရှိပါ | မေသကြီန်ဟိန်(မြစ်မခ) | လဝန်းသစ် | ၂၅၀၀ |
| ၅။ | ကိုယ်ရောင်လင်းအောင်ခြင်းမင်္ဂလာ | ဒီပံလင်း | မျိုးဆက်သစ် | ၃၅၀၀ |
| ၆။ | ကိုယ့်ကိုယ်ကိုပြဋ္ဌာန်းခြင်း | အောင်သင်း | ဇွန်ပွင့် | ၂၅၀၀ |
| ၇။ | ကျွန်ကျမ်း | ဘူဝေး | နှင်းဆီဖြူ | ၂၀၀၀ |
| ၈။ | မေမေ့နို့ရည် ချိုမွှေးမွှေးနှင့်အတူ | ဒေါက်တာ<br>ယုဇနစောမြင့် | ရှင်မတောင် | ၂၅၀၀ |
| ၉။ | အက်ဆေး(၃၀) | ကလောင်စုံ | ဆန်းစသော်တာ | ၃၀၀၀ |
| ၁၀။ | စာအုပ်အစိမ်းနဲ့ ဝိရောဓိနှင့် အခြားဆောင်းပါးများ | မောင်ဉာဏ | တိုးမြစ် | ၃၀၀၀ |
| ၁၁။ | မှော်စ်ဝါဒနှင့် စာပေဝေဖန်ရေး | မြန်မာပြန်-ကျော်မျိုး | MKS | ၃၀၀၀ |
| ၁၂။ | အခြေပြမြန်မာ့နိုင်ငံရေးသမိုင်း(ပထမတွဲ) | - | စိတ်ကူးချိုချို | ၇၀၀၀ |
| ၁၃။ | အခြေပြမြန်မာ့နိုင်ငံရေးသမိုင်း (ဒုတိယတွဲ-ပထမပိုင်း) | - | စိတ်ကူးချိုချို | ၆၅၀၀ |
| ၁၄။ | အခြေပြမြန်မာ့နိုင်ငံရေးသမိုင်း<br>(ဒုတိယတွဲ-ဒုတိယပိုင်း) | - | စိတ်ကူးချိုချို | ၆၅၀၀ |
| ၁၅။ | ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ဥက္ကဋ္ဌသခင်ဗသိန်းတင် | သက်ထားမသိန်းတင် | ရန်ကုန်လမ်းမများ | ၁၀၀၀၀ |
| ၁၆။ | လူထုခေါင်းဆောင် ငမွဲ ဗိုလ်ချုပ်အောင်ဆန်း | ဇော်ခိုင်ဦး | စိတ်ကူးချိုချို | ၂၅၀၀ |
| ၁၇။ | ဗုဒ္ဓဘာသာ မြန်မာတို့၏ ကိုးကွယ်မှုအစဉ်အလာများ | အရှင်စန္ဒသီရိ(မြစ်ကွေ့) | လင်းလွန်းခင် | ၄၅၀၀ |
| ၁၈။ | ဖေဖေထားခဲ့တဲ့ အမွေနှင့် အခြားဝတ္ထုတိုများ | မင်းသန်းထိုက် (ဒေးဒရဲ) | လင်းသစ်ရောင်စဉ် | ၂၀၀၀ |
| ၁၉။ | ကွမ်ကျိုးဒီမိုကရေစီ | ရဲမိုး | ခြူးခြူး | ၃၅၀၀ |
| ၂၀။ | မြင်းတယော(ဝတ္ထုတိုများ) | ကိုငြိမ်း(မန္တလေး) | ခြူးခြူး | ၃၈၀၀ |

(ဆက်လက်ဖော်ပြပါမည်)

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၈-၁၂-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၉၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၁၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၉၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၇၀/၉၀၅ | ကျပ် | ၉၀၅/၉၃၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၇၅/၉၁၅ | ကျပ် | ၉၂၀/၉၄၅ | ကျပ် |
| အောက်တိန်း ၉၂ | ၆၉၅/၇၄၀ | ကျပ် | ၇၆၀/၇၉၅ | ကျပ် |
| အောက်တိန်း ၉၅ | ၇၆၀/၈၁၀ | ကျပ် | ၈၄၀/၈၆၀ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၅၅၀ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၇၃ ・ ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၃၀ ・ ၇ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၆၀ ・ ၅ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၉၇ ・ ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၉၁ ・ ၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၂၅ ・ ၇၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၂ ・ ၀၂၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၃၈ ・ ၃၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၇၂ ・ ၃၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၇ ・ ၆၅၆ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-**

**၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | ကြည်ဝင်း၊ ခြူးစန္ဒီဌေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE
www.mdn.gov.mm

# သုံးကားမြောက် ရုပ်ရှင်ဇာတ်ကားကြီးတွင် ဒါရိုက်တာအဖြစ်ရော မင်းသားအဖြစ်နှင့်ပါ ထပ်မံတွေ့ရမည့် မင်းဦး

သရုပ်ဆောင် မင်းသားအဖြစ်မှ ဒါရိုက်တာအဖြစ် ခံယူခဲ့သူ မင်းဦးကို "ကိုယ်ပွား" ရုပ်ရှင်ဇာတ်ကားကြီးတွင် ဒါရိုက်တာအဖြစ်ရော သရုပ်ဆောင်အဖြစ်နှင့်ပါ မြင်တွေ့ရဦးမည်ဟုသိရသည်။ ယင်းဇာတ်ကားနှင့်ပတ်သက်ပြီး " ဒီကားလေးက တေးဂီတ ကားလေးပါ။ ကျွန်တော့်အတွက် သုံးကားမြောက်ကားပါ။ ပထမကားတွေနဲ့ မတူတဲ့ ဇာတ်လမ်းပုံစံလေးဖြစ်မယ်။ နှစ်ကိုယ်ခွဲလည်း ဖြစ်တဲ့အတွက် ကြိုတင်ပြင်ဆင်ရတာခက်ပါတယ်။ အက်ရှင်တွေ ဖိုက်တင်တွေလည်းပါတော့ ခက်တဲ့အပိုင်းလည်းရှိပါတယ်။ ကိုယ့်ကိုယ်ကိုယ် ဒီစိန်ခေါ်မှုကို လက်ခံထားပါတယ်။ သူတို့လိုချင်တာ ဘယ်လောက်လုပ်နိုင်မလဲ။ ကိုယ်လိုချင်တာ၊ ဖြစ်ချင်တာ ဘယ်လောက်လုပ်နိုင်မလဲ ဆိုတာ ကိုယ့်ကိုယ်ကိုယ် ပြန်စစ်ရမယ့်အပိုင်းလည်း ပါပါတယ်။

"အစ်ကိုက ဟိုးငယ်ငယ်လေးကတည်းက ဂီတကိုဝါသနာပါတာ။ ဂီတနဲ့ ပတ်သက်ရင် မစိမ်းဘူး။ ဟိုးတုန်းက နာမည်ကြီးမင်းသားအားလုံးက သီချင်းဆိုကြတယ်။ ဆိုလည်း ဆိုတတ်တယ်။ အရင်ကအနုပညာရှင်တွေနဲ့ အခုခေတ်ကလေးတွေ ကွာခြားမှုကတော့ တော်တော်လေးများပါတယ်။ အရင်က ဒီတစ်ခုကိုလုပ်ပြီဆို တစိုက်မတ်မတ်လုပ်တယ်။ တစ်ခုတည်းကိုပဲ အချိန်ပေးတာလေ။ အစ်ကိုတို့လည်းမမီပါဘူး။ ကြားရသလောက် ခြံထဲမှာပဲနေရတယ်။ ခြံထဲမှာပဲရိုက်ရတယ်။ ခြံထဲမှာပဲ သီချင်းတိုက်ရတယ်။ ဒီလူပေးတဲ့လခကို ယူရတယ်။ ဒီလူကျွေးတာကိုပဲစားရတယ်။ အခုက အဲဒီလို မဟုတ်တော့ဘူးလေ။

"နည်းနည်းလေး မီဒီယာမှာ လှုပ်သွား၊ ပေါ်ပြူလာ ဖြစ်သွားရင် ဟိုလူကလည်း လုပ်ပါဦး။ ဒီလူကလည်းလုပ်ပါဦးနဲ့ အဲဒီအပေါ်မှာ တချို့ကလည်း သာယာသွားတယ်ပေါ့။ အဲဒီမှာတင် ကိုယ်အဓိက ဘာလုပ်ရမလဲ ဆိုတာကို မေ့သွားတယ်။ ဘာဝါသနာပါမှန်းလည်း မသိတော့ဘူး။ ပေါ်ပြူလာနောက်လိုက်ရင်း အဲဒီလိုတွေဖြစ်သွားကြတာများတယ်။ သရုပ်ဆောင်လည်းမဟုတ်၊ အဆိုတော်လည်းမဟုတ်၊ မော်ဒယ်လား။ မဟုတ်ပြန်ဘူး။ အဲဒီလိုတွေဖြစ်သွားတာ။ ကိုယ်အဓိကထားရမယ့် Focus ပေါ့ ဘာဖြစ်ချင်တာလဲပေါ့။ အဲဒါကိုအဓိကထားရမယ်။

"အစ်ကိုရိုက်ခဲ့တဲ့ ရှေ့ကနှစ်ကားမှာတော့ အစ်ကိုက ရိုက်ကွင်းပေါ်မှာတော့ ဘုရင်ပဲ။ ဘုရင်ဆိုတာအစ်ကိုက နေရာယူချင်လို့မဟုတ်ဘူး။ အားလုံးကောင်းဖို့ အစ်ကိုတာဝန်ယူရတာ၊ ဒီကားထဲမှာပါဝင်သူတွေကို တာဝန်ယူရတာ။ အစ်ကိုရိုက်ခဲ့တဲ့



နှစ်ကားမှာ အစ်ကိုပဲ ကံကောင်းတာလားတော့ မသိဘူး။ အစ်ကိုပြောစကားကို နားထောင်ကြတယ်။ အဲဒီလို နားထောင်ကြတဲ့အတွက် အစ်ကိုက ရိုက်ကွင်းဘုရင်မဖြစ်ရင်တောင် သူတို့အားကိုးယုံကြည်ရတဲ့ ဒါရိုက်တာတစ်ယောက် ဖြစ်တယ်လို့ ခံယူတယ်"ဟု ဆိုသည်။

**ကိုလင်း**

# "ကိုယ်ပွား" ရုပ်ရှင်ဇာတ်ကားကြီးထဲမှာ ဖက်ရှင်ဆရာမတစ်ဦးအဖြစ် တွေ့ရမည့် မြတ်ကေသီအောင်

အောင်ခေတ်မင်းထုတ်လုပ်ရေးမှ ထုတ်လုပ်ရိုက်ကူးမည့် "ကိုယ်ပွား"ရုပ်ရှင်ဇာတ်ကားကြီးတွင် အကယ်ဒမီမြတ်ကေသီအောင်ကို နေခြည်ဦး၏ ဖက်ရှင်ဆရာမအဖြစ် မြင်တွေ့ရဦးမည်ဖြစ်သည်။

ထိုဇာတ်ကားအတွက် ပြင်ဆင်မှုတွေနှင့်ပတ်သက်ပြီး မြတ်ကေသီအောင်က "နေခြည်ဦးရဲ့ ဖက်ရှင်ဆရာမ နေရာက ပါရမယ်လေ။ ဘယ်လောက်ထိ ခေတ်ဆန်ရမလဲတော့မသိဘူး၊ ခေတ်ဆန်ဆန်လေးတော့ ပြောတယ်။ နေခြည်ဦးကလည်း ခေတ်ဆန်တော့ သူ့ထက်ပိုပြီး ခေတ်ဆန်ရမလို ဖြစ်နေတယ်။ အစ်မရိုက်တဲ့ အခုနောက်ပိုင်းဇာတ်ကားတွေမှာ ခေတ်ဆန်တဲ့ ဇာတ်တွေများနေတယ်၊ တစ်ကားနဲ့ တစ်ကားတော့ မတူဘူးပေါ့။ အမေအနေနဲ့ ခေတ်ဆန်တာရှိတယ်။ သူငယ်ချင်းအနေနဲ့ ခေတ်ဆန်တာရှိတယ်။ အခုကားကတော့ ဖက်ရှင်ဆရာမအနေနဲ့ ခေတ်ဆန်ရမှာပေါ့နော်။

"ကာရိုက်တာအတွက်က အဝတ် အစားရဲ့ ပံ့ပိုးမှုက အများကြီးသက်ဆိုင်တယ်။ ဖက်ရှင်ဆရာမဆိုလည်း စမတ်ကျကျ ဖက်ရှင်ပေါ့။ နယ်ကားဆိုလည်း နယ်ပုံစံ ရိုးရိုးသားသားဆိုလည်း ရိုးသားတဲ့ဖက်ရှင်ပေါ့။ အစ်မက ကာရိုက်တာအတိုင်းပဲဝတ်တယ်။ မင်းသမီး သုံး၊ လေးယောက် ပါနေလို့လည်း သူဘာဝတ်နေတယ်။ ငါဘာဝတ်လိုက်မယ် လို့မရှိဘူး။ သူဝတ်လို့ ငါအပြိုင်လိုက်ဝတ်လိုက်မယ်လို့ မရှိပါဘူး။ အစ်မ ကာရိုက်တာနဲ့ ကွက်တိဝတ်တာများ ပါတယ်။ အပြင်က ဝေဖန်မှာကြောက်ပြီး မဝတ်တာမျိုး မလုပ်ပါဘူး။ ဝေဖန်မှာကြောက်ပြီး ထိန်းလိုက်ရင် ဖက်ရှင်ဆရာမကလည်း ရိုးရိုးကြီး စုတ်စုတ်ပြတ်ပြတ်ကြီး ပါလား။ ဒါလားဖက်ရှင်ဆရာမ ဆိုပြီးတော့ အပြောခံရမယ်။ အစ်မတို့ကားရိုက်တဲ့အခါတိုင်း ဒါရိုက်တာတောင်းဆိုတဲ့အတိုင်း စိတ်ကြိုက်ဝတ်ပေးရမယ်လေ။ ကိုယ့်ကာရိုက်တာ ပီပြင်ဖို့က ပိုအရေးကြီးတယ်လို့ အစ်မထင်တယ်။ အခုနောက်ပိုင်း ဟော့ရှော့ရိုက်ရတာ ပိုများတယ်။ ထုတ်လုပ်သူတွေ ကလည်း အဲဒီကာရိုက်တာနဲ့ ပိုလိုက်ဖက်တယ် ထင်လို့ဖြစ်ပါ့မယ်"ဟု ဆိုသည်။

အဆိုပါ ကိုယ်ပွားရုပ်ရှင်ကားကြီးကို ဒါရိုက်တာမင်းဦးက ရိုက်ကူးမှာဖြစ်ပြီး အကယ်ဒမီမင်းဦး၊ ကျော်ထက်အောင်၊ ကျော်ရဲမြင့်ငြိမ်း(ချာလီ)၊ ကောင်းစစ်သွေး၊ မင်းပိုင်၊ အကယ်ဒမီထွန်းအိန္ဒြာဗိုလ်၊ အကယ်ဒမီမြတ်ကေသီအောင်၊ နေခြည်ဦး၊ ယမုံ၊ လီလီကျော်ခိုင်တို့ ပါဝင်သရုပ်ဆောင်ကြမည်ဖြစ်ပြီး စာရေးဆရာမ လွန်းထားထား၏ ဝတ္ထုကို မိုးနီလွင်က ဇာတ်ညွှန်းအဖြစ်ရေးသားထားကြောင်း သိရသည်။

**ကိုလင်း**





# ခာတ်ပြား ၇၃ ချပ်ရ မြန်မာသံအဆိုတော် အပိုင်ရဲ့ နှိုင်းယှဉ်မရသောမေတ္တာ စီးရီး

မြန်မာသံစဉ်တေးသီချင်းများကို တစိုက်မတ်မတ် ရေးသားရင်း မြန်မာ့အသံတွင် ခာတ်ပြား ၇၃ ချပ်တိတိ ရရှိခဲ့သူ တေးရေးဂီတစာဆို ညဝတီကျော်ဝင်း ရေးသားပြီး အဆိုတော် အပိုင် သီဆိုထားသည့် နှိုင်းယှဉ်မရသောမေတ္တာ မြန်မာသံတေးသီချင်း တေးစီးရီးကို ထင်းရှူးရိပ် တေးသံသွင်းမှ ဖြန့်ချိခဲ့ကြောင်း သိရသည်။

"မြန်မာသံတေးသီချင်းတွေကို ကျွန်တော်ဆိုလာတာကြာပါပြီ၊ ခာတ်ပြားရသီချင်း တွေလည်းပါတာပေါ့။ မြန်မာသံကိုပဲ အဓိကထားဆို ခဲ့တာမို့၊ အခုအထိလည်း လုံးဝမပြောင်းလဲပဲ ဆိုနေဦးမှာပါပဲ၊ မြန်မာမှု မြန်မာဟန် မြန်မာသံစစ်စစ်ကိုသာ ဖန်တီးခဲ့တာမို့ တစ်ချိန်က ရောင်းတမ်းဝင် ခာတ်ပြားသီချင်းတွေ ခေတ်ဆီကို ရောက်သွားသလို ခံစားရမှာပါ၊ မြန်မာသံကိုကြိုက်တဲ့ လူကြီး၊ လူငယ်၊ လူလတ်ပိုင်း အားလုံးခံစားနိုင်အောင် ကြိုးစား ထားပါတယ်၊ ဒီအခွေလေးကို ဂီတမှူးစန္ဒရား မောင်လှအေး ၊ စန္ဒရားခွန်တင်ကြွယ်အဖွဲ့က လက်စွမ်းပြထားတဲ့အတွက် ပရိသတ်တွေအကြိုက်တွေ့ခံစားနိုင်မှာပါ၊ အဆိုတော် ရွှေယမင်းဦးနဲ့ ကိုရေချမ်းနဲ့ မပန်းမှုံဆိုပြီး စုံတွဲစီးရီးတစ်ခွေ နောက်ပြီး ပစ်တိုင်းထောင်ဆိုတဲ့ စီးရီးတစ်ခွေလုပ်ခဲ့ဖူးပါတယ်"ဟု ညဝတီကျော်ဝင်းက ပြောသည်။

ယခုထွက်ရှိလာသော အပိုင်၏ နှိုင်းယှဉ်မရသောမေတ္တာစီးရီးတွင် တေးသီချင်း ၁၂ ပုဒ်ပါဝင်ပြီး စုံတွဲအဖြစ် တေးသံရှင် ခိုင်ဇင်က ပါဝင်သီဆိုထားကြောင်း သိရပြီး ဒါရိုက်တာ ရွှေပိုးကောင်က ဒီဗွီဒီအဖြစ် ပုံဖော်ရိုက်ကူးပေးထားသည်။

**ကိုလင်း**

# ရှေ့စင်ရှေ့သားစစ်တွေကို ချီးမြှင့်မည့် Miss Ethnic Myanmar Kick-Off Event ပွဲ ဇန်နဝါရီ ၂၅ ရက်တွင် ကျင်းပမည်

မြန်မာနိုင်ငံတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးပွဲတော် ၂၀၁၉ 'သွေးချင်းတို့ရဲ့ ပွဲတော်ဆီ' အမည်ဖြင့် ကျင်းပပြုလုပ်မည့်ပွဲတွင် မြန်မာပြည်အနှံ့ရှိ တိုင်းရင်းသူ အလှမယ်များစွာပါဝင်သော "Miss Ethnic Myanmar Kick-Off Event " အမည်ဖြင့် အလှမယ်ရွေးချယ်ပွဲကို ထည့်သွင်းကျင်းပမည်ဟု သိရသည်။

အဆိုပါပွဲကို မြန်မာနိုင်ငံ စီးပွားရေး လုပ်ငန်းရှင်များအသင်းက ကြီးမှူးပြီး Myanmar Ethnics Culture Festival (သွေးချင်းတို့ရဲ့ ပွဲတော်ဆီ) အထိမ်းအမှတ် ရွေးချယ်မည်ဖြစ်ရာ တိုင်းရင်းသားကိုယ်စားလှယ် အလှမယ်များ မိတ်ဆက်အခမ်းအနားကို ယမန်နေ့ညပိုင်းက ရန်ကုန်မြို့ရှိ Golden Butterfly Hotel ၌ ကျင်းပခဲ့သည်။

အလှမယ်ရွေးချယ်ပွဲကို ဇန်နဝါရီ ၂၉ ရက်တွင် (ကျိုက္ကဆံ အားကစားကွင်း)၌ ကျင်းပမည်ဖြစ်ပြီး ပထမဆု ကျပ်သိန်း ၁၅၀ နှင့်သရဖူ၊ ဒုတိယဆု ကျပ်သိန်း ၆၀၊ တတိယဆု ကျပ်သိန်း ၃၀ တို့ ဆုချီးမြှင့်မည့်အပြင် Title ဆုများကိုလည်း ရွေးချယ်ပေးအပ်သွားမည် ဟု သိရသည်။

"ဒီပွဲကြီးရဲ့ အဓိကထူးခြားချက်က အလှမယ်တွေဟာ ခန္ဓာကိုယ်လှပဖို့ထက် သူတို့ရဲ့ စိတ်ခာတ်လှပဖို့လည်း အဓိကလိုပါတယ်၊ တိုင်းရင်းသူတွေအနေနဲ့ သက်ဆိုင်ရာဒေသတွေကနေတစ်ဆင့် ဝင်ရောက်ယှဉ်ပြိုင်ဖို့ ဖိတ်ခေါ်ခဲ့ပြီးတော့ လာရောက်ယှဉ်ပြိုင်သူတွေကို သေချာစနစ်တကျ သင်ကြားပေးပြီး အဲဒီထဲကနေ အရည်အချင်း ပြည့်ဝသူတွေကို စိစစ်ရွေးချယ်သွားမှာပါ"ဟု မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအသင်း ပွဲကျင်းပရေးဆပ်ကော်မတီ ဖျော်ဖြေရေးနှင့် Miss Ethnic Myanmar ရွေးချယ်ပွဲ ဖြစ်မြောက်ရေးတာဝန်ခံ ကိုမရာဆိုင်းနော်က ပြောကြားခဲ့သည်။

အဆိုပါပွဲတွင် စတိတ်ရှိုးနှင့် အလှမယ်များ ပါဝင်သော အစီအစဉ်ကို ဇန်နဝါရီ ၂၅ ရက် ည ၇ နာရီတွင် စတင်ပြီး တိုင်းရင်းသားတေးသံရှင်များ ဖျော်ဖြေမည်ဖြစ်ကြောင်း၊ ဇန်နဝါရီ ၂၉ ရက်အထိ ဖျော်ဖြေပွဲပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

"တိုင်းရင်းသားအဖွဲ့တွေက ကိုယ့်ရိုးရာ၊ အကတွေ၊ ဝတ်စားဆင်ယင်မှုတွေကို တစ်နေရာတည်းမှာ အများပြည်သူ ကြည့်ရှုနိုင်အောင် လုပ်ထားကြမှာပါ။ တိုင်းရင်းသားဒေသမှာရှိတဲ့ ခရီးသွားလုပ်ငန်းဆိုင်ရာ စိတ်ဝင်စားဖွယ်တွေ ထုတ်ကုန်တွေ၊ ရိုးရာအဝတ်အထည်တွေ၊ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းစု အချင်း ချင်း မြှင့်တင်ဖို့နဲ့ ငြိမ်းချမ်းရေးကို အထောက်အကူပြုသွားနိုင်ဖို့ရည်ရွယ်ပြီး ပြုလုပ်တာပါ"ဟု ထပ်မံဖြည့်စွက်ပြောကြားခဲ့သည်။

အဆိုပါပွဲတော်ကို လာမည့် ၂၀၁၉ ဇန်နဝါရီ ၂၅ ရက်မှ ၃၀ ရက်အထိ ရန်ကုန်မြို့ကျိုက္ကဆံကွင်းတွင် ကျင်းပသွားမှာဖြစ်ပြီး ဖျော်ဖြေရေး အစီအစဉ်၊ ရိုးရာအဝတ်အထည်ပြခန်း၊ တိုင်းရင်းသား တေးသံသာဖျော်ဖြေရေး၊ ညဈေးတန်းနှင့် တိုင်းရင်းသားရိုးရာ အစားအသောက်များ၊ ကလေးများအတွက် ပျော်ပွဲရွှင်ပွဲများ ပါဝင်မည်ဟု သိရသည်။

**ကိုလင်း**



## နိုင်ငံတကာအနုပညာသတင်းပဒေသာ

# ရှာရွတ်ခန်းနဲ့ အာမီယာခန်းတို့ ဆယ်မန်ခန်းရဲ့ မွေးနေ့ကို တက်ရောက်နိုင်ခြင်းမရှိ

မြန်မာပရိသတ်တွေ နှစ်ခြိုက်အားပေးတဲ့ ဘောလိဝုဒ် စူပါစတားမင်းသားကြီး ဆယ်မန်ခန်းဟာဆိုရင် ဒီဇင်ဘာ၂၇ ရက်မှာပဲ အသက် ၅၃ နှစ်ပြည့်သွားပြီပဲ ဖြစ်ပါတယ်။ သူ့ရဲ့၅၃ နှစ်ပြည့်မွေးနေ့ပွဲကို မွမ်ဘိုင်းမြို့အနီး ပန်ဗယ်မြို့က ယာတောအိမ်ရာမှာ ကျင်းပခဲ့ပါတယ်။ မွေးနေ့ပွဲပါတီကို ဘောလိဝုဒ် နာမည်ကြီးတွေ အများကြီး တက်ရောက်ခဲ့ကြပါတယ်။

ရုပ်ရှင်လုပ်ငန်းက မိတ်ဆွေတွေအပြင် ဆယ်မန်ခန်းရဲ့ ညီအစ်ကိုတွေ၊ မိသားစုဝင်တွေလည်း မွေးနေ့ပွဲကို တက်ရောက်ခဲ့ကြပါတယ်။ ဒီလိုမျိုး ဆယ်မန်ခန်းရဲ့မွေးနေ့ပွဲကို စုံစုံညီညီ တက်ရောက်ခဲ့ကြပေမယ့် ဆယ်မန်ခန်းနဲ့ အပြိုင် နာမည်ကြီးကြတဲ့ ရှာရွတ်ခန်းနဲ့ အာမီယာခန်းတို့ကတော့ မွေးနေ့ပွဲကို တက်ရောက်နိုင်ခဲ့ခြင်း မရှိပါဘူး။ ဘောလိဝုဒ်ရဲ့ ခန်းသုံးခန်းလို့ တင်စားရတဲ့ ရှာရွတ်ခန်း၊ ဆယ်မန်ခန်း ၊ အာမီယာခန်းတို့ဟာ အလွန်ကို ခင်မင်ကြတဲ့ သူငယ်ချင်းတွေပါ။ သူတို့သုံးဦးထဲက တစ်ဦးဦးရဲ့ ရုပ်ရှင်ထွက်ရင် ကျန်နှစ်ဦးက ဆိုရှယ်မီဒီယာကနေတစ်ဆင့် ကြေညာပေးတာတွေ လုပ်ပါတယ်။ အခုလို မွေးနေ့ကို မလာနိုင်တာကတော့ ရှာရွတ်ခန်းနဲ့ အာမီယာခန်းတို့ဟာ သူတို့ရဲ့အလုပ်တွေနဲ့ မအားလပ်အောင် ဖြစ်နေလို့ပါ။ အာမီယာခန်းကလည်း လက်ရှိမှာ တရုတ်ပြည်ကို ရောက်နေပြီး လာမယ့်လအတွင်းမှာ ရုံတင်မယ့် Thugs of Hindostan ဇာတ်ကားအတွက် တရုတ်ပြည်ကို ရောက်နေလို့ ဆယ်မန်ခန်းရဲ့မွေးနေ့ပွဲကို မလာနိုင်ဘဲ တွစ်တာကနေပဲ ဆုတောင်းပေးခဲ့ပါတယ်။ အလားတူ ရှာရွတ်ခန်းကလည်း သူ့ရဲ့ Zero ရုပ်ရှင်ကားအတွက် ဘီဟာပြည်နယ် ပတ္တနာမြို့ကို ခရီးထွက်နေတာကြောင့် မွေးနေ့ပွဲနဲ့ လွဲချော်ခဲ့ရတာပဲ ဖြစ်ပါတယ်။

**ဘောလိဝုဒ်လိုက်ဖ်ဒေါ့ကွန်း**



# The Cave ရုပ်ရှင်ရိုက်ကွင်းနောက်ကွယ်မှ ပုံရိပ်များပြသ

ထိုင်းနိုင်ငံအတွင်းဖြစ်ပွားခဲ့သော ဂူအတွင်းပိတ်မိနေသည့် ကျောင်းသားများကို ကယ်တင်သည့်အကြောင်း ရိုက်ကူးထားသည့် The Cave ရုပ်ရှင်တွင် အရေးပေါ်ရှာဖွေမှုများ၊ ကိုယ်ကျိုးစွန့် စေတနာ့ဝန်ထမ်းများ၊ ရဲတင်းသော ကယ်ဆယ်မှုများကို ရိုက်ကူးနေကြောင်း သိရသည်။ ထိုင်း-အိုင်းရစ် ဒါရိုက်တာ တွန်ဝယ်လာက အခုရုပ်ရှင်တွင် ကယ်ဆယ်ရေး ရေငုပ်သမားအစစ်များဖြင့် ရိုက်ကူးထားကြောင်း ပြောသည်။

The Cave ရုပ်ရှင်ကားတွင် စေတနာ့ဝန်ထမ်းကယ်ဆယ်ရေးသမားများ၏ စွန့်လွှတ်အနစ်နာခံမှုကို ဦးတည်ရိုက်ကူးမည်ဖြစ်ကြောင်း ဒါရိုက်တာ တွန်ဝယ်လာက ပြောသည်။ The Cave ရုပ်ရှင်တွင် ဂူအတွင်း ကယ်ဆယ်ရေးလုပ်ဆောင်ခဲ့သူအများစုလည်း ကိုယ်တိုင်ပါဝင်မည်ဟု တွန်ဝယ်လာက ပြောသည်။ ဂူအတွင်းကယ်ဆယ်မှုများအကြောင်း ရိုက်ကူးရာတွင် အခက်အခဲများစွာ ရှိနေပြီး ရုပ်ရှင်အဖွဲ့အတွက် စိန်ခေါ်မှုကြီး တစ်ရပ်ပင်ဖြစ်သည်။

ရေအောက်အခန်းများကို ရိုက်ကူးရာတွင် နည်းပညာပိုင်းအရသာမက အခြားသော အပိုင်းများတွင်လည်း အခက်အခဲရှိကြောင်း ရုပ်ရှင်အခန်းအတော်များများကို ထိုင်းနိုင်ငံ ချင်းရိုင်တွင် ရိုက်ကူးထားပြီး အိုင်ယာလန်၊ ဝေးလ်၊ တရုတ်၊ ဂျပန်နှင့် ဟာဝိုင်ယီတို့တွင်လည်း ရိုက်ကူးထားသောအခန်း အနည်းငယ်လည်း ပါဝင်ကြောင်း သိရသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားကို ၂၀၁၉ ဇူလိုင်လတွင် ပြသနိုင်မည်ဟု သတ်မှတ်ထားသည်။

**ဘီဘီစီ**



မြေး



# လက်တွေ့အသုံးနှင့် အဓိပ္ပာယ် (၁)

**မောင်ခင်မင် (ဓနုဖြူ)**

"ကဲ-စကားလုံးနဲ့ အနက်အဓိပ္ပာယ် ဘယ်လိုဆက်စပ်ပတ်သက်တယ်ဆိုတာ ဘဘတို့ တော်တော် ပြောပြီးကြပြီနော်။ တစ်ဆင့်တက်ပြီး စဉ်းစားကြည့်ကြရအောင်။ အရင်လည်းပြောတော့ ပြောဖူးပါတယ်။ ဘဘတို့ သမီးတို့ တစ်ယောက်နဲ့တစ်ယောက် ဆက်သွယ်တဲ့အခါမှာ အဲဒီစကားလုံးတွေနဲ့ ဆက်သွယ်တာက သမီးဘယ်လို ထင်သလဲ"

"တစ်ယောက်နဲ့တစ်ယောက် ဆက်သွယ်ရင် စကားလုံးတွေတော့ ပါရမှာပဲ ထင်ပါတယ် ဘဘ။ ဒါပေမယ့် စကားလုံးတစ်လုံးချင်း ပြောရုံနဲ့တော့ ဆက်သွယ်လို့ မရဘူး ထင်ပါတယ်"

"ဒီလိုဆိုရင်"

"စကားလုံးတွေကို ကိုယ်ပြောချင်တဲ့ အဓိပ္ပာယ်ရအောင် တစ်လုံးနဲ့တစ်လုံး တွဲစပ်ပြီး ပြောရမယ်ထင်ပါတယ်"

"ဟုတ်ပါတယ် သမီးရဲ့။ 'ထင်ပါတယ်' လုပ်မနေပါနဲ့။ တစ်ယောက်နဲ့တစ်ယောက် ဆိုလိုချင်တဲ့ အဓိပ္ပာယ်ရအောင် စကားလုံးတွေကို တစ်လုံးနဲ့တစ်လုံးတွဲပြီး ပြောမှ အဓိပ္ပာယ်ပေါ်မှာပေါ့။ ဟုတ်တယ်မဟုတ်လား"

"ဟုတ်ကဲ့ပါ"

"ဆိုပါတော့ ဘဘက သမီးကို စကားလုံးတွေတန်းစီပြီး ပြောတယ်။ 'စာအုပ်၊ သွားလာ၊ ကောင်းကောင်း၊ ထမင်း၊ နေ့စား၊ ဖတ်' ဆိုရင် သမီးဘာနားလည်မလဲ"

"နားမလည်ပါဘူး ဘဘ"

"ဟုတ်တယ်။ စကားလုံးတွေစီပြီး ပြောရုံနဲ့ ဆိုလိုတဲ့အဓိပ္ပာယ် မပေါ်တဲ့အတွက် ဘဘတို့ တစ်ယောက်နဲ့တစ်ယောက် ဆက်သွယ်တာဟာ စကားလုံးသက်သက်နဲ့ ဆက်သွယ်တာမဟုတ်ဘူး။ သမီးပြောသလို စကားလုံးတွေ တွဲစပ်ပြီးပြောမှ တစ်ယောက်ဆိုလိုတာ တစ်ယောက်နားလည်နိုင်တယ်ဆိုတာ ထင်ရှားပါတယ်"

"ဟုတ်ကဲ့ပါ"

"အဲဒီလို တွဲစပ်ရာမှာလည်း ကိုယ်ပြောတဲ့ဘာသာစကားရဲ့တွဲစပ်ပုံစည်းကမ်းအတိုင်း တွဲစပ်ပြောရတယ် မဟုတ်လား။ ဆိုလိုတဲ့ အဓိပ္ပာယ်ရအောင် အဲဒီလို တွဲစပ်ထားတဲ့ စကားလုံးအစုကို ဘာခေါ်သလဲဟင်"

"ဝါကျလို့ခေါ်ပါတယ် ဘဘ"

"ဟုတ်တာပေါ့။ ဒီတော့ ဘဘတို့ စကားပဲပြောပြော၊ စာပဲရေးရေး အနည်းဆုံးတော့ ဝါကျတစ်ခုဖြစ်အောင် ပြောမှရေးမှ တစ်ယောက်ဆိုလိုတာ တစ်ယောက်က နားလည်မှာပေါ့"

"ဟုတ်ကဲ့ပါ ဘဘ။ နားလည်ပါပြီ"

"စကားတစ်ခုရှိတယ် သမီးရဲ့။ ဝါကျသည် ဆက်သွယ်မှုအခြေခံယူနစ်ဖြစ်သည်တဲ့။ အင်္ဂလိပ်လိုတော့ Sentence is the basic unit of communication လို့ ဆိုတာပေါ့"

"ဟုတ်ကဲ့ပါ"

"အဲဒီတော့ ဘဘတို့ မြန်မာစကားပြောတဲ့ သူတွေအားလုံးလည်း မြန်မာစကားရဲ့ဖွဲ့ထုံးခေါ်မှာပေါ့။ အဲဒီ ဖွဲ့ထုံးစည်းကမ်းအတိုင်း စကားလုံးတွေကို တွဲစပ်ပြီး ပြောကြဆိုကြ ဆက်သွယ်ကြတာ မဟုတ်လားကွယ်"

"ဟုတ်ပါတယ် ဘဘ"

"အဲ... ဝါကျဆိုတာက စကားလုံးတွေကို တွဲစပ်ထားတဲ့ စကားလုံးအတွဲအစပ်ပဲ။ ဒီနေရာမှာ ရှေ့ဆက်ခင် ဝါကျမှာပါတဲ့ စကားလုံးတွေကို နှစ်မျိုးခွဲနိုင်တဲ့အကြောင်း အရင်ပြောဦးမှထင်တယ်"

"ပြောပြပါ ဘဘ"

"ဝါကျထဲမှာပါတဲ့ စကားလုံးတွေကို အမျိုးခွဲကြည့်ရင် အခြေခံအားဖြင့် နှစ်မျိုးပဲရှိတယ်ဆိုတဲ့ အယူအဆဟာ တော်တော်အသုံးဝင်တယ်ကွဲ့"

"ဟုတ်ကဲ့ပါ"

"တစ်မျိုးက 'လူ၊ အိမ်၊ ဆရာ၊ သွား၊ လာ၊ နီ၊ ဖြူ၊ ပညာ၊ ကုသိုလ်' စတဲ့ သက်ရှိသက်မဲ့၊ ဒြပ်ရှိဒြပ်မဲ့တွေ၊ ပြုမှုလှုပ်ရှားမှုတွေ၊ အရည်အသွေးတွေကိုခေါ်တဲ့ စကားလုံးမျိုးတွေပေါ့။ ဒီလိုစကားလုံးတွေက တစ်လုံးချင်း အနက်အဓိပ္ပာယ်ရှိတယ်။ အဲဒီစကားလုံးတွေနဲ့ ရည်ညွှန်းတဲ့ လူမှုကိစ္စတစ်ခုခု အထင်အရှားရှိတယ်။ အဲဒီစကားလုံးမျိုးတွေကို 'ဝေါဟာရစကားလုံး' လို့ ခေါ်တယ်"

"ဟုတ်ကဲ့ပါ"

"ဝေါဟာရအဖြစ် သုံးနိုင်တဲ့စကားလုံးတွေ ဆိုပါတော့။ နောက်တစ်မျိုးက 'သည်၊ ကို၊ မှ၊ က၊ ၏၊ ၍၊ ၌၊ တယ်၊ မယ်၊ တော့၊ လို့' ဆိုတဲ့ စကားလုံးမျိုးတွေပဲ။ အဲဒီစကားလုံးမျိုးတွေမှာတော့ ရှေ့ကပြောခဲ့တဲ့ ဝေါဟာရစကားလုံးတွေလို အနက်အဓိပ္ပာယ် အထင်အရှား မရှိဘူးကွဲ့။ အဲဒီစကားလုံးတွေနဲ့ ရည်ညွှန်းတဲ့ လူမှုကိစ္စတစ်ခုခုလည်း အထင်အရှားမရှိဘူး။ အဲဒီစကားလုံးတွေက ခုနပြောတဲ့ ဝေါဟာရစကားလုံးတွေ တစ်လုံးနဲ့တစ်လုံး ဘယ်လိုဆက်သွယ်တယ်ဆိုတဲ့ သဒ္ဒါဆက်သွယ်မှုကိုပဲ ဖော်ပြတယ်။ ဒါကြောင့် အဲဒီစကားလုံးတွေကိုတော့ သဒ္ဒါစကားလုံးလို့ ခေါ်တယ်ကွဲ့"

"နမူနာနဲ့ ရှင်းပြရင်တော့ သမီး ပိုနားလည်မယ်လို့ ထင်ပါတယ် ဘဘ"

"အေးပါ။ ရှင်းပြမှာပါ။ ဆိုကြပါစို့။ 'နီနီ' ရယ်၊ 'စာအုပ်' ရယ် အဲဒီစကားလုံး နှစ်လုံးရေးထားရုံနဲ့ 'နီနီ' နဲ့ 'စာအုပ်' ဘယ်လိုဆက်သွယ်မှုရှိတယ်ဆိုတာ မသိနိုင်ဘူး မဟုတ်လား။ 'နီနီ၏စာအုပ်' ဒါမှမဟုတ် 'နီနီရဲ့စာအုပ်' လို့ 'နီနီ' နဲ့ 'စာအုပ်' ကြားမှာ '၏' တို့၊ 'ရဲ့' တို့ထည့်လိုက်ရင် ဘယ်လိုအဓိပ္ပာယ်ရသွားမလဲ။ သမီးသိမှာပါ"

"ဟုတ်ကဲ့။ နီနီက စာအုပ်ကို ပိုင်ဆိုင်တယ်၊ စာအုပ်က နီနီပိုင်ဆိုင်တဲ့စာအုပ် ဖြစ်တယ်ဆိုတဲ့ အဓိပ္ပာယ်ရသွားမှာပါ"

"အဲဒီတော့ ဝေါဟာရစကားလုံးတွေ တစ်လုံးနဲ့ တစ်လုံး ဘယ်လိုဆက်သွယ်တယ်ဆိုတဲ့ သဒ္ဒါဆက်သွယ်ပုံကို သဒ္ဒါစကားလုံးတွေက ဖော်ပြနေတာပေါ့ကွယ်"

"ဟုတ်ကဲ့။ နားလည်ပါပြီ"

"'ကျားက ခွေးကိုကိုက်တယ်'ဆိုတဲ့ ဝါကျမှာ ကျား၊ ခွေး၊ ကိုက် ဆိုတဲ့ ဝေါဟာရစကားလုံးတွေကို 'က'၊ 'ကို'၊ 'တယ်' ဆိုတဲ့ သဒ္ဒါစကားလုံးတွေနဲ့ တွဲလိုက်တော့ ဆိုလိုတဲ့ အဓိပ္ပာယ်ပေါ်လွင်သွားတယ်မဟုတ်လား"

"ဟုတ်ပါတယ် ဘဘ"

"လူတစ်ယောက်နဲ့ တစ်ယောက် ဆက်သွယ်ရာမှာ သဒ္ဒါစကားလုံးတွေနဲ့ချည်း ဆက်သွယ်လို့မရဘူးကွဲ့။ ဘဘက သမီးကို စာတစ်ကြောင်းရေးပြမယ်။ ဘယ်လို အဓိပ္ပာယ်ကောက်မလဲ။ ('၍သဖြင့်၌ ၏ သောကြောင့်ပင်တည်း' ဟု ရေးပြသည်)"

"ဟာ...ဘဘ။ ဘာအဓိပ္ပာယ်မှ ကောက်လို့မရပါဘူး။ အားလုံးက သဒ္ဒါစကားလုံးတွေချည်း ဖြစ်နေလို့ထင်တယ်"

"ဟုတ်တယ်။ ဝေါဟာရစကားလုံး မပါဘဲ သဒ္ဒါစကားလုံးချည်း သုံးလို့မရဘူးဆိုတာ ထင်ရှားစေချင်လို့ပါ။ ကဲ... နောက်ရေးပြဦးမယ်။ အဓိပ္ပာယ်ကောက်ပါဦး"

("အောင်အောင် စာအုပ်မောင်မောင်ပေး" ဟု ရေးပြသည်)

"ဒါလည်း အဓိပ္ပာယ်မရှင်းပါဘူးဘဘ။ အောင်အောင်က မောင်မောင်ကို စာအုပ်ပေးတာလား။ မောင်မောင်က အောင်အောင်ကို စာအုပ်ပေးတာလား။ သဲသဲကွဲကွဲ မသိနိုင်ပါဘူး"

"ဟုတ်တယ်။ အောင်အောင်ရဲ့စာအုပ်လို့ ဆိုလိုတာလည်း ဖြစ်နိုင်တယ်။ 'မောင်မောင်ပေး' ဆိုတော့ မောင်မောင်ကို 'ပေး'လို့ အမိန့်ပေးတာလည်း ဖြစ်နိုင်တယ်။ အဲဒီလို အဓိပ္ပာယ်မသဲကွဲတာဟာ ဝေါဟာရစကားလုံးတွေချည်း တွဲထားပြီး သဒ္ဒါစကားလုံး တစ်လုံးမှ မပါလို့ပဲကွဲ့"

"သြော်... ဟုတ်တယ်နော် ဘဘ။ သမီးမြင်ပါပြီ"

"'အောင်အောင်သည် စာအုပ်ကို မောင်မောင်အား ပေး၏' လို့ စာဟန်နဲ့ပဲ ရေးရေး၊ အောင်အောင်က စာအုပ်ကို မောင်မောင့် ပေးတယ်' လို့ အပြောဟန်နဲ့ပဲ ရေးရေး သဒ္ဒါစကားလုံးတွေပါမှ ဆိုလိုတဲ့ အဓိပ္ပာယ်ရှင်းမှာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"ဒီတော့ ဘဘတို့ ဘာနားလည်ရသလဲဆိုရင် သဒ္ဒါစကားလုံးတွေချည်းပါပြီး ဝေါဟာရစကားလုံးတစ်လုံးမှ မပါရင် ဘာအဓိပ္ပာယ်မှ မရှိဘူး။ အဲ... ဝေါဟာရစကားလုံးတွေချည်းပါပြီး သဒ္ဒါစကားလုံးတစ်လုံးမှ မပါရင်လည်း ဆိုလိုတဲ့ အဓိပ္ပာယ် မသဲမကွဲ ဖြစ်တတ်တယ်။ ဒါကြောင့် ဒီစကားလုံးနှစ်မျိုးကို လိုအပ်သလို တွဲစပ်ပြီး သုံးမှ လိုတဲ့အဓိပ္ပာယ်ရနိုင်တယ်လို့ နားလည်ရတာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ။ နားလည်ပါပြီ ဘဘ"

"ဒီစကားလုံးနှစ်မျိုးဟာ သူ့နေရာနဲ့သူ အရေးပါတာချည်းပဲ သမီးရဲ့။ ဘဘ သတိထားမိတဲ့ သာဓကကလေးတွေ ပြဦးမယ်။ သမီး သတိထားမိမလားမသိဘူး။ ကုန်တင်ကားအကြီးကြီးတွေရဲ့ နောက်ဘက်မှာ သံပြားပေါ်မှာ စာလုံးကြီးတစ်လုံး ရေးထားတတ်တယ်။ ကားကြီးရပ်လိုက်တာနဲ့ မီးနီလင်းပြီး အဲဒီစာလုံးက ထင်းခနဲ ပေါ်လာလေ့ရှိတယ်။ စာလုံးက 'ရပ်' တဲ့"

"သမီးမြင်ဖူးပါတယ် ဘဘ"

"ဘဘက အဲဒီစာလုံးက ဘာဆိုလိုတယ်ဆိုတာ အရင်က သဲသဲကွဲကွဲမသိဘူး။ ကားရပ်မှာမို့ 'ရပ်မယ်' လို့ အသိပေးတာလား။ နောက်က ကပ်လိုက်လာတဲ့ ကားကို 'ရပ်' လို့ ခိုင်းတာလား၊ မသဲကွဲတော့ စိတ်ထဲမှာ သို့လော သို့လော ဖြစ်တာပေါ့။ ဘဘ ငယ်ငယ်ကတည်းက ရန်ကုန်မှာ အဲဒီ 'ရပ်' ဆိုတဲ့ စာလုံးကို ကားနောက်ဘက်မှာ တွေ့ရတာ။ နောက်ပိုင်းနှစ်တွေကျတော့ 'ရပ်' လို့ တစ်လုံးတည်း မရေးတော့ဘူး။ 'ရပ်မည်' တဲ့။ ကားရပ်ခါနီး မီးလင်းပြီး အဲဒီ 'ရပ်မည်' ပေါ်လာတော့မှ သြော်... အဲဒီကား ဒီနေရာမှာ ရပ်မယ်လို့ အသိပေးတာပါလားလို့ ရှင်းရှင်းလင်းလင်း သိရတော့တယ်"

"ဟုတ်ကဲ့။ သမီးလည်း 'ရပ်မည်' ဆိုတာတွေ့ပါတယ် ဘဘ"

"ဒီတော့ စဉ်းစားကြည့်လေ 'မည်' ဆိုတဲ့ သဒ္ဒါစကားလုံးကလေးတစ်လုံးဟာ ဘယ်လောက်တာသွားတယ်၊ အဓိပ္ပာယ်ရှင်းအောင် ဘယ်လိုအထောက်အကူပြုတယ်ဆိုတာ စိတ်ဝင်စားစရာပဲပေါ့ကွယ်"

"ဟုတ်ကဲ့ပါ၊ ဘဘ"

"အဲဒီလိုပဲ ဝေါဟာရစကားလုံးဆိုတာ အဓိပ္ပာယ်ရှိတဲ့ စကားလုံးမို့ ဝေါဟာရစကားကို တစ်လုံးပျောက်သွားရင် အဓိပ္ပာယ်တစ်ခု ပျောက်သွားတာပဲ။ ဒီဟာကိုတော့ 'ပြန်ဆိုသီချင်း' တစ်ပုဒ် နားထောင်ရင်း ဘဘ သတိထားမိတာလေ"

"ဘာသီချင်းပါလဲ ဘဘ"

"ဘဘက သီချင်းဝါသနာပါလို့ သေသေချာချာ မှတ်မိပါတယ်။ လွန်ခဲ့တဲ့ နှစ် ၅၀ ကျော်က ရေဒီယိုမှာ ထင်ရှားတဲ့ 'တောင်လေ့ကားမြို့တော်' သီချင်းပါ။ အဆိုတော် မြင့်မြင့်စံ ဆိုထားတာလေ"

"သမီးတော့ သိပ်မသိပါဘူး ဘဘ"

"သမီးတို့နဲ့တော့ တော်တော်ခေတ်ကွာနေပြီလေ။ ဂီတစာဆိုကိုလေးလွင် ရေးတာ။ အဲဒီမှာပါတယ်။ 'ဒုဋ္ဌဝတီရေကြည် ချောင်းကလေးသည် ဟိုအဝေးဝယ် ကွေ့ကောက်ပြေးစီးဆင်းနေသည်' တဲ့။ ချောင်းကလေးမှာ ရေကလေးတွေ အရှိန်နဲ့ ပြေးပြီး စီးဆင်းနေတဲ့ မြင်ကွင်းကို 'ကွေ့ကောက်ပြေး စီးဆင်းနေသည်' လို့ ဖွဲ့တာလေ။ အဲဒီလို နောက်ပြန်ဆိုတဲ့ တေးသံရှင်က 'ကွေ့ကောက်ပြီး စီးဆင်းနေသည်' လို့ မှားဆိုထားတယ်။ လွှင့်တဲ့အခါ သမီးနားထောင်ကြည့်။ 'ပြီး' ဆိုတာ 'ထမင်းစားပြီး ရေသောက်တယ်' ဆိုတာမျိုး ဆက်စပ်တဲ့ သဒ္ဒါစကားလုံးလေ။ မှားပြီးဆိုတော့ 'ပြေး' ဆိုတဲ့ လှုပ်ရှားနေတဲ့ မြင်ကွင်းကလေး ပျောက်သွားတာပေါ့ကွယ်"

"ဒီတော့ ဘဘတို့ ဘာနားလည်ရသလဲဆိုရင် သဒ္ဒါစကားလုံးတွေချည်းပါပြီး ဝေါဟာရစကားလုံး တစ်လုံးမှမပါရင် ဘာအဓိပ္ပာယ်မှမရှိဘူး။ အဲ... ဝေါဟာရ စကားလုံးတွေချည်း ပါပြီး သဒ္ဒါစကားလုံးတစ်လုံးမှ မပါရင်လည်း ဆိုလိုတဲ့ အဓိပ္ပာယ် မသဲမကွဲ ဖြစ်တတ်တယ်။ ဒါကြောင့် ဒီစကားလုံး နှစ်မျိုးကို လိုအပ်သလို တွဲစပ်ပြီးသုံးမှ လိုတဲ့အဓိပ္ပာယ် ရနိုင်တယ်လို့ နားလည်ရတာပေါ့ကွယ်"

# နှစ်သစ်ကူးရုံးပိတ်ရက်ကာလတွင် ခရီးသွားလာသည့် ပြည်သူများ သာမန်ရက်များထက် ပိုမိုများပြား

**ရန်ကုန် ဒီဇင်ဘာ ၂၈**

နှစ်သစ်ကူး ရုံးပိတ်ရက်ကာလသည် ဒီဇင်ဘာ ၂၉ ရက်မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ရက်အထိ လေးရက်ကြာကာလဖြစ်သည့်အတွက် သာမန်ရက်များထက် မီးရထားဖြင့် နေရပ်ပြန်သူများ၊ အလည်အပတ်ထွက်သူများ၊ ဘုရားဖူးခရီးသွားများ ပိုမိုများပြားလျက်ရှိသည်။

ရန်ကုန်ဘူတာကြီးမှ လက်မှတ်သိမ်း ဦးကံသောင်းက " ရုံးပိတ်ရက်များတဲ့ အခါကျတော့ ရထားစီးနင်းတဲ့ခရီးသည်က သာမန်ရက်တွေထက်များတယ်။ ၃၀ ရက်နေ့ထိလောက်တော့ ကျပ်မယ်။ ရန်ကုန်ကထွက်တဲ့ ရထားမှန်သမျှ ဒီရက်အတွင်း ကျပ်မယ်။ နိုင်ငံခြားခရီးသွားဧည့်သည်တွေလည်း ရထားစီးကြပါတယ်။ နိုင်ငံခြားခရီးသွားတွေကတော့ ရန်ကုန်ဘူတာကြီးကနေ မော်လမြိုင်နဲ့ ပုဂံ အဓိကသွားကြတယ် "ဟု ပြောသည်။

နှစ်ကူးကာလအတွင်း နေရပ်ဒေသအသီးသီးသို့ ရထားစီးနင်းမည့် ခရီးသွားပြည်သူများ သွားလာမှု အဆင်ပြေစေရန် နေပြည်တော်- ရန်ကုန်နှင့် ရန်ကုန်- မန္တလေးခရီးစဉ်များအတွက် အထူးရထားတွဲဆိုင်းများ ပြေးဆွဲပေးသွားမည်ဖြစ်ပြီး အထူးရထားများအတွက်ရထား လက်မှတ်များကို ဈေးနှုန်းပြောင်းလဲခြင်းမရှိဘဲ ရောင်းချပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

တာမွေမြို့နယ်မှ ကိုစိုးဝင်းဦးက "ရေးမြို့နယ်ကနေ ရန်ကုန်မှာ ဂျပန်စကားပြောသင်တန်းလာတက်တာပါ။ နှစ်ကူးပိတ်ရက်မှာ ရေးမြို့ကို ရထားနဲ့ပြန်တာပါ။ ရထားက ကားထက်စာရင် ဈေးနှုန်းလည်းသက်သာတယ်။ စီးရတာလည်း သက်သောင့်သက်သာရှိတယ်။ နှစ်ကူးရုံးပိတ်ရက်ဆိုတော့ ရထားစီးတဲ့သူက သာမန်ထက်များတယ်။ ထိုင်ခုံတောင်မရဘူး" ဟု ပြောသည်။

ထို့ပြင် ယနေ့ညနေပိုင်းမှစတင်ကာ စင်းလုံးငှားယာဉ်များ၊ အောင်မင်္ဂလာအဝေးပြေးကားဝင်းနှင့် လှိုင်သာယာအဝေးပြေးကားဝင်းများရှိ အဝေးပြေးကားများဖြင့် နေရပ်ပြန်သူများ၊ ဘုရားဖူးသွားသူများ၊ အလည်အပတ်ခရီးထွက်သူများဖြင့် စည်ကားလျက်ရှိသည်။



ရန်ကုန်ဘူတာကြီးတွင် ရထားစောင့်ဆိုင်းနေသည့် ခရီးသည်များကို တွေ့ရစဉ်။

ALRIGHT Car Rental Service မှ မန်နေဂျင်းဒါရိုက်တာ ဦးသန့်စင်က "ဒီနှစ် နှစ်ကူးရုံးပိတ်ရက်ကတော့ စင်းလုံးငှားယာဉ်တွေ အငှားထပ်တယ်လို့ ပြောလို့ရတယ်။အယောက် ၂၀ စီး ကားတွေရော ၄၅ ယောက်စီးကားတွေပါ ငှားတဲ့သူများလို့ ငှားဖို့ကားတောင် မရှိတော့ဘူး။ ငှားတဲ့သူတွေက ၂၈ ရက် ၂၉ ရက်ကတည်းက စငှားကြတယ်။ အဓိကငှားတဲ့ခရီးစဉ်တွေကတော့ ကျိုက်ထီးရိုးဘုရား၊ ချောင်းသာ၊ ငွေဆောင်၊ တောင်ကြီးခရီးစဉ်တွေ သွားဖို့အတွက် ငှားကြတယ်" ဟု ပြောသည်။

**မင်းသစ် (MNA)၊ ဓာတ်ပုံ၊ ဖိုးသန့်**

# ရုံးပိတ်ရက်ရှည်ကာလအတွင်း မွေးရပ်မြေနှင့် အလည်အပတ်ခရီးသွားကြမည့် ဝန်ထမ်းများ၏ ရင်တွင်းစကားသံများ

ဒီဇင်ဘာ ၂၉ ရက် မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ရက်အထိ ရုံးပိတ်ရက်ရှည်ခံစားကြရပြီ ဖြစ်သည်။

နေပြည်တော်ရှိ မြို့မဈေးကားဂိတ်၊ သပြေကုန်းကားဂိတ်နှင့် ဘောဂသီရိ ကားဝင်းအတွင်းရှိ ကားဂိတ်တို့၌လည်း ရုံးပိတ်ရက်ရှည်ကာလအတွင်း မွေးရပ်မြေသို့ ပြန်ကြမည့်ဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများနှင့် မြန်မာပြည်အနှံ့ လည်ပတ်ကြမည့် မိသားစုများဖြင့် စည်ကားလျက်ရှိသည်။

ရုံးပိတ်ရက်ရှည် ကာလအတွင်း ကိုယ်စီဖြတ်သန်းကြမည့် အစီအစဉ်များနှင့် နှစ်သစ်တွင် အားမာန်အပြည့်ဖြင့် ဆောင်ရွက်သွားကြမည့် အခြေအနေများကို တွေ့ဆုံမေးမြန်းထားပါသည်။



ဒေါ်လွင်လွင်မှူး

**ဒေါ်လွင်လွင်မှူး (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**

အခုပိတ်ရက်မှာ ရန်ကုန်ကို ပြန်မှာပါ။ အရင်က ပိတ်ရက်တိုတဲ့ အတွက် ရောက် ပြန်လိုဖြစ်နေတယ်။ ပြီးတော့ လေးရက်ပိတ်ရက်ကို အားခဲထားတဲ့အတွက် အလွန်ပျော်မိပါတယ်။ ဒီပိတ်ရက်မှာတော့ အပြင်သွားလည်ဖို့ထက် မိသားစုကို အချိန်ပေးပြီး ပျော်ပျော်ရွှင်ရွှင်နဲ့ ရက်တွေကုန်ဆုံးဖို့ စီစဉ်ထားပါတယ်။ လူဆိုတာက အကောင်းအဆိုး ဒွန်တွဲနေတဲ့အတွက် အားနည်းချက်တွေလည်း ရှိခဲ့တယ်။ အရင်နှစ်တွေက မရင့်ကျက်တာတွေကို လာမယ့်နှစ်မှာ ရင့်ကျက်မှုတွေနဲ့ ဖြတ်သန်းချင်ပါတယ်။




ဦးအောင်မျိုးထိုက်

**ဦးအောင်မျိုးထိုက် (အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန)**

အခုရက်ရှည် ပိတ်ရက်ကတော့ ဝန်ထမ်းတွေအတွက် ကောင်းပါတယ်။ မိသားစုတွေ၊ ကိုယ်ချစ်ခင်တဲ့သူတွေနဲ့ ပျော်ပျော်ရွှင်ရွှင် အနားယူနိုင်တာပေါ့။ အခုပိတ်ရက်မှာတော့ ပြန်ဖို့မရှိပါဘူး။ နေပြည်တော်မှာပဲ သူငယ်ချင်းတွေနဲ့ လည်ပတ်ဖို့တော့ ရှိပါတယ်။ ၂၀၁၈ ခုနှစ်မှာ ကိုယ့်ရဲ့လုပ်ကိုင်မှု အခြေအနေတွေကို အားမရခဲ့ဘူး။ အခု ၂၀၁၉ ခုနှစ် နှစ်သစ်မှာတော့ ကြိုးစားရမယ့်ကိစ္စတွေ အများကြီးရှိတယ် ဆိုတာကို သိတဲ့အတွက် ပိုပြီးပြင်ဆင်သွားမှာပါ။

**ဒေါ်ခွာညိုယွန်းဖြူ (ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန)**

အခုလို ရက်ရှည်ပိတ်တော့ ပျော်ပါတယ်။ အခုက မွေးရပ်မြေမန္တလေးကို ပြန်မှာပါ။ ဒီရုံးပိတ်ရက် လေးရက်မှာ



ဒေါ်ခွာညိုယွန်းဖြူ

ပြင်ဦးလွင် ပန်းပွဲတော်သွားမယ်။ New Year ကို မိသားစုနဲ့အတူ မန္တလေးမှာ ဖြတ်သန်းမယ်။ နှစ်ဟောင်း ၂၀၁၈ ခုနှစ်မှာ စိတ်ကျေနပ်မှု သိပ်မရှိပါဘူး။ နှစ်သစ်မှာတော့ လုပ်ငန်းခွင်မှာရော လူမှုရေးနယ်ပယ်မှာပါ အောင်မြင်အောင်၊ တိုးတက်အောင် ကြိုးစားသွားမယ်လို့ ဆုံးဖြတ်ထားပါတယ်။



ဒေါ်အေးမြင့်ရည်

**ဒေါ်အေးမြင့်ရည် (လူမှုဝန်ထမ်းဦးစီးဌာန)**

အခုပိတ်ရက်မှာ ကျွန်မက အမေရှိတဲ့ ရေဦးမြို့ကိုပြန်မှာပါ။ အခုလို ပိတ်ရက်အရှည်ကြီးမှာ အမေနဲ့အတူ နေပြီးတော့ ဖြတ်သန်းရမှာဖြစ်တဲ့အတွက် ပျော်နေမိပါတယ်။ အမေနဲ့အတူ ကုသိုလ်ကောင်းမှု အလှူတွေလုပ်မယ်။ ၂၀၁၉ နှစ်သစ်မှာ အလှူလုပ်ဖို့အတွက် အခုကတည်းကစိတ်ထဲက ပျော်နေပါတယ်။ နှစ်ဟောင်းက မလုပ်ခဲ့ဖူးတဲ့ အစီအစဉ်လေးတွေလည်း လုပ်ဖို့အစီအစဉ် ရှိပါတယ်။



ဦးသိန်းဆွေ

**ဦးသိန်းဆွေ (ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)**

ကျွန်တော်က မိတ္ထီလာဘက်ကို ပိတ်ရက် လေးရက်အတွင်းခဏပြန်တာပါ။ မရောက်ဖြစ်တာကြာတော့ အလည်သက်သက်သွားတာရယ်၊ ဇနီးကလည်း အဲဒီမှာ ပညာရေးဝန်ထမ်းဆိုတော့ ပြန်ဖြစ်တာပါ။ ၂၀၁၈ ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှုတွေကို စိတ်ကျေနပ်မှု အထိုက်အလျောက်ရှိပါတယ်။ အခုလာမယ့် ၂၀၁၉ နှစ်သစ်မှာတော့ စိတ်သစ်လူသစ်၊ အတွေးအမြင်သစ်တွေနဲ့ တက်တက်ကြွကြွ ဖြတ်သန်းမယ်။ နှစ်ဟောင်းက ကိုယ်လုပ်ဆောင်ခဲ့တာတွေထဲမှာ ကောင်းတာတွေယူမယ်၊ မကောင်းတာတွေပယ်ပြီးတော့ ဝန်ထမ်းတစ်ယောက်အနေနဲ့ ပန်းတိုင်ရောက်အောင် ဖြတ်သန်းဖို့စိတ်ကူးထားပါတယ်။



ဦးတင်မျိုး

**ဦးတင်မျိုး(ကုမ္ပဏီဝန်ထမ်း)**

ရောဝတီတိုင်းဒေသကြီး ဘိုကလေးဘက်ကိုပြန်မှာပါ။ အဓိကကတော့ မိဘတွေ နဲ့သွားတွေ့မှာပါ။ မရောက်ဖြစ်တာကြာတော့ သူငယ်ချင်းတွေနဲ့လည်း ဆုံဖို့ရှိပါတယ်။ နောက်ပြီးဒေသက ဘုရားတွေကိုလည်း သွားရောက်ဖူးမြော်ဖို့ စီစဉ်ထားပါတယ်။ အခု ၂၀၁၈ မှာ လုပ်ကိုင်ခဲ့ရတာတွေနဲ့ပတ်သက်ပြီး စိတ်ကျေနပ်မှုအပြည့်ရှိပါတယ်။ လာမယ့်နှစ်သစ်မှာတော့ ပျော်ပျော်ရွှင်ရွှင်နဲ့ ဖြတ်သန်းသွားမယ်လို့ ဆုံးဖြတ်ထားပါတယ်။




**အောင်ရဲသွင်၊ ဟန်လင်းနိုင်**

**ဓာတ်ပုံ - ကျော်ဇင်ထိုက်**

# ပထမအကြိမ် ရန်ကုန်ကားအလှပြပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၈**

ခေတ်မီတိုးတက်သည့်နိုင်ငံများတွင် အားကစားတစ်ရပ်အနေဖြင့် ကားအလှဆင်ပြပွဲနှင့်ကားမောင်းပြပွဲတို့ကို ကျင်းပလျက်ရှိသည်။ မြန်မာနိုင်ငံရှိ ကားဝါသနာရှင်များအတွက်ရည်ရွယ်၍ Yangon Auto Festival ကားဝါသနာရှင်အဖွဲ့က ကြီးမှူး၍ အလှဆင်ထားသည့်ကားအလှပြပွဲကို ဒီဇင်ဘာ ၂၉ ရက်တွင် ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ကျင်းပမည်ဖြစ်သည်။ ပြပွဲတွင် အလှဆင်ထားသည့်ပြိုင်ကားများ၊ တံခါးလေးပေါက်ပါ အလှဆင်ထားသည့် ပြိုင်ကားပုံသဏ္ဌာန်အိမ်စီးကားများ၊ ၁၉၈၀ ပြည့်နှစ်ထုတ်လမ်းကြောင်းမောင်း 4 Wheel Drive ကားများပါဝင်သည့် ကားစီးရေ ၈၀ ခန့် ပါဝင်ပြသမည်ဖြစ်သည်။

ပြိုင်ကားချစ်မြတ်နိုးသူများ၏ ပြောကြားချက်အရ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင် ရတနာပုံစီးတီးတွင် ကားမောင်းပြိုင်ပွဲရှိသော်လည်း ရန်ကုန်တိုင်းဒေသကြီးတွင်မရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း မြေလွတ်မြေရိုင်းများရှိသဖြင့် ကားမောင်းပြိုင်ပွဲကိုကျင်းပစေလိုကြောင်း ကားအလှပြပွဲစီစဉ်သူ ဝီလျံချန်းက ပြောကြားသည်။

ပြပွဲတွင် ကားပစ္စည်းအလှဆင်သည့်ပြခန်း ၂၀ ပါဝင်ပြီး ဒီဇင်ဘာ ၂၉ ရက်တစ်ရက်တည်းသာ ပြသမည်ဖြစ်ကြောင်း သိရသည်။

**အောင်သူရ**

# ရှေးဟောင်းမြို့လောင်းရှည် နှစ် ၁၀၀၀ ပြည့်ပွဲတော်တွင် သံဃာ့ဒါန ဆွမ်းလောင်းလှူပွဲကျင်းပ



**ဆော ဒီဇင်ဘာ ၂၈**

ဂန့်ဂေါခရိုင် ဆောမြို့နယ် လောင်းရှည်မြို့(မြို့ဟောင်း) နှစ်(၁၀၀၀)ပြည့်ပွဲကို ဒီဇင်ဘာ ၂၆ ရက်က စတင်ကျင်းပခဲ့သည်။

အဆိုပါပွဲတော်ကို ဒီဇင်ဘာ ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်၍ တရားတော်နာကြားပွဲကို နေ့စဉ်ကျင်းပလျက်ရှိသည့်အပြင် အားကစားပွဲ၊ ပျော်ပွဲရွှင်ပွဲ၊ ဇာတ်ပွဲ၊ သမိုင်းပြခန်း၊ ရိုးရာဓလေ့ ပြခန်းတို့ဖြင့် စည်ကားစွာ ကျင်းပလျက်ရှိသည်။

ထို့ပြင် ဒီဇင်ဘာ ၂၇ ရက် နံနက်တွင် သံဃာ့ဒါန ဆွမ်းလောင်းလှူပွဲကို မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအနီး၌ ကျင်းပသည်။

ရှေးဦးစွာ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၌ ဖွင့်လှစ်၍ ရှရှားနိုင်ငံ ထေရဝါဒ ဗုဒ္ဓစင်တာ ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ အစ္စရိယထံမှ သြဝါဒကထာကို နာယူကြသည်။

ထို့နောက် ဆွမ်းလောင်းလှူပွဲကို ဆက်လက်ကျင်းပရာ သံဃာတော် ၁၁၆ ပါးတို့အား လောင်းရှည်ဒေသနေ ပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ပြည်သူများက ဆွမ်းနှင့် လှူဖွယ်ဝတ္ထုများကို လောင်းလှူဆက်ကပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်စီးဆင်းမှု လျင်မြန်စေရန် ပန်ဆိုင်း(ကြျူကုတ်)နှင့် ဝမ်တိန်ဂိတ်များ ပြန်ဖွင့်

**မူဆယ် ဒီဇင်ဘာ ၂၈**

ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့ မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်စီးဆင်းမှု လျင်မြန်စေရန်နှင့် ယာဉ်ကြောပိတ်ဆို့မှု ပြဿနာများ လျင်မြန်စွာ ဖြေရှင်းနိုင်ရန်အတွက် ယမန်နေ့က မူဆယ်မြို့ (၁၀၅)မိုင် ကုန်သွယ်ရေးညွှန်မှူး ဦးတင်ရဲဝင်း ဦးဆောင်အဖွဲ့ မူဆယ်-နမ့်ခမ်းကုန်သွယ်ရေးအသင်း၊ သစ်သီးဝလံတာဝန်ရှိသူ အဖွဲ့များနှင့် ဝမ်တိန်မြို့ရှိ (Custom) အဖွဲ့တာဝန်ရှိသူများ ဝမ်တိန်မြို့တွင် တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံ ကုန်သွယ်လုပ်ငန်းရှင်များအတွက် ကုန်သွယ်မှု ပိုမိုမြန်ဆန်ရန်၊ နှစ်နိုင်ငံပြည်သူများ သွားလာမှု ပိုမိုလွယ်ကူရန်နှင့် ယာဉ်ကြောပိတ်ဆို့မှု ပြဿနာများ အမြန်ဆုံးဖြေရှင်းနိုင်ရန်အတွက် နှစ်နိုင်ငံ ဝင်၊ ထွက်ဂိတ်များ ပိုမိုဖွင့်လှစ်ရန် သဘောတူထားကြောင်း သိရသည်။

ဆက်လက်၍ တရားဝင်ကုန်သွယ်မှုများ ပိုမိုကောင်းမွန်ရန်အတွက် ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ပြီး တရားမဝင်သည့် ကုန်သွယ်မှုများကိုလည်း တရားဝင်ဖြစ်ရန် အောက်ခြေမှ ပြင်ဆင်မှုများလည်း ကြိုးစားဆောင်ရွက်သွားမည့် အကြောင်းအရာများ၊ ယခု ဝင်၊ ထွက်ဂိတ်တွင် ယာဉ်များ ကြန့်ကြာမှုဖြစ်သည့်အတွက် ဝင်၊ ထွက်ဂိတ်များကိုလည်း တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ ဝမ်တိန်မြို့ အာဏာပိုင်ဘက်မှ ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့နောက် မြန်မာ-တရုတ် နှစ်နိုင်ငံ ဝင်၊ ထွက်ဂိတ်တွင် တရုတ်နိုင်ငံ ဝမ်တိန်မြို့ဘက်မှ တည်ဆောက်ထားဆဲဖြစ်သည့် ပေ ၁၀၀ ခန့်ရှိ မုခ်ဦးကို နှစ်နိုင်ငံ ကုန်သွယ်စီးဆင်းမှုပိုမိုလျင်မြန်စေရန်နှင့် နှစ်နိုင်ငံ ပိုမိုအကျိုးရှိလာစေရန် ရည်ရွယ်၍ ယင်းညနေပိုင်းတွင် တရုတ်နိုင်ငံဘက်မှ ချက်ချင်းဖြိုဖျက်ခဲ့ပြီး တည်ဆောက်ဆဲဖြစ်သည့် မုခ်ဦးကို ဒီဇင်ဘာ ၂၈ ရက်တွင် အပြီးဖျက်သိမ်း၍ ကုန်တင်ကားများ လွယ်ကူစွာ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း မူဆယ်-နမ့်ခမ်း ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ ဦးစိုင်းနွံက ပြောကြားခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**



# အထူးကာကွယ်စောင့်ရှောက်ရန် လိုအပ်သော ကလေးငယ် ၄၂ ဦးအား ထောက်ပံ့ငွေပေးအပ်

**ကျိုင်းတုံ ဒီဇင်ဘာ ၂၈**

ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းတုံမြို့တွင် လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီး၍ အထူးကာကွယ်စောင့်ရှောက်ရန် လိုအပ်သော ကလေးငယ်များအား ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့တွင် ကျိုင်းတုံမြို့ရပ်ကွက်(၃)ရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျိုင်းတုံမြို့ တာချီလိတ်မြို့ မိုင်းဖြတ်မြို့နှင့် တာလေမြို့များမှ အထူးကာကွယ်စောင့်ရှောက်ရန်လိုအပ်သော ကလေးငယ် ၄၂ ဦးအား တစ်ဦးလျှင် ငွေကျပ် သုံးသောင်းနှုန်းဖြင့် လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီး ဦးစိုင်းရွှန်တစ်လုံနှင့် တာဝန်ရှိသူများက ပေးအပ်ကြသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုးက ကလေးငယ်များအား အားပေးစကား ပြောကြားသည်။ အခမ်းအနားသို့ ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံစံခတ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာမြင့်ကျော်၊ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ခင်ခင်မြင့်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ထိုင်းနိုင်ငံမှ တရားမဝင် မြန်မာရွှေ့ပြောင်း အလုပ်သမားရှစ်ဦးအား တာချီလိတ်၌ ပြန်လည် လွှဲပြောင်းပေးအပ်

**တာချီလိတ် ဒီဇင်ဘာ ၂၈**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့၌ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအမှတ်(၂)တွင် ထိုင်းနိုင်ငံမှ တရားမဝင် မြန်မာရွှေ့ပြောင်းအလုပ်သမားများကို လွှဲပြောင်းပေးအပ်လျက်ရှိရာ ယမန်နေ့က အမျိုးသားလေးဦး၊ အမျိုးသမီး လေးဦး လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုသို့လွှဲပြောင်းပေးရာတွင် မြန်မာနိုင်ငံဘက်မှ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဌာန၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ အလုပ်သမား ညွှန်ကြားမှုဦးစီးဌာန၊ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများ ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်တီ (CNCMC) မှ ကော်မတီဝင်များက ကြိုဆိုပြီး ၎င်းတို့၏ မူလနေရပ်ဒေသများသို့ ပြန်နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယခုလွှဲပြောင်းပေးပို့လာသည့် မြန်မာရွှေ့ပြောင်း အလုပ်သမားများမှာ ၎င်းတို့ဆန္ဒဖြင့် ပြန်လာသူများ မဟုတ်ကြဘဲ ထိုင်းနိုင်ငံတွင် နယ်စပ်ဖြတ်ကျော်လက်မှတ်သက်တမ်းလွန်ခြင်း၊ အထောက်အထားမရှိဘဲနေထိုင်ခြင်း စသည်တို့ကြောင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်စေလွှတ်ခဲ့သူများဖြစ်ကြောင်း သိရသည်။

အဆိုပါ လွှဲပြောင်းပေးအပ်လာသော မြန်မာရွှေ့ပြောင်းအလုပ်သမားများ အပါအဝင် ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ဒီဇင်ဘာလ ၂၇ ရက်အထိ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးအပ်လာသည့် မြန်မာနိုင်ငံသားဦးရေမှာ အမျိုးသား ၈၁၅ ဦး၊ အမျိုးသမီး ၃၆၃ ဦး၊ ကလေး ၃၉ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

**ဖြိုးလေး(တာချီလိတ်)**

# ပြင်ဦးလွင် စည်ပင်သာယာမြို့မဈေးကြီး ပြင်ဆင်ရန်လိုအပ်နေ

**ပြင်ဦးလွင် ဒီဇင်ဘာ ၂၈**

ပြင်ဦးလွင် မြို့မဈေးကြီးသည် ပြင်ဦးလွင်သို့ အင်္ဂလိပ်တို့ မရောက်မီ ၁၈၉၆ ခုနှစ် မတိုင်ခင်ကပင် ရှိနေခဲ့ပြီး ယခင်က သက်ငယ်မိုး တဲတန်းရှည်ကြီးအဖြစ်မှ အင်္ဂလိပ်တို့က ပြင်ဦးလွင်ကို မေမြို့အဖြစ် မြို့ပြစီမံကိန်းရေးဆွဲအပြီး အုတ်တိုက်တန်းများအဖြစ် ပြောင်းလဲတည်ဆောက်ခဲ့သည်။

၁၉၉၅ ခုနှစ်တွင် လက်ရှိဈေးဟောင်းကို ဖျက်၍ ဈေးသစ်ကြီးကို တည်ဆောက်ကာ ဈေးသူဈေးသားတို့ကို ဆိုင်ခန်းနေရာသစ်များဖြင့် ရောင်းချ ဖွင့်လှစ်စေခဲ့ကြောင်း သိရသည်။

ယခုအခါ ပြင်ဦးလွင်စည်ပင်သာယာ မြို့မဈေးကြီးသည် ဆေးရောင်များ ပျက်ပြယ်ခြင်း၊ အမိုးများနှင့် ရေတံလျှောက်များမှ မိုးရေများယိုကျခြင်း၊ လေဝင်လေထွက်နည်း၍ ဈေးထဲ၌ မွန်းကျပ်လှောင်အိုက်နေခြင်း၊ အလင်းရောင်ကောင်းစွာ မရရှိသဖြင့် မှောက်မိုက်နေခြင်းတို့အပြင် တချို့သော ဈေးသူ၊ ဈေးသားတို့က လူသွားလမ်းများအပေါ်ရောက်အောင် မိမိတို့၏ ကုန်ပစ္စည်းတို့ကို တည်ခင်းရောင်းချနေခြင်းတို့ကြောင့် လူသွားလူလာ ပိတ်ဆို့ခြင်းတို့ ဖြစ်ပေါ်လျက်ရှိနေပြီး ဈေးလမ်းမကြီး တစ်လျှောက်၌လည်း မော်တော်ယာဉ်များနှင့် ဆိုင်ကယ်များက စည်းကမ်းမဲ့စွာ သွားလာနေခြင်းတို့ လုပ်ဆောင်လျက်ရှိနေကြောင်း သိရသည်။

"ပြင်ဦးလွင်မြို့ ဆိုတာ ပြည်တွင်းပြည်ပ ဧည့်သည်တွေ အများအပြား ဝင်ထွက်သွားလာ လည်ပတ်နေကြတဲ့ မြို့တစ်မြို့ပါ။ အခုတော့ မြို့မဈေးကြီးက ပျက်စီးယိုယွင်းနေတဲ့အပြင် ဈေးရောင်းချသူတွေရော ဈေးဝယ်လာကြတဲ့ သူတွေပါ စည်းကမ်းမဲ့နေကြလို့ မြို့ရဲ့ဂုဏ်ကျက်သရေကို ထိခိုက်ညှိုးနွမ်းစေတဲ့ နေရာတစ်ခုအဖြစ်နဲ့ တည်ရှိနေတာကိုမြင်တွေ့နေရလို့ စိတ်မကောင်းဖြစ်မိတယ်။ ဒါတွေကို သက်ဆိုင်ရာက ပြုပြင်ဆောင်ရွက်ပေးနိုင်ဖို့ မျှော်လင့်မိပါတယ်" ဟု မြို့နေပြည်သူတစ်ဦးက ပြောသည်။ **သက်နိုင် (ပြင်ဦးလွင်)**



## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ စီမံခန့်ခွဲပိုင်ခွင့်ရှိသော အောင်မြေသာစံမြို့နယ် ၈၄လမ်း×၂၆လမ်းထောင့်ရှိ အဆောက်အအုံ၏ ပထမထပ် သီရိမင်္ဂလာခန်းမအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ငှားရမ်းသွားမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းလုပ်ငန်းအား အောက်ပါအတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်-

(က) **လျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၇-၁-၂၀၁၉ရက်
(ခ) **လျှောက်လွှာနောက်ဆုံးအပ်နှံရမည့်ရက်/အချိန်** - ၂၅-၁-၂၀၁၉ရက် မွန်းတည့် ၁၂း၀၀ နာရီ
(ဂ) **အိတ်ဖွင့်တင်ဒါကျင်းပမည့်နေရာ** - မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အစည်းအဝေးခန်းမ
(ဃ) **တင်ဒါဖွင့်ဖောက်စစ်ဆေးမည့်ရက်/အချိန်** - ၂၈-၁-၂၀၁၉ရက် (၁၃း၀၀)နာရီ

၃။ အထက်ပါ တင်ဒါလျှောက်လွှာတစ်စုံလျှင် ကျပ် ၂၀၀၀ိ/-နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စီမံရေးရာဌာန ဖုန်း-၀၂-၄၀၆၄၇၅၀သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တင်ဒါကော်မတီသည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ စီမံခန့်ခွဲပိုင်ခွင့်ရှိသော ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်အမှတ် ၁ရပ်ကွက်၊ အကွက်အမှတ် ၈-၇၊ သိပ္ပံလမ်း (၆၉×၇၀)လမ်းကြားရှိ Mandalay Convention Centre အားနှစ်ရှည်ငှားရမ်းချထားရန်အတွက် ပြည်တွင်း/ပြည်ပကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းလုပ်ငန်းအား အောက်ပါအတိုင်းကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး တင်ဒါလျှောက်လွှာ (၁)စုံလျှင် ကျပ် ၅၀၀၀ိ/နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။ သိရှိလိုသောအသေးစိတ်အချက်အလက်များကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စီမံရေးရာဌာန၊ ဖုန်း-၀၂-၄၀၆၄၇၅၀သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်-

(က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၇-၁-၂၀၁၉ရက်
(ခ) **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်/အချိန်** - ၂၅-၁-၂၀၁၉ရက် ၁၂း၀၀နာရီ
(ဂ) **အိတ်ဖွင့်တင်ဒါကျင်းပမည့်နေရာ** - မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အစည်းအဝေးခန်းမ
(ဃ) **တင်ဒါဖွင့်ဖောက်စစ်ဆေးမည့်ရက်/အချိန်** - ၂၈-၁-၂၀၁၉ရက် ၀၉း၀၀နာရီ

**တင်ဒါကော်မတီ**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**


ဝန်ထမ်းအမြန်အလိုရှိသည်။
ပြည်တွင်းဦးသာခန့်ထားရန်၊ မြန်မာငွေကျပ်ဖြင့်
Sanchaung Garden Development Group Co.,Ltd.
လုံခြုံရေးဝန်ထမ်း မ(၁၀)ဦး အလိုရှိသည်။
ရဲဝန်ထမ်း(အငြိမ်းစား)၊ အသက်(၂၅)မှ(၄၅)နှစ်ကြားရှိသူဖြစ်ရမည်။
လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်။
လျှောက်လွှာနှင့်အတူအောက်ပါစာရွက်စာတမ်းများပူးတွဲတင်ပြရမည်။
(၁) သက်ဆိုင်ရာဘွဲ့လက်မှတ်မိတ္တူ
(၂) ဓာတ်ပုံ (၂)ပုံ
(၃) အကျင့်စာရိတ္တကောင်းမွန်ကြောင်းသက်ဆိုင်ရာရပ်ကွက်၊ ရဲစခန်းထောက်ခံချက်
(၄) မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ လေဘာမိတ္တူတို့ဖြင့်


## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း(တည်ဆောက်ရေး)ရန်ပုံငွေဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်း ၅၃၈ ကျောင်းတွင် ကျောင်းဆောင်သစ်များ ဆောက်လုပ်ရန် တင်ဒါ(အိတ်ဖွင့်)စနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါများကို အောက်ပါအတိုင်း ရောင်းချပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၂-၄၀၃၉၂၈၈၊ ၀၂-၄၀၃၃၇၈၄၊ ၀၂-၄၀၃၉၁၇၂တို့သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်-

(က) **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** -၂၆-၁၂-၂၀၁၈ရက်မှ ၂၄-၁-၂၀၁၉ရက်ထိ
(ခ) **တင်ဒါအဆိုပြုလွှာတင်သွင်းရန်ပိတ်မည့်ရက်** - ၂၅-၁-၂၀၁၉ရက် ညနေ ၄း၃၀နာရီ
(ဂ) **တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ** - တိုင်းဒေသကြီးပညာရေးမှူးရုံး၊ မန္တလေးမြို့၊ လမ်း(၃၀×၆၈)ထောင့်၊ မန္တလေးမြို့

**တင်ဒါခေါ်ယူရေးနှင့်စိစစ်ရွေးချယ်ရေးအဖွဲ့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရန်ကုန်တိုင်းဒေသကြီးအစိုးရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေရရှိရေးနှင့်ရေပေးဝေရေးလုပ်ငန်းတာဝန်ခံအဖွဲ့၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)တွင် အသုံးပြုရန်အတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို ဌာနအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Anthracite Coal | (၉၆)တန် |
| (ခ) | ရေမီတာ(၇)မျိုးနှင့် Test Kit | (၆၅၈၈၈)လုံး |
| (ဂ) | Transformer | (၆)စုံ |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂-၁-၂၀၁၉ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၈-၁-၂၀၁၉ရက် ၁၂း၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရန် ဖြစ်ပါသည်။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်) ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၁-၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်-မန္တလေးတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများ၊ ဖြည့်စွက်လုပ်ငန်းများဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၁။ ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း (၁၅၃'×၃၄'×၄၂')ခြောက်ခန်းတွဲ (၄)ထပ် RC
၂။ 500KVA Transformer ဓာတ်အားခွဲရုံ(၁)ရုံ တည်ဆောက်ခြင်းနှင့် ဓာတ်အားလိုင်းများ တပ်ဆင်ခြင်းလုပ်ငန်း
၃။ သရဖီဆောင် လူ (၂၀၀)ဆံ့သုံးထပ်အိပ်ဆောင် (ကျောင်းသူဆောင်) RC အုတ်တံတိုင်းကာရံခြင်း (၈၃၂'×၆')
၄။ သရဖီဆောင် လူ(၂၀၀)ဆံ့သုံးထပ်အိပ်ဆောင်တွင်ဂါလန် ၆၀၀၀ဆံ့ RC ရေစင်တည်ဆောက်ခြင်း(၁၃'×၁၃'×၄၆')

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၈-၁၂-၂၀၁၈ရက်မှစ၍ ရုံးချိန်အတွင်း ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်-မန္တလေးတွင် လာရောက်ဝယ်ယူနိုင်ပြီး ၂၈-၁-၂၀၁၉ရက် ညနေ ၄း၃၀ နာရီနောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းများအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရမည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၉-၂၀၀၀၂၁၂၊ ၀၂-၅၇၀၁၃သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9N/3417 ယာဉ်မှတ်ပုံတင် အမည်ပေါက်သူ UNITED ARGRICULTURAL PRODUCTS CO., LTD က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ငွေလုံးငွေရင်း(ပရိဘောဂ) ရန်ပုံငွေဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသုံးစာသင်ခုံ(ပရိဘောဂ)များ ဆောင်ရွက်ရန် တင်ဒါ(အိတ်ဖွင့်)စနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါများကို အောက်ပါအတိုင်း ရောင်းချပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၂-၄၀၃၉၂၈၈၊ ၀၂-၄၀၃၃၇၈၄၊ ၀၂-၄၀၃၉၁၇၂ သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

(က) **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၂၆-၁၂-၂၀၁၈ရက်
(ခ) **တင်ဒါအဆိုပြုလွှာတင်သွင်းရန်ပိတ်မည့်ရက်** - ၂၄-၁-၂၀၁၉ရက် ညနေ ၄း၃၀ နာရီ
(ဂ) **တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ** - တိုင်းဒေသကြီးပညာရေးမှူးရုံး မန္တလေးမြို့၊ လမ်း(၃၀×၆၈)ထောင့်၊ မန္တလေးမြို့

**တင်ဒါခေါ်ယူရေးနှင့်စိစစ်ရွေးချယ်ရေးအဖွဲ့**

## ကွန်ပျူတာတက္ကသိုလ်(မုံရွာ) ဒသမအကြိမ်ဘွဲ့နှင်းသဘင် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ကွန်ပျူတာတက္ကသိုလ်(မုံရွာ)မှ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် B.C.Sc/B.C.Tech ဘွဲ့သင်တန်းစာမေးပွဲအောင်မြင်ပြီးသူများအတွက် ကွန်ပျူတာတက္ကသိုလ်(မုံရွာ)၏ ဒသမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို ကွန်ပျူတာတက္ကသိုလ်(မုံရွာ)၊ ဇေယျာသီရိခန်းမ၌ ၉-၂-၂၀၁၉ရက် (စနေနေ့)တွင် အစမ်းလေ့ကျင့်ပွဲနှင့် ၁၀-၂-၂၀၁၉ရက်(တနင်္ဂနွေနေ့)၊ ၁၁-၂-၂၀၁၉ရက်(တနင်္လာနေ့)တို့တွင် ဘွဲ့နှင်းသဘင်ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ဘွဲ့နှင်းသဘင်လျှောက်လွှာလျှောက်ထားလိုသူများသည် ကွန်ပျူတာတက္ကသိုလ်(မုံရွာ)တွင် သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် သုံးလအတွင်းရိုက်ကူးထားသည့် ၂လက်မ×၁လက်မခွဲအရွယ် ရောင်စုံဓာတ်ပုံ(၅)ပုံ ပူးတွဲ၍ ဘွဲ့နှင်းသဘင်တက်ရောက်ရန်(သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန်ဟု ထင်ရှားစွာဖော်ပြလျက် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၈ ရက်နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြပါသည်။

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ ၁၅၀၀/-(ကျပ်တစ်ထောင့်ငါးရာတိတိ)၊ အဝေးရောက်ဘွဲ့ ၁၀၀၀/-(ကျပ်တစ်ထောင်တိတိ)ကို ကွန်ပျူတာတက္ကသိုလ်(မုံရွာ)၊ ငွေစာရင်းဌာနတွင် ပေးသွင်းရမည်။

၄။ ယခင်နှစ်များက ဘွဲ့ရစာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်သည်။

၅။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်တွင်မှသာ ထုတ်ပေးမည်ဖြစ်သည်။

၆။ ရပ်ဝေးမှ ဘွဲ့နှင်းသဘင်လျှောက်လွှာပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ (Postal Money Order) ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာအောက်ခြေတွင် 'ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း'ဟုဖော်ပြပြီး ကွန်ပျူတာတက္ကသိုလ်(မုံရွာ)သို့လိပ်မူ၍ လျှောက်လွှာရှင်၏အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ် အထူးပြုဘာသာ၊ ပညာသင်နှစ်၊ အောင်မြင်သည့်ခုနှစ်နှင့်လ၊ နေရပ်လိပ်စာအပြည့်အစုံကို တိကျစွာဖော်ပြရမည်။ (ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ။)

၇။ ဘွဲ့နှင်းသဘင်ကျင်းပမည့် အသေးစိတ်အစီအစဉ်များကို ကွန်ပျူတာတက္ကသိုလ်(မုံရွာ) ကျောင်းသားရေးရာဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၉-၉၆၃၀၀၈၄၇၈သို့ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဒေါက်တာနုနုတင်**
**မော်ကွန်းထိန်း**
**ကွန်ပျူတာတက္ကသိုလ်(မုံရွာ)**

## ဆောက်လုပ်ရေးဝန်ကြီးဌာန မွန်ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယအကြိမ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် မွန်ပြည်နယ်အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက်လမ်း/တံတားလုပ်ငန်းများအတွက် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံသားကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်**- ၃-၁-၂၀၁၉ရက်
**တင်ဒါလျှောက်လွှာရောင်းချမှုပိတ်သိမ်းမည့်ရက်** - ၁၈-၁-၂၀၁၉ရက်
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၃-၁-၂၀၁၉ရက်

၃။ တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မွန်ပြည်နယ်၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဖုန်း-၀၅၇-၂၀၂၅၈၂၆ သို့ ရုံးချိန်အတွင်း လာရောက်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးရွေးချယ်ရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန နည်းပညာတက္ကသိုလ် (တောင်ကြီး) (၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ နည်းပညာတက္ကသိုလ်(တောင်ကြီး)၏ ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း နည်းပညာတက္ကသိုလ်(တောင်ကြီး)၏ ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်သည်။

**အကြိုလေ့ကျင့်ခြင်း** - ၁၆-၂-၂၀၁၉ရက် (စနေနေ့) နံနက် ၉နာရီ
**ဘွဲ့နှင်းသဘင်ကျင်းပခြင်း** - ၁၇-၂-၂၀၁၉ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီ

